ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ စနေနေ့ (16-3-2013) (၇၄၂၆)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်နိုင်ငံတော်ကောင်စီဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၁၅

၂၀၁၃ ခုနှစ် မတ် ၁၅ ရက်တွင် (၁၂)ကြိမ်မြောက် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်အဖြစ် မစ္စတာ လီခချန်အား ရွေးချယ်တင်မြှောက်ခဲ့ခြင်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ လီခချန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဒီမိုကရေစီနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် နယူးဇီလန်နိုင်ငံက ကူညီဆောင်ရွက်သွားမည်

နေပြည်တော် မတ် ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် မတ် ၁၅ ရက် မွန်းလွဲပိုင်းတွင် နယူးဇီလန်နိုင်ငံ အော့ကလန်မြို့ရှိ လန်ဂမ်ဟိုတယ်၌ နယူးဇီလန်နိုင်ငံဝန်ကြီးချုပ် မစ္စတာဂျွန်ကီး(ယာပုံ)နှင့် တွေ့ဆုံဆွေးနွေးသည်။



စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ သတ္တုတွင်း၊ ရေအားလျှပ်စစ်၊ ဘူမိစွမ်းအင်ကဏ္ဍများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို အပြန်အလှန်အမြင်ချင်းဖလှယ်။

ရှေးဦးစွာ နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ်က မိမိ၏ မြန်မာနိုင်ငံ ခရီးစဉ်ပြီးသည့်နောက် ယခုကဲ့သို့ ပြန်လည်လာရောက်လည်ပတ်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ပြုပြင်ပြောင်းလဲမှုများအပေါ် အသိအမှတ်ပြုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ရရှိပြီးအောင်မြင်မှုများကို ခိုင်မာစွာ တည်ဆောက်ရန်အတွက် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် နယူးဇီလန်နိုင်ငံက ပါဝင်ကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် သံအမတ်ကြီးထားရှိနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့သည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးသည် နှစ်ပေါင်း(၅၀)ကျော်ရှိခဲ့ပြီဖြစ်ကြောင်း၊ သို့သော် ပြီးခဲ့သည့် နှစ်ပေါင်း(၂၀)ကာလအတွင်းတွင် ကျင့်သုံးခဲ့သည့် နိုင်ငံရေးစနစ်ချင်း မတူညီခဲ့ခြင်းကြောင့် နှစ်နိုင်ငံဆက်ဆံရေးမှာ တိုးတက်သင့်သလောက် မတိုးတက်ခဲ့ပါကြောင်း၊ မိမိတို့ အစိုးရသစ်တာဝန်ယူပြီးချိန်တွင် ဒီမိုကရေစီအသွင် ကူးပြောင်းရေးလုပ်ငန်းများ ဆောင်ရွက်သကဲ့သို့ နိုင်ငံတကာ ဆက်ဆံရေးများကိုလည်း တိုးတက်အောင် ဆောင်ရွက်ခဲ့ကြောင်း။

အဆွေတော် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သည့် ခရီးစဉ်နှင့် ယခုမိမိလာရောက်လည်ပတ်သည့် ခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေးအတွက် သမိုင်းဝင်ခရီးစဉ်များပင်ဖြစ်ကြောင်း၊ အနာဂတ်တွင် နှစ်နိုင်ငံဆက်ဆံရေးကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို ဖယ်ရှားနိုင်ရေးအတွက် နယူးဇီလန်နိုင်ငံ၏ ထောက်ခံအားပေးမှုနှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံကို BURMA အစား တရားဝင်အမည်ဖြစ်သည့် MYANMAR ဟု ပြောင်းလဲသုံးစွဲခေါ်ဝေါ်ခဲ့ခြင်းနှင့်ပတ်သက်၍လည်း မြန်မာပြည်သူများနှင့် မိမိတို့အစိုးရက အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် နယူးဇီလန်နိုင်ငံဝန်ကြီးချုပ်တို့သည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ သတ္တုတွင်း၊ ရေအားလျှပ်စစ်၊ ဘူမိစွမ်းအင်ကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို အပြန်အလှန်အမြင်ချင်းဖလှယ်ခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် နယူးဇီလန်နိုင်ငံဝန်ကြီးချုပ်တို့သည်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ယနေ့ မာတိကာ

အမေရိကန်ရုပ်သံလိုင်းအတွက် ဒရာမာကားသစ် ဖန်တီးပေးမည့် အော်စကာဆုရှင် ဒါရိုက်တာ အန်းလီ

စာမျက်နှာ - ၁၂

ချယ်လ်ဆီး၊ နယူးကာဆယ်နှင့် စပါးယူရိုပါလိဂ် ကွာတားဖိုင်နယ်တက်ပြီ

စာမျက်နှာ - ၁၃

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုမပြိုကွဲရေးတို့ဟာ အစွန့်ရှည်လာမယ်လို့ လုံးဝယုံကြည် ပြည်ထောင်စု Channel ထုတ်လွှင့်မှုကြောင့် တိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးလာမယ်

ပြည်နယ်အစိုးရနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များပူးပေါင်း၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုင်းရင်းသားရုပ်သံလိုင်းတစ်ခု ထုတ်လွှင့်ရေးညှိနှိုင်းအစည်းအဝေးကို မတ် ၁၀ ရက်က ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးအပြီးတွင် တက်ရောက်လာသူအချို့အား သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့ပါသည်-

တွေ့ဆုံမေးမြန်း - သတင်းအဖွဲ့

ဦးထန်ပြည်လွယ် (ဥက္ကဋ္ဌ၊ ချင်းစာပေနှင့် ယဉ်ကျေးမှု)

မေး။ ဆရာ့ နာမည်နဲ့ ရာထူးကို သိပါရစေ။

ဖြေ။ ကျွန်တော့်နာမည်က ဦးထန်ပြည်လွယ်ဖြစ်ပါတယ်။ ချင်းစာပေနဲ့ ယဉ်ကျေးမှုဥက္ကဋ္ဌပါ။

မေး။ ပြည်ထောင်စု Channel ထုတ်လွှင့်မှုအပေါ် ဆရာ့အမြင်ကို သိပါရစေ။

ဖြေ။ ဒီပြည်ထောင်စု Channel ဟာ ကျွန်တော်တို့ တိုင်းရင်းသားများ နှစ်ပေါင်းများစွာက မျှော်လင့်ထားတဲ့ အစီအစဉ်တစ်ခုဖြစ်တဲ့အတွက် လှိုက်လှိုက်လှဲလှဲကြိုဆိုပါတယ်။

မေး။ ဒီပြည်ထောင်စု Channel ထုတ်လွှင့်ဖို့အတွက် ဘာတွေပြင်ဆင်ဖို့လိုအပ်ပါသလဲ။ ဆရာ့အနေနဲ့ အကြံပြုချက်လေးများရှိရင် သိပါရစေ။

ဖြေ။ ဒီပြည်ထောင်စု Channel ထုတ်လွှင့်ဖို့အတွက် သင်တန်းက အလွန်အရေးကြီးပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားများဟာ သတင်းကြေညာဖို့ဆိုရင် စိန်အရိုင်းတုံးလေးတွေလို့မြင်ပါတယ်။ ဒီစိန်အရိုင်းတုံးလေးများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက သင်တန်းများပေးသွားမယ်ဆိုရင် အင်မတန်မှ တောက်ပြောင်တဲ့ စိန်အရိုင်းတုံးလေးများ ဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။ သင်တန်းက အဓိကကျပါတယ်။

မေး။ ဒီပြည်ထောင်စု Channel ထုတ်လွှင့်မှုဟာ ဒေသခံတိုင်းရင်းသားတွေအတွက် ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိနိုင်မလဲဆိုတာ သိပါရစေ။

ဖြေ။ ဒီပြည်ထောင်စု Channel ထုတ်လွှင့်မှုဟာ တိုင်းရင်းသားတွေ မမြင်ဖူး၊ မကြုံဖူးတာတွေ မြင်ရမယ်၊ မကြားဖူးတဲ့ သတင်းတွေကြားရမယ်။ အဲ့ဒီအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုမပြိုကွဲရေးတို့ဟာ အစွန့်ရှည်လာမယ်လို့ လုံးဝယုံကြည်ပါတယ်။

ဦးစိုင်းအောင်ဆာ (ဥက္ကဋ္ဌ၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်း)

မေး။ ဆရာ့နာမည်နဲ့ ရာထူးကိုသိပါရစေ။

ဖြေ။ ကျွန်တော့်နာမည်က ဦးစိုင်းအောင်ဆာပါ။ ရှမ်းစာပေနဲ့ ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌဖြစ်ပါတယ်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✱



ကြေးမုံ စာတည်းရှုထောင့် ၁၆-၃-၂၀၁၃ [စနေနေ့]

အခြေခံကောင်းများကို အားပြုဆောင်ရွက်

မြန်မာနိုင်ငံတွင် ဒီမိုကရေစီလုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သောကြောင့် စီးပွားရေးအခွင့်အလမ်းကောင်းများ၊ နိုင်ငံရေးအခွင့်အလမ်းကောင်းများ တိုးတက်ကောင်းမွန်စွာဖြစ်ထွန်းလာပေသည်။

ထိုကြိုးပမ်းဆောင်ရွက်မှုများကို ကမ္ဘာ့နိုင်ငံများက လေ့လာစောင့်ကြည့်လျက်ရှိရာ နိုင်ငံအများ လက်ခံနိုင်လောက်သည့် အနေအထားကောင်းများကို ဆောင်ရွက်နိုင်ခဲ့သည်ကို နိုင်ငံ့ခေါင်းဆောင်များ၏ ပြည်ပခရီးစဉ်များ၌ ခိုင်မာစွာ ထုတ်ဖော်ပြနိုင်ခြင်းတို့က သက်သေပြနိုင်ခဲ့သည်။

မြန်မာနိုင်ငံ၏ တိုးတက်ဖော်ဆောင်မှုများနှင့်ပတ်သက်၍ မတ်လ ၁၃ ရက်နေ့က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက "အခြားနိုင်ငံများနည်းတူ ၂၀ ရာစုနှစ်တွင် မြန်မာနိုင်ငံပြည်သူများသည်လည်း တည်ငြိမ်အေးချမ်းမှုနှင့် သာယာဝပြောမှုကိုလိုလားပါကြောင်း၊ ယင်းမျှော်လင့်ချက်များသည် မိမိတို့၏ ပြုပြင်ပြောင်းလဲရေးဖော်ဆောင်မှုမှ တစ်ဆင့် ရရှိလာမည်ဖြစ်ပါကြောင်း" ပြောကြားသွားခဲ့သည်။

မြန်မာပြည်သူများအနေဖြင့် ဖွံ့ဖြိုးတိုးတက်ပြီး အခြားနိုင်ငံများနည်းတူ အခွင့်အလမ်းကောင်းများ ရရှိနိုင်တော့မည်။ ယင်းမှာ မြန်မာနိုင်ငံ၏ လက်တွေ့ကျသော ပြုပြင်ပြောင်းလဲရေးဖော်ဆောင်နိုင်မှုများကြောင့် ဖြစ်သည်ကို ယနေ့မြင်တွေ့နေရသည့် အနေအထားကောင်းများက ထင်ဟပ်ပြသလျက်ရှိသည်။

နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် လိုအပ်သော ဥပဒေများပြုပြင်ပြောင်းလဲခြင်း၊ နိုင်ငံရေးဖော်ဆောင်မှုတွင် နိုင်ငံရေးပါတီအားလုံး ပါဝင်လာနိုင်ခြင်း၊ လွှတ်တော်တွင်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိခြင်း၊ အကျဉ်းသားများစွာကို လွတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်ခြင်း၊ မီဒီယာကန့်သတ်မှုကို လျှော့ချပေးနိုင်ခြင်း၊ လွတ်လပ်စွာ ပြောဆိုလာနိုင်ခြင်း၊ အဖွဲ့အစည်းများဖွဲ့စည်းထူထောင်ခွင့်ပြုပေးနိုင်ခြင်း၊ ထာဝရငြိမ်းချမ်းရေးရရှိရန် ငြိမ်းချမ်းရေးဖော်ဆောင်မှုများ ပြုလုပ်ပေးနိုင်ခြင်း စသည်တို့ကို ပြုပြင်ပြောင်းလဲဆောင်ရွက်လာနိုင်သောကြောင့် နိုင်ငံရေးအခွင့်အလမ်းကောင်းများ တိုးတက်ပေါ်ထွန်းလာသည်ဟု ဆိုရမည်ဖြစ်သည်။

ဆက်လက်၍ မဖြစ်မနေ ပြုပြင်ပြောင်းလဲဖော်ဆောင်နေသည့် လုပ်ငန်းများမှာ စီးပွားရေးလုပ်ငန်းများဖြစ်သည်။ လက်ရှိလူဦးရေ သန်းပေါင်း ၆၀ ခန့်မှနေ၍ တစ်နေ့တခြားတိုးပွားလာမည့် ပြည်သူများ လူမှုဘဝမြင့်မားတိုးတက်ရေးအတွက် စီးပွားရေးအခွင့်အလမ်းကောင်းများ တိုးတက်ရရှိစေရန် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်မြင့် ဆောင်ရွက်နေသည်မှာလည်း အထင်အရှားဖြစ်သည်။

မြန်မာနိုင်ငံတွင် ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကမ်းလွန်နှင့်ကုန်းတွင်းတွင်းထွက်ပစ္စည်း၊ ကျောက်သံပတ္တမြား၊ ရွှေငွေ၊ ကျောက်မီးသွေးနှင့် ကျောက်စိမ်းများအပါအဝင် သဘာဝအရင်းအမြစ်များ ပေါများကြွယ်ဝသဖြင့် အဆိုပါ သယံဇာတအရင်းအမြစ်များကို ထိရောက်စွာအသုံးချ၍ ရင်းနှီးမြှုပ်နှံမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အားစိုက်ဆောင်ရွက်နေသည်မှာလည်း နိုင်ငံနှင့်ပြည်သူပြည်သားများ အကျိုးစီးပွားအတွက် ဆောင်ရွက်နေခြင်းဖြစ်သည်။

ပထဝီအနေအထားအရ မြန်မာနိုင်ငံသည် အင်အားကြီးနိုင်ငံကြီးနှစ်နိုင်ငံကြားတွင် တည်ရှိနေပေသည်။ အရှေ့-အနောက်-တောင်-မြောက် စီးပွားရေးစင်္ကြံတို့ကို အောင်မြင်စွာ ဖောက်ထွက်နိုင်မည်ဆိုလျှင် နိုင်ငံတကာစီးပွားရေးဈေးကွက်ထဲသို့ အောင်မြင်စွာဝင်ရောက်နိုင်မည်ကို ဒုတိယသမ္မတက ခရီးစဉ်အတွင်း မြန်မာနိုင်ငံ၏စီးပွားရေးမဟာဗျူဟာကို ထုတ်ဖော်ပြောကြားနိုင်ခဲ့သည်။

သို့ဖြစ်ရာ မိမိတို့နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးအခြေခံကောင်းများကို အားပြု၍ နိုင်ငံ့ခေါင်းဆောင်များက ကြိုးပမ်းအားထုတ်လျက်ရှိသည့်နည်းတူ နိုင်ငံသားအားလုံးကလည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့အသံကိုနားထောင် ပြုပြင်ပြောင်းလဲမှုများ အလေးထားဆောင်ရွက်

ရန်ကုန် မတ် ၁၅

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အရာထမ်းများနှင့်တွေ့ဆုံပွဲကို ယမန်နေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် ဌာနမှူးများက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်ပတ်သက်၍ ဖြေလျှော့ပေးမည့် အစီအစဉ်များနှင့် One Stop Service ဆောင်ရွက်ပေးမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအောက်ရှိ ဌာနများသည် ပြည်သူလူထုနှင့် အမြဲကထိတွေ့နေရသည့် ဌာနများဖြစ်သဖြင့် ပြည်သူ့ဗဟိုပြု ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ လုပ်ငန်းကိစ္စအဝဝကို ဖြည့်ဆည်းဆောင်ရွက်ပေးမှသာ ပြည်သူကယုံကြည်အားကိုးသော ဌာနဖြစ်လာမည်ဖြစ်ကြောင်း၊ မြို့တော်စည်ပင်သာယာရေးလုပ်ငန်းများအား ဖြေလျှော့မှုများဆောင်ရွက်ပြီး One Stop Service စနစ်အား စတင်ဆောင်ရွက်နေပြီ ဖြစ်သော်လည်း ထပ်မံ၍ ပြုပြင်စရာများရှိနိုင်ကြောင်း၊ ပြည်သူ့အသံကိုနားထောင်၍ ပြုပြင်ပြောင်းလဲမှုများကို အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အထက်ဌာနက မူဝါဒများ ပြောင်းလဲချမှတ်သည့်အပေါ် အောက်ခြေ ဝန်ထမ်းများကပါ လုပ်ငန်းပိုင်းသာမက စိတ်ဓာတ်ပါ ပြောင်းလဲဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မိမိ၏လုပ်ငန်းကျွမ်းကျင်မှု၊ လုပ်ငန်းစွမ်းဆောင်ရည် ပြည့်ဝမှုများနှင့်အတူ ပြည်သူလူထုအား အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရေး ကြိုးစားဆောင်ရွက်သွားရန်မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုဘိုင်းဖုန်းများ ဈေးနှုန်းချိုသာစွာဖြင့်ရောင်းချမည်

ရန်ကုန် မတ် ၁၅

မိုဘိုင်းဖုန်း Sim Card များကို မကြာမီ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတော့မည် ဖြစ်သည်။ Sim Card များ ထည့်သွင်းအသုံးပြုရန် အရည်အသွေးကောင်းမွန်ပြီး တာရှည်အသုံးပြုနိုင်မည့် ဟန်းဆက်များကို ZYP ဖုန်းဆိုင်မှ (၈)နှစ်ပြည့်အထူးအဖြစ် ရောင်းချမည်ဟုသိရသည်။

ZYP ဖုန်းဆိုင်မှ အာမခံအပြည့်အဝပါရှိသည့် ဖုန်းများကို ဝယ်ယူသူများအနေဖြင့် Application, Game, Myanmar Font, Jailbreak, Rooting များကို အခမဲ့ ဝန်ဆောင်မှုများ ရရှိမည့်အပြင် Memory Card 4GB/8GB နှင့်ကျပ် ၅၀၀၀ တန် ငွေဖြည့်ကတ် စသည်တို့ကို မေတ္တာလက်ဆောင်ရရှိမည်ဖြစ်သည်။

အောင်ကျော်ဝင်း(ကြေးမုံ)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့



တနင်္သာရီတိုင်းဒေသကြီး၌ နိုင်ငံ့စွမ်းဆောင်ရည်ဆုရွေးချယ်ရေး ဆောင်ရွက်လျက်ရှိ

ရန်ကုန် မတ် ၁၅

နိုင်ငံတော်သမ္မတ၏ စွမ်းဆောင်ရည်ဆုချီးမြှင့်ရေး စိစစ်ရွေးချယ်ရေးကော်မတီ မြို့ပြ/ကျေးရွာအဆင့်ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးနှင့်စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်သည် မတ် ၁၃ ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရိပ်သာ၌ ပဏာမဆုရွေးချယ်ရေးအဖွဲ့ဝင်များအား တွေ့ဆုံရာတွင် ဆုရွေးချယ်ရေးအဖွဲ့အနေဖြင့် ဒေသအကျိုး၊ ပြည်သူများ၏အကျိုးကို စွမ်းဆောင်နေသည့် ပုဂ္ဂိုလ်များအား အမှန်ဖြစ်အောင် ရွေးချယ်ကြရန် လိုအပ်ကြောင်း၊ အမှန်တကယ် ထိုက်ထိုက်တန်တန် ပေးသင့်သည့် ပုဂ္ဂိုလ်မျိုးကို ပေးအပ်နိုင်မှသာ ဆု၏ဂုဏ်ဒြပ်က ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျွန်းစုမြို့နယ် ပထက်ကျေးရွာရှိ ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၏ ငါး၊ ပုစွန်တန် ၁၀၀၀ အအေးခန်းစက်ရုံ၊ ကဏန်းပျော့နှင့် ကျောက်ငါးမွေးမြူရေးလုပ်ငန်း၊ ငါးအမှုန့်ကြိတ်စက်၊ သစ်အချောထည်စက်ရုံ၊ သစ်ခွဲစက်လုပ်ငန်း၊ မြေပေါ်လွန်းကျင်းနှင့် ရေလုံလွန်းကျင်းလုပ်ငန်းများကို ကြည့်ရှုပြီး မွေးမြူရေးစွမ်းဆောင်ရည်ဆုရွေးချယ်ရေးအဖွဲ့၏ စံသတ်မှတ်ချက်များနှင့် အမှတ်ပေးဇယားများနှင့်အညီ အမှတ်ပေးရွေးချယ်ထားမှုများကို စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းရေးရာ

မြန်မာနိုင်ငံစီးပွားရေးပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ရာတွင် အရင်းအနှီး၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်တို့ လိုအပ်

နေပြည်တော် မတ် ၁၅

နယူးဇီလန်နိုင်ငံ အော့ကလန်မြို့၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် မတ် ၁၅ ရက် နံနက်ပိုင်းတွင် Fonterra Company သို့ရောက်ရှိကြရာ ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် Mr. Theo Spierings နှင့် ဥက္ကဋ္ဌ Mr. John Wilson က ဖောင်တီရာကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများ၌ အထောက်အကူဖြစ်စေရန်အတွက် နို့စားနွားများကို တစ်ပိုင်တစ်နိုင် မွေးမြူနိုင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည့် အလားအလာများ၊ ရှမ်းပြည်နယ်အတွင်း ပြည်နယ်ဖွံ့ဖြိုးရေးအတွက် နွားမွေးမြူရေးလုပ်ငန်းကြီးများနှင့် နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံနိုင်မည့် အလားအလာများ၊ မြန်မာနိုင်ငံတွင် တစ်ဦးချင်း နွားနို့သောက်သုံးမှုနှုန်းထားမြင့်မားရေးနှင့် ကလေးငယ်များ၏ ကာယ၊ ဉာဏ စွမ်းအားမြင့်မားရေးအတွက် နို့တိုက်ကျွေးနိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

Fonterra Company သည် နှစ်ပေါင်း(၁၀၀)သက်တမ်းရှိသည့် မွေးမြူရေးနှင့်သမဝါယမအသင်းနှစ်ခုတို့ကို ၂၀၀၁ခုနှစ်တွင် ပေါင်း၍ နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်ရေးသမဝါယမအသင်းကြီးအဖြစ် ဖွဲ့စည်းခဲ့ပြီး မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၅၀၀ တို့၏ အစုရှယ်ယာဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် အကြီးမားဆုံး နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းကြီးဖြစ်ပြီး နယူးဇီလန်နိုင်ငံရှိ စက်ရုံ ၂၇ ရုံမှ တစ်နှစ်လျှင် နွားနို့ ၁၇ ဘီလီယံလီတာကို ပြုပြင်ထုတ်လုပ်လျက်ရှိပြီး နိုင်ငံပေါင်း ၁၀၀ သို့ ဖြန့်ချိနိုင်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် အော့ကလန်တက္ကသိုလ်သို့ ရောက်ရှိကြရာ တက္ကသိုလ်မှ Professor, Stuart McCutcheon နှင့် တာဝန်ရှိသူများကရှင်းလင်းတင်ပြကြသည်။**(အပေါ်ယာပုံ)**

ယင်းနောက် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံစီးပွားရေး ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ရာတွင် အရင်းအနှီး၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်တို့လိုအပ်ကြောင်း၊ ၎င်းတို့အနက် အရင်းအနှီးနှင့်နည်းပညာကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများထံမှ ရရှိနိုင်ကြောင်း၊ သို့သော်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ပညာရေးကဏ္ဍမှသာ မွေးထုတ်ပေးနိုင်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင်ရှိပြီးဖြစ်သည့် တက္ကသိုလ်များကို အဆင့်မြှင့်တင်ခြင်း၊ တက္ကသိုလ် ခြောက်ခုကို Centre of Excellent များအဖြစ် ပြောင်းလဲဖွဲ့စည်းရန် ဆောင်ရွက်နေကြောင်း၊ တက္ကသိုလ်များ အဆင့်မြှင့်တင်နိုင်ရေးအတွက် အမေရိကန်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့မှ တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နယူးဇီလန်နိုင်ငံ အော့ကလန်တက္ကသိုလ်အနေဖြင့်လည်း မြန်မာနိုင်ငံတက္ကသိုလ်များနှင့်ချိတ်ဆက်ပြီး ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံမှ ပညာတော်သင်ကျောင်းသားအချို့ လာရောက်သင်ကြားနေသည်ကိုသိရှိရကြောင်း၊ နောင်တွင် ပညာသင်များကို ယခုထက်ပိုမိုလက်ခံပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာမြအေး၊ ဒေါက်တာကိုကိုဦး၊ ဒေါက်တာကံဇော်နှင့် ဒုတိယဝန်ကြီး ဦးဝင်းမြင့်တို့က အော့ကလန်တက္ကသိုလ်နှင့် အင်္ဂလိပ်စာ၊ အဏ္ဏဝါသိပ္ပံပညာ၊ ပြည်သူ့ကျန်းမာရေး၊ ဘူမိသိပ္ပံစသည့် ဘာသာရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဘူမိသိပ္ပံပညာရပ်ဌာနမှ မြေငလျင်တိုင်းတာမှုဆိုင်ရာ ရှင်းလင်းပြသမှုများကို လေ့လာကြသည်။

(သတင်းစဉ်)

☆ ဒီမိုကရေစီမှ

သတင်းစာရှင်းလင်းပွဲတစ်ရပ်ကျင်းပ၍ တွေ့ဆုံဆွေးနွေးခဲ့မှုများကို ရှင်းလင်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးအုန်းမြင့်၊ ဦးခင်ရီ၊ ဒေါက်တာမြအေး၊ ဒေါက်တာမြင့်အောင်၊ ဒေါက်တာကံဇော်၊ ဒေါက်တာကိုကိုဦး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ထို့နောက် ညနေပိုင်းတွင် နိုင်ငံတော်သမ္မတသည် နယူးဇီလန်နိုင်ငံ အတိုက်အခံပါတီခေါင်းဆောင် မစ္စတာဒေးဗစ်ရှာရာနှင့် နိုင်ငံခြားရေးရာ ပြောရေးဆိုခွင့်ရှိသူ မစ္စတာဖီလ်ဂေါ့ဖ်တို့အား လန်ဂမ်ဟိုတယ်ရှိ Chandelier Room ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံပြီး မြန်မာနိုင်ငံတွင်ဆောင်ရွက်နေသည့် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုအခြေအနေများနှင့် အနာဂတ်မျှော်မှန်းချက်များကို သဘောထားအမြင်များ ဖလှယ်ကြသည်။

ယခုဆွေးနွေးပွဲတွင် အတိုက်အခံခေါင်းဆောင် မစ္စတာဒေးဗစ်ရှာရာက မိမိတို့ပါတီအနေဖြင့် မြန်မာနိုင်ငံရေးနှင့်ပတ်သက်၍ လက်ရှိအာဏာရပါတီနှင့် ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ နယူးဇီလန်နိုင်ငံတွင် မည်သည့်ပါတီက အစိုးရတာဝန်ယူရသည်ဖြစ်စေ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ပါဝင်ပူးပေါင်းကူညီသွားမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား နယူးဇီလန်နိုင်ငံဝန်ကြီးချုပ်က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

ပဲခူး၊ လပွတ္တာနှင့် မိတ္ထီလာမြို့များတွင် MRTV-4(Free To Air) ရုပ်သံလိုင်းကို ရိုးရိုးတီဗွီအင်တင်နာဖြင့် လွယ်ကူစွာ ဖမ်းယူကြည့်ရှုနိုင်

နေပြည်တော် မတ် ၁၅

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-4 ရုပ်သံလိုင်းကို (Free To Air) စနစ်ဖြင့် အများပြည်သူ လွယ်ကူစွာ ဖမ်းယူကြည့်ရှုနိုင်ရန် ထုတ်လွှင့်ပေးလျက်ရှိသည်။

MRTV-4 (Free To Air) ရုပ်သံလိုင်းကို ပဲခူးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF လှိုင်းနှုန်း CH-33 (590-596MHz) ဖြင့်လည်းကောင်း၊ လပွတ္တာမြို့နှင့်အနီးတစ်ဝိုက်တွင် UHF လှိုင်းနှုန်း CH-21(518-524MHz) ဖြင့်လည်းကောင်း၊ မိတ္ထီလာမြို့နှင့်အနီးတစ်ဝိုက်တွင် UHF လှိုင်းနှုန်း CH-20(512-518MHz) ဖြင့်လည်းကောင်း ထုတ်လွှင့်ပေးနေပြီဖြစ်ရာ မိမိတို့အိမ်ရှိ တီဗွီနှင့် ရိုးရိုး UHF အင်တင်နာဖြင့်ပင် ရုပ်သံအရည်အသွေးကြည်လင်ကောင်းမွန်စွာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်သည်။

(ကြေးမုံ)



ဒုတိယသမ္မတ ဦးညွှန့်ထွန်း ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွှန့်ထွန်းသည် ဗြိတိန်နိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာတိုနီဘလဲ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓါတ်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်းနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E.Mr. Andrew Richard Heyn လည်း တက်ရောက်သည်။

တွေ့ဆုံပွဲ၌ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု မူဘောင် ၂၀၁၂-၂၀၁၅ အတွက် အဓိကကျသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်၊ အုပ်ချုပ်မှုနှင့် ပြည်သူလူထု စီမံခန့်ခွဲရေး ပိုမိုခိုင်မာတောင့်တင်းလာစေရန် ရေရှည်အစီအစဉ်တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ရေးနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

မြန်မာ-ဘယ်လ်ဂျီယံ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး

နေပြည်တော် မတ် ၁၅

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး၊ ပြည်ပကုန်သွယ်ရေးနှင့် ဥရောပရေးရာဝန်ကြီး မစ္စတာဒီဒီယာ ရန်ဒါးစ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။ **(ဓာတ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးလှမြင့်ဦးနှင့် ဦးတီခွန်မြတ်၊ အတွင်းရေးမှူးများဖြစ်ကြသည့် ဦးမောင်တိုး၊ ဦးစောလှထွန်းနှင့် ဦးကိုကိုထွန်း၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် လွှတ်တော်ရေးရာလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မြန်မာ-ဘယ်လ်ဂျီယံ နှစ်နိုင်ငံ ချစ်ခင်ရင်းနှီးမှုဖြင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဖော်ဆောင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

လယ်ယာသုံးစက်ကိရိယာ ကိုင်တွယ်မောင်းနှင်ခြင်းနှင့် ကြံ့ခိုင်မှုသင်တန်းဖွင့်

ဝေါ မတ် ၁၅။ ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ်ရှိ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၅၀)စက်မှုလယ်ယာစခန်းတွင် လယ်ယာသုံးစက်ကိရိယာ ကိုင်တွယ်မောင်းနှင်ခြင်းနှင့် ကြံ့ခိုင်မှုသင်တန်းအမှတ်စဉ်(၁/၂၀၁၃)ဖွင့်ပွဲအခမ်းအနားကို မတ် ၁၁ ရက်နံနက် ၈ နာရီခွဲက စက်မှုလယ်ယာဦးစီးဌာန လယ်ယာသုံးစက်ကိရိယာခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် စက်မှုလယ်ယာဦးစီးဌာန ပဲခူးခရိုင် ဦးစီးဌာနမှူး ဦးအောင်သောင်းက အမှာစကားပြောကြားသည်။ သင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်ကြပြီး စာတွေ့လက်တွေ့သင်ကြားကြောင်း သိရသည်။

သန်းသန်းအေး(ဝေါ)

ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်းသစ်ဖွင့်

နေပြည်တော် မတ် ၁၅

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညာဏ်ဝင်းသည် မတ် ၁၄ ရက် နံနက်ပိုင်းတွင် ဒိုက်ဦးမြို့နယ် ဒိုးတန်းကျေးရွာအုပ်စု တောင်ပို့ကိုးလုံးနှင့် ဝါးဂါမဏိကျေးရွာ အရှည် ၇၀၅၉ ပေရှိ ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အလှူရှင်များနှင့်အတူ ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကိုယ့်အားကိုယ်ကိုး လမ်းသစ်ဖွင့်ပွဲနှင့် တိုက်နယ်ဆေးရုံတွင် သားဖွားဆောင်၊ ဓာတ်မှန်ဆောင်၊ ဓာတ်ခွဲခန်းနှင့် ဆေးရုံအုတ်တံတိုင်း ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Green Luck Trading Co., Ltd.
ရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနအတွက်
အောက်ပါဝန်ထမ်းများအလိုရှိသည်
(ပြည်တွင်း၌သာ မြန်မာကျပ်ငွေဖြင့်ခန့်ထားရန်)

(၁) မန်နေဂျာ (BE/AGTI)	ကျား	(၁) ဦး
(၂) လ/ထ မန်နေဂျာ (BE/AGTI) နှင့် B.com (သို့) အလားတူ	ကျား	(၂) ဦး
(၃) ဖိုမင် (Any graduate)	ကျား	(၁၀) ဦး
(၄) ကွန်ပျူတာ (iOffice နှင့် Internet ကျွမ်းကျင်သူ)	ကျား	(၅) ဦး
(၅) ဆီတိုင်း/ဆီဖြည့် (၁၀ တန်းအောင်)	ကျား	(၈) ဦး
(၆) အကူလုပ်သား	ကျား	(၂၅) ဦး

(မှတ်ချက်-လုပ်ငန်းအတွေ့အကြုံရှိပြီးသူများသာ)

လျှောက်ထားသူများသည် မြန်မာနိုင်ငံအတွင်း မည်သည့်နေရာ ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။ လျှောက်ထားလိုသူများ သည် လိုင်စင်ဓါတ်ပုံ(၃)ပုံ၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံ တင်မိတ္တူ၊ သန်းကောင်စာ ရင်းမိတ္တူ၊ ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ ပညာအရည်အချင်းအထောက်အထားအပြည့်အစုံတို့နှင့် အတူ ၂၉/၃/၂၀၁၃ နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

Green Luck Trading Co., Ltd. (ရုံးချုပ်) Bldg .No (၄၅/၄၆)၊ ပ-ထပ်၊ ရေကူးကန်အနီး၊ ဗဟိုစည်အိမ်ရာဝင်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ဘော်ကြီးဗုဒ္ဓပူဇနီယတပေါင်းပွဲတော် ဖိတ်ကြားလွှာ

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ သီပေါမြို့နယ်၊ ဘော်ကြီးကျေးရွာရှိ **"ရှေးဟောင်းသမိုင်းဝင် ဘော်ကြီး မုဋ္ဌောစေတီတော်ကြီး"**၏ ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော်ကြီးကို ၁၃၇၄ ခု၊ တပေါင်းလဆန်း (၁၀) ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ ရိုးရာအစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ဗုဒ္ဓရုပ်ပွားတော် (၄)ဆူကို ရွှေသင်္ကန်း၊ ပန်း၊ ဆီမီး၊ ရေချမ်းတော်တို့ကို ကိုယ်တိုင်ကိုယ်ကျ ကပ်လှူပူဇော်နိုင်ပါသဖြင့် ကြွရောက်ပူဇော်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ ပွဲတော်တွင် အားကစားပြိုင်ပွဲများအဖြစ် ခေါင်းအုံးရိုက်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများ၊ "အလင်းရိပ်" ရှမ်းယဉ်ကျေးမှု ဇာတ်၊ "ဖိုးချစ်" မြန်မာဇာတ်သဘင်နှင့် ရှမ်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဆိုအကများဖြင့် ဧည့်ခံဖျော်ဖြေသွားမည် ဖြစ်ပါသည်။

ပွဲတော်ကျင်းပရေးဦးစီးကော်မတီ

ပုလုတ်တုတ်
က လေး ဂျာ နယ်

ပါဝင်နေကျကဏ္ဍများအပြင်
ပုံပြစာစီစာကုံးဆုရကလေးများကို
ဆုများ ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးမည့်
အစီအစဉ်နှင့် ကလေးသူငယ်စာအုပ်များကို
အထူးလျှော့ဈေးဖြင့် ဝယ်ယူနိုင်မည့်
ကူပွန် ပါရှိပါသည်။



တစ်နှစ်စာ ကြိုတင်ငွေပေးသွင်းပြီးသူများထံ ဆိုင်များသို့မဖြန့်မီ ငါးရက်ကြိုတင်ပြီး (အိမ်တိုင်ရာရောက်) ပို့ဆောင်ပေးနေပါပြီ။
၂၀၁၃ ခုနှစ်၊ ဧပြီလ ထွက်ပြီ။ တန်ဖိုး - ၁,၂၀၀ ကျပ်
တူဒေးစာအုပ်တိုက်က ထုတ်ဝေသည်။

TRAVEL ZONE (T-ZONE) ခရီးစဉ်

ဟောင်ကောင် ၊ မကာအို၊ မလေး၊ ထိုင်း	(9) ရက်	Apr.12,13	ဗန်ကောက် ၊ ပတ္တရား	(6) ရက်	Apr. 11,12, 13
ကမ္ဘောဒီးယား ၊ ဗီယက်နမ်၊ ထိုင်း	(8) ရက်	Apr.12,13	ဗန်ကောက် ၊ ဖူးခက်	(6) ရက်	Apr. 11,12
ဟောင်ကောင် ၊မကာအို ၊ကွမ်ကျိုး	(9) ရက်	Apr.10	ကိုးရီးယား ခရီးစဉ်	(9) ရက်	Apr.10,13
စင်္ကာပူ၊ မလေးရှား၊ ဘာလီ	(9) ရက်	Apr.10,12	ဂျပန် ခရီးစဉ်	(9) ရက်	Apr.9,10,13
စင်္ကာပူ၊ မလေးရှား ၊ ထိုင်း	(8) ရက်	Apr.12,13	ဥရောပ (၁၀)နိုင်ငံ	(14) ရက်	Apr.9,11
အမေရိကား ခရီးစဉ် + ဟာဝိုင်ရီ	(16+2) ရက်	Apr.9	ကူမင်း ၊ ဗီကင်း ၊ ရှန်ဟိုင်း	(9) ရက်	Apr.11,12,13

အမှတ်(၂)၊ စံကားဝါကွန်ဒို၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ် / PH: 01-548473, 01-8603754, 09-73119243, 09-5145812, 09-5185283

ပြည်တွင်းရေးရာ

မြန်မာနိုင်ငံရဲ့ ပထမဆုံး ပုဂ္ဂလိက မြန်မာလေကြောင်းအကယ်ဒမီကို ဖွင့်လှစ်ခွင့်ပြုလို့ ကျေးဇူးတင်ပါတယ်

အမေးအရေး - ဇော်ထွန်း(သတင်းစဉ်)
ဓာတ်ပုံ - မြန်မာလေကြောင်းအကယ်ဒမီ

မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများသည် အရှိန်အဟုန်ဖြင့် ပြောင်းလဲလျက်ရှိသောကြောင့် ကမ္ဘာကပင်ယုံကြည်လက်ခံလာပြီဖြစ်သည်။ ထို့ကြောင့်မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံလိုသူများ၊ လာရောက်လည်ပတ်သူများလည်း တိုးလာလျက်ရှိရာ နိုင်ငံတကာလေကြောင်းလိုင်းများ တိုးချဲ့ပျံသန်းမှုများလည်း များပြား လာနေသည်။ လေကြောင်းလိုင်းများ များပြားလာသည်နှင့်အမျှ လေကြောင်းဆိုင်ရာ အတတ်ပညာ၊ လေကြောင်း အတတ်ပညာ ကျွမ်းကျင်သည့် လူ့စွမ်းအားအရင်းအမြစ်များလည်း အမှန်တကယ်လိုအပ်နေပြီဖြစ်သည်။ လေကြောင်းပညာရပ်ဆိုင်ရာ ကျွမ်းကျင်သည့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ရန် နိုင်ငံတော်အစိုးရနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနက ပုဂ္ဂလိကလေကြောင်းအတတ်ပညာ သင်ကျောင်းကို ခွင့်ပြုခဲ့သည်။

နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ရရှိထားသော မြန်မာနိုင်ငံ၏ ပထမဆုံးသော မြန်မာလေကြောင်းအကယ်ဒမီ သင်တန်းကျောင်း (Myanmar Aviation Academy) သည် ယခင်လက ရန်ကုန်မြို့ Park Royal ဟိုတယ်၌ သင်တန်းကျောင်းနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲပြုလုပ်ခဲ့ရာ မြန်မာ့သတင်းစဉ် သတင်းအဖွဲ့ သွားရောက်သတင်းယူမေးမြန်းခဲ့ပါသည်။ သတင်းရယူမေးမြန်းခဲ့သည်များကို လေကြောင်းအတတ်ပညာ စိတ်ဝင်စားသည့် လူငယ်များနှင့် စာဖတ်သူများသိစေရန် ဖော်ပြလိုက်ပါသည်။

မေး။ မြန်မာလေကြောင်းအကယ်ဒမီသင်တန်းကျောင်းကို ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ဖွင့်လှစ်မယ်ဆိုတာ သိပါရစေခင်ဗျာ။

ဖြေ။ ဦးကြည်ဝင်း(ဥက္ကဋ္ဌMAA)- မြန်မာလေကြောင်းအကယ်ဒမီသင်တန်းကျောင်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များမှာ မြန်မာလူငယ် မောင်/မယ်များ လေကြောင်းပညာရပ်များကို နိုင်ငံတကာအဆင့်မီ ထူးချွန်အောင်မြင်စွာ သင်ယူဆည်းပူးနိုင်ရန်၊ လေကြောင်းပညာရပ်များတွင် ဝါသနာပါပြီး ပါရမီရှိသော်လည်း ငွေကြေးအဆင်မပြေ၍ သင်တန်းမတက်ရောက်နိုင်သည့် ထူးချွန်မြန်မာလူငယ်များ အခမဲ့ပညာသင်ဆု (Scholarship)အစီအစဉ်ဖြင့် သင်တန်းတက်နိုင်စေရန်၊ ပြည်တွင်း၊ ပြည်ပလေကြောင်းလိုင်းများတွင် မြန်မာလူငယ်မောင်/မယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ ဧရာဝတီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်စေရန်၊ မြန်မာနိုင်ငံတွင် ပထမဦးဆုံးအနေဖြင့် နိုင်ငံတကာအဆင့်မီမြို့ပြလေကြောင်း အကယ်ဒမီ (Civil Aviation Academy) အဖြစ် ပေါ်ထွန်းလာစေရန်၊ အာဆီယံဒေသတွင်း နိုင်ငံများမှ သင်တန်းသူ၊ သင်တန်းသားများကို လက်ခံသင်ကြားပေးနိုင်ရန်၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် အခြားနိုင်ငံများရှိ လေကြောင်းအကယ်ဒမီများတွင် လေကြောင်းပညာရပ်များ သွားရောက်သင်ယူနေကြရသော မြန်မာလူငယ်များ မိမိပြည်တွင်း၌ပင် အိုးမကွာ၊ အိမ်မကွာ လေကြောင်းပညာရပ်များကို သင်ကြားနိုင်ရန်ပဲ ဖြစ်ပါတယ်။

ဦးကြည်ဝင်း (ဥက္ကဋ္ဌMAA)။

ဦးထွန်းမြင့် (ကျောင်းအုပ်ကြီး)။

ဦးသန့်ဇော် (သင်တန်းနည်းပြချုပ်)။

မေး။ ဒီလိုဖွင့်လှစ်နိုင်ဖို့အတွက် ဘယ်လိုခွင့်ပြုမိန့်တွေ၊ အသိအမှတ်ပြုမှုတွေ ရယူရပါလဲခင်ဗျာ။

ဖြေ။ ဦးကြည်ဝင်း(ဥက္ကဋ္ဌMAA)- ဟုတ်ကဲ့၊ ကျွန်တော်တို့ မြန်မာလေကြောင်းအကယ်ဒမီ ဖွင့်လှစ်နိုင်ဖို့အတွက် ၂၄-၁၁-၂၀၁၁ မှာ ညွှန်ကြားချက်ရရှိပါတယ်။ ပထမအကြိမ် လုပ်ငန်းစီမံချက်ရေးဆွဲပြီး ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ တင်ပြရာ မူအားဖြင့် သဘောတူညီမှုကို ၂၅-၁၁-၂၀၁၁ ရက်မှာ ရပါတယ်။ ဒုတိယအကြိမ် လုပ်ငန်းစီမံချက်ကို နိုင်ငံတော်သမ္မတထံ ၂၈-၃-၂၀၁၂ ရက်မှာ တင်ပြခဲ့ရာ ၁-၈-၂၀၁၂ ရက်မှာ နိုင်ငံတော်သမ္မတရုံးက လုပ်ထုံးလုပ်နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန် ခွင့်ပြုကြောင်း အကြောင်းကြားစာရရှိပါတယ်။ တစ်ဆက်တည်းမှာပဲ ၁၂-၁၂-၂၀၁၂ ရက်မှာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ခွင့်ပြုချက်အကြောင်းကြားစာ ရရှိပြီး ခွင့်ပြုမိန့်ကို ၂၁-၁-၂၀၁၃ မှာ ရပါတယ်။ ၂၃-၁-၂၀၁၃ မှာတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ခွင့်ပြုမိန့်ရပါတယ်။ ၇-၂-၂၀၁၃ မှာတော့ ပို့ဆောင်ရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုမိန့်ရရှိပြီး ၂၂-၂-၂၀၁၃ မှာ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရဲ့ Provisional Approved Training Organization Certificate ရပါတယ်။

မေး။ တက်ရောက်မယ့် သင်တန်းသားတွေရဲ့ လိုအပ်တဲ့ အရည်အချင်းတွေနဲ့ သင်ခန်းစာ၊ သင်တန်းကာလတွေကိုလည်း သိပါရစေ။

ဖြေ။ ဦးထွန်းမြင့် (ကျောင်းအုပ်ကြီး)- သင်တန်းသားတွေဟာ အသက်(၁၇)နှစ်ပြည့်ပြီးသူ၊ နိုင်ငံသား ကျား/မ မည်သူမဆို တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူ၊ လေကြောင်းဆေးပညာဆိုင်ရာ ကျန်းမာရေးစစ်ဆေးမှု CLASS 1 အဆင့်ရရှိသူ၊ အင်္ဂလိပ်စာ 4 Skills Test အောင်မြင်သူများကို သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုစေပြီး ရွေးချယ်သင်ကြားပေးသွားမှာပါ။ သင်တန်းကာလကို လ ၂၀ ခန့်ရှိမယ်လို့ ခန့်မှန်းထားပါတယ်။ သင်တန်းကျောင်းမှာ နိုင်ငံတကာအသိအမှတ်ပြု Student pilot licence, Private pilot licence(PPL), Commercial pilot licence(CPL) , Airline Transport pilot licence (ATPL), Multi -crew pilot licence သင်တန်းများကို သင်ကြားသွားမှာပါ။

မေး။ လက်ခံမယ့် သင်တန်းသားဦးရေ၊ သင်တန်းကြေးနဲ့ သင်တန်းပို့ချမယ့်ဆရာတွေကို ပြောပြပေးပါလားခင်ဗျာ။

ဖြေ။ ဦးထွန်းမြင့် (ကျောင်းအုပ်ကြီး)- သင်တန်းသား ၂၄ ဦးကို လက်ခံမှာပါ။ သင်တန်းကြေးကတော့ မြန်မာငွေကျပ် သိန်း ၅၅၀ ကုန်ကျမှာဖြစ်ပြီး သင်တန်းကာလအတွင်း လေးရစ်ခွဲပြီး ပေးသွင်းနိုင်ပါတယ်။ သင်တန်းပို့ချမယ့် ဆရာတွေက တပ်မတော်(လေ)က အငြိမ်းစား လေယာဉ်မှူးကြီးတွေ၊ မြန်မာလေကြောင်း၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွေက အငြိမ်းစား လေယာဉ်မှူးကြီးတွေ၊ မလေးရှားစတဲ့ နိုင်ငံခြားကျောင်းတွေမှာ သွားရောက်သင်တန်းပို့ချနေတဲ့ အတွေ့အကြုံရင့်ကျက်ပြီး ကျွမ်းကျင်တဲ့ လေယာဉ်မှူးကြီးတွေက သင်ကြားပို့ချပေးသွားမှာပါ။ သင်တန်းကျောင်းဝင်ခွင့်စာမေးပွဲကို မေလအတွင်းဖြေဆိုရမှာ ဖြစ်ပါတယ်။ ငွေကြေးမပြည့်စုံသူ ထူးချွန်ကျောင်းသားများအတွက် အခမဲ့ပညာသင်ဆု (Scholarship) ကျောင်းသားလေးဦးကို ရွေးချယ်သင်ယူစေမှာ ဖြစ်ပါတယ်။

မေး။ သင်တန်းပြီးဆုံးအောင်မြင်တဲ့အခါ ဘယ်လိုအသိအမှတ်ပြုလက်မှတ် ရမှာလဲခင်ဗျာ။

ဖြေ။ ဦးသန့်ဇော်(သင်တန်းနည်းပြချုပ်)- သင်တန်းမှာ သီအိုရီပိုင်းရော၊ လက်တွေ့ပျံသန်းမှုအပိုင်းပါ ပို့ချသွားမှာ ဖြစ်ပါတယ်။ သီအိုရီအပိုင်းမှာ PPL,CPL,ATPL လိုင်စင်ကိုင်ဆောင်သူတစ်ယောက် တတ်ကျွမ်းရမယ့် ဘာသာရပ်များကို သင်ကြားပေးပြီး လက်တွေ့ပျံသန်းမှုအပိုင်းမှာတော့ PPL, CPL လိုင်စင်ကိုင်ဆောင်သူတစ်ယောက် ပြည့်မီရမယ့်ပျံသန်းချိန် နာရီ ၂၀၀ ရရှိအောင် သင်ကြားပေးသွားမှာပါ။ သင်တန်းတက်ရောက်သူများဟာ သင်တန်းပြီးဆုံးတဲ့အခါ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနကပြုလုပ်မယ့် စာတွေ့၊ လက်တွေ့စစ်ဆေးမှုကို ဖြေဆိုရမှာဖြစ်ပါတယ်။ စစ်ဆေးမှုအောင်မြင်ရင်တော့ CPL လိုင်စင်ရမှာဖြစ်ပါတယ်။ ATPL လိုင်စင်ကတော့ စာတွေ့အောင်မြင်ပြီး သတ်မှတ်ပျံသန်းချိန် နာရီ မပြည့်သေးတဲ့အတွက် ATPL (FROZEN) ဆိုတာကိုသာ ရရှိထားမှာ ဖြစ်ပါတယ်။

မေး။ မြန်မာလေကြောင်းအကယ်ဒမီ သင်တန်းကျောင်းရဲ့ ရုံးချုပ်၊ ကျောင်းရဲ့ တည်နေရာ၊ အမောင်းသင်မယ့်လေယာဉ် အမျိုးအစားတွေကို သိပါရစေ။

ဖြေ။ ဦးထွန်းမြင့်(ကျောင်းအုပ်ကြီး)-မြန်မာလေကြောင်း အကယ်ဒမီသင်တန်းကျောင်းရဲ့ ရုံးချုပ်က ရန်ကုန်မြို့ တက္ကသိုလ်ရိပ်မွန်ကွန်ဒို C မှာ တည်ရှိပါတယ်။ လေယာဉ်မောင်းသင်တန်းကျောင်းကတော့ ပုသိမ်မြို့မှာ အခြေစိုက်ကာ ပုသိမ်လေဆိပ်ဝင်းအတွင်း မြေနေရာငှားရမ်းခွင့်ရရှိထားတဲ့ မြေပေါ်မှာ သင်တန်းကျောင်း၊ သင်တန်းဆောင်၊ လေယာဉ်ရုံးနဲ့ Flight Line များ ဆောက်လုပ်လျက်ရှိပြီး လာမယ့်ဇွန်လမှာ စတင်နိုင်ဖို့ ရည်မှန်းထားပါတယ်။ အမောင်းသင်မယ့် လေယာဉ်တွေကတော့ ကမ္ဘာပေါ်မှာ အကောင်းဆုံးနဲ့ ယုံကြည်စိတ်ချရမှုရှိတဲ့ ဩစတြီးယားနိုင်ငံက Diamond Air Craft လေယာဉ်တွေကိုအသုံးပြုသွားမှာပါ။ သီအိုရီနဲ့ လက်တွေ့လေယာဉ်မောင်းနည်းများကို သင်ကြားပေးသွားမှာ ဖြစ်ပါတယ်။

မေး။ အခုလိုမြန်မာလေကြောင်းအကယ်ဒမီကျောင်းကို မြန်မာနိုင်ငံမှာ ပထမဆုံး ဖွင့်လှစ်ခွင့်ရတဲ့အတွက် အန်ကယ်ရဲ့ ခံစားမှုလေးကို ပြောပြပေးပါလားခင်ဗျာ။

ဖြေ။ ဦးကြည်ဝင်း(ဥက္ကဋ္ဌ MAA) - မြန်မာနိုင်ငံမှာ ပထမဆုံး ပုဂ္ဂလိက မြန်မာလေကြောင်းအကယ်ဒမီကို ဖွင့်လှစ်ခွင့်ပြုပြီး လမ်းညွှန်ပေးပါသော နိုင်ငံတော်သမ္မတကြီးကို အထူးကျေးဇူးတင်ပါတယ်။ လုပ်ထုံးလုပ်နည်းများနဲ့အညီ လေကြောင်းအကယ်ဒမီ ထူထောင်ဖွင့်လှစ်ခွင့်ပြုပေးခဲ့တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့ကိုလည်း ကျေးဇူးဥပကာရတင်ရှိပါကြောင်း ပြောလိုပါတယ်။ နောက်တစ်ချက်က International Civil Aviation Organization (ICAO)အဖွဲ့ရဲ့ လေ့လာချက်အရ ၂၀၁၂ မှ ၂၀၃၀ ခုနှစ်အတွင်း Additional Cockpit Staff ၁၁၉၈၀၀ နဲ့ Additional Technician ၁၈၈၉၀၀ ထပ်မံလိုအပ်ချက်နဲ့ မြန်မာနိုင်ငံမှာ အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းလျက်ရှိနေတဲ့ လေကြောင်းပို့ဆောင်ရေးကဏ္ဍအတွက် မြို့ပြလေကြောင်းလေယာဉ်မှူးများ၊ လေယာဉ်မောင်၊ လေယာဉ်မယ်များ၊ လေကြောင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ လိုအပ်မှုကို ကျွန်တော်တို့က မွေးထုတ်ဖြည့်ဆည်းပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ မြန်မာနိုင်ငံမှာ ယခင်အစိုးရများလက်ထက်က လေယာဉ်မောင်းသင်တန်းကို တပ်မတော်(လေ)နှင့်သာ သင်ကြားပေးပြီး အရပ်ဘက်လေယာဉ်မောင်းသူအဖြစ် အသက်မွေးဝမ်းကျောင်း ပြုလုပ်လိုသူများဟာ ပြည်ပနိုင်ငံများဖြစ်တဲ့ မလေးရှား၊ နယူးဇီလန်နဲ့ ဩစတြေးလျနိုင်ငံတွေကို သွားရောက်သင်ယူကြရတာပါ။ အခုတော့ ကိုယ့်မြန်မာနိုင်ငံသားတွေ နိုင်ငံအတွင်းမှာပဲ သင်ယူနိုင်တော့မှာပါ။ မြန်မာနိုင်ငံ လေကြောင်းသမိုင်းမှာ ပထမဆုံးသော Civil Aviation မြို့ပြလေကြောင်းသင်တန်းကျောင်းကို နိုင်ငံတကာအဆင့်မီစွာ ဖွင့်လှစ်ခွင့်ရရှိခဲ့တဲ့အတွက် လှိုက်လှိုက်လှဲလှဲဝမ်းသာဂုဏ်ယူမိပြီး အခုလိုအခွင့်အလမ်းများရရှိအောင် လမ်းညွှန်ခွင့်ပြုပေးခဲ့တဲ့ နိုင်ငံတော်သမ္မတကြီးရဲ့စေတနာကို အထူးပင်လေးစားစွာ အသိအမှတ်ပြုလျက် ကျေးဇူးဥပကာရတင်ရှိရပါကြောင်း ထပ်လောင်းပြောကြားရပါရစေ။ ။

○ smart ○ thinking skill ○ innovation

Global Link
Computer Training School

Microsoft Excel Specialist Training

Excel Specialist တစ်ယောက်ဖြစ်ဖို့ သင်ဒါတွေသိပြီးပြီလား?

- အလွတ်ကျက်စရာမလိုတဲ့ Formula ရေးနည်းတွေ၊ Function သုံးနည်းတွေ
- Repetitive Tasks တွေကို click တစ်ချက်နှိပ်ရုံနဲ့ ပြီးစီးနိုင်မည့် fuction တွေနဲ့Template တွေအကြောင်း၊
- စုံလင်လှစွာသော Subtotal တွေ၊ Pivot (Table & Chart) တွေအကြောင်း၊

Enroll Now | Limited Seat

No,114[2ND], SANCHAUNG STREET, SANCHAUNG.
www.facebook.com/globallinkmm
09 430 68415

ပြည်ထောင်စုဖွား သွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့်သူများ လက်စွဲပြုရမည့်စာအုပ်

CONFIDENCE

တက္ကသိုလ်ဝင်တန်း
အင်္ဂလိပ်စာ
GRAMMAR
သဒ္ဒါလေ့ကျင့်ခန်းများနှင့်အဖြေများ

တက္ကသိုလ်ဝင်စာမေးပွဲတွင်ပါဝင်မည့် GRAMMAR ၃၅ မျိုးကို ရှင်းလင်းချက်၊ လေ့ကျင့်ခန်းနှင့် အဖြေများ ပါဝင်သည်။

ရောင်းဈေး– ၂၀၀၀ ကျပ်

Nyein Center ■ ၁၆၇/၁၇၃၊ အခန်း B-2၊ ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၂၅၆၆၂၁
Nyein လှည်းတန်း ■ ငြိမ်းအေးသင် သင်တန်း အမှတ် ၂၃၊ အခန်း B-4၊ လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၇၃၀၀၃၆၂၇

မြန်မာ-အမေရိကန်နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် မတ် ၁၅

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး Mr. Patrick Murphy သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးလှမြင့်ဦးနှင့် ဦးတီခွန်မြတ်၊ အတွင်းရေးမှူးများဖြစ်ကြသည့် ဦးမောင်တိုးနှင့် ဦးကိုကိုထွန်း၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး Mr. Derek Mitchell နှင့် တာဝန်ရှိသူတို့ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံရာ၌ မြန်မာ-အမေရိကန်နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် လွှတ်တော်ရေးရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် မတ် ၁၅

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗြိတိန်နိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာ တိုနီဘလဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးလှမြင့်ဦးနှင့် ဦးတီခွန်မြတ်၊ အတွင်းရေးမှူးများဖြစ်ကြသည့် ဦးမောင်တိုး၊ ဦးစောလှထွန်းနှင့် ဦးကိုကိုထွန်း၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်ရေးရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ကျိုက်ခနုတ်ဆံတော်ရှင် စေတီတော်မြတ်ကြီး အထက်ဌာပနာတော်သွင်းနှင့် ရွှမ်းရိုးရာရွှေထီးတော်တင်လှူပူဇော်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၅

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ဒလမြို့နယ် ခနုတ်စံပြကျေးရွာတွင် တည်ထားပူဇော်အပ်သော ကျိုက်ခနုတ်ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ ဒုတိယနေ့ အခမ်းအနား အထက်ဌာပနာတော်သွင်းနှင့် ရှမ်းရိုးရာရွှေထီးတော်တင်လှူပွဲသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်(၆)ပါး၏ ဦးဆောင်မှုဖြင့် ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်ရှိ သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသိရိန္ဒ (သထုံဆရာတော်)ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်များကို ဆက်ကပ်ခြင်း၊ သံဃာတော်များထံမှ မေတ္တသုတ်ပရိတ်တရားတော်များ နာယူဆောက်တည်ခြင်း၊ ရှမ်းရိုးရာရွှေထီးတော်နှင့် ပတ်သက်၍ ရှင်းလင်းမိန့်ကြားပြီး စေတီတော် တည်ဆောက်ရေးနာယက သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့် အမှူးပြုသော အလှူရှင်များမှ ဌာပနာတော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အနုမောဒနာတရားနာကြားကာ ရေစက်သွန်းချအမျှပေးဝေသည်။

ထို့နောက် ကျိုက်ထီးဆောင်း တိုက်အုပ်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာဂိန္ဒနှင့် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က အထက်ဌာပနာတော်များ ထည့်သွင်းပူဇော်၍ အမွှေးနံ့သာရည်များနှင့် ပက်ဖျန်းသည်။

ကျိုက်ခနုတ်ဆံတော်ရှင် စေတီတော်မြတ်ကြီးသည် ရှေးမြန်မာမင်းများ အဆက်ဆက်က တည်ထားကိုးကွယ်ခဲ့သည့် စေတီတစ်ဆူဖြစ်ပြီး ဉာဏ်တော် ၁၃၅ တောင်ရှိသည်။ ခေတ်အဆက်ဆက်မှ ယခုအချိန်ထိ စေတီတော်ကြီးအား ထီးတော်တင်ခဲ့ရာ ယခုအကြိမ် အပါအဝင် ကိုးကြိမ်ရှိပြီး အများပြည်သူကြည်ညိုသဒ္ဓါပွားများနိုင်စေကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တက္ကသိုလ်ဝင်ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ စာမေးပွဲဖြေဆို

ပခုက္ကူ မတ် ၁၅

၂၀၁၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၃ ရက်က ကျင်းပရာ ပခုက္ကူမြို့နယ်မှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၉၁၁ ဦး ဝင်ရောက်ဖြေဆိုကြသည်။ "ပခုက္ကူမြို့နယ် အနေနဲ့ ကျောင်းသား ၁၄၁၆ ဦး၊ ကျောင်းသူ ၁၇၆၆ ဦး ဝင်ရောက်ဖြေဆိုကြပါတယ်" ဟု ပညာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပခုက္ကူမြို့နယ်တွင် စာမေးပွဲဖြေဆိုကြသော ကျောင်းသား ကျောင်းသူအားလုံး အေးချမ်းပျော်ရွှင်စွာဖြင့် စာမေးပွဲဖြေဆိုနေကြကြောင်း သိရသည်။ **နေဦးမောင်(ပခုက္ကူ)**

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ပစ္စည်းနှင့် အလှူငွေများ ပေးအပ်

နောင်ချို မတ် ၁၅

၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ကျင်းပနေသည့် အထက-နောင်ချို၊ အထက(ခွဲ)- နောင်ချိုစာစစ်ဌာနများသို့ စာမေးပွဲဖြေဆိုရန်ရောက်ရှိလာသည့် အထက-ကံကြီး၊ အထက-လုံကာ၊ အထက(ခွဲ) ဘန့်ဘွေး၊ အထက(ခွဲ) သုံးဆယ်၊ အထက(တွဲ) ရတနာသိင်္ဂီကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၃၈ ဦး အား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ တိုင်းရင်းဆေးသုံးနည်းနှင့် တိုင်းရင်းဆေးသေတ္တာများ ကျောင်းအလိုက် ပေးအပ်ခြင်း၊ စက်သုံးဆီဖိုး၊ အာဟာရဖြစ် ကြက်ဥ၊ ယန်ယန်ခေါက်ဆွဲ၊ ကော်ဖီမစ်နှင့် အလှူငွေ စသော လှူဒါန်းမှုတန်ဖိုးပေါင်း ငွေကျပ် ၄၂၀၀၀၀ ခန့်အား မတ် ၁၂ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သော ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ၎င်းတို့တည်းခိုသည့် နေရာအသီးသီးသို့ သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သန်းသန်း(နောင်ချို)

တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာစတင်ဖြေဆို

ရေစကြို မတ် ၁၅

၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၃ ရက်တွင်စတင်ကျင်းပရာ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်မှ ကျောင်းသား ကျောင်းသူ ၃၅၉၉ ဦး (စာရင်းရှိ)တို့သည် အထက(၁) စာဖြေဌာန၊ အထက (ဖူလုံ) စာဖြေဌာန၊ အထက (ပခန်းကြီး) စာဖြေဌာန၊ အထက (ခွဲ)ပခန်းငယ် စာဖြေဌာန၊ အလက(ဆင်ချောင်း)စာဖြေဌာန၊ အထက(ခွဲ) (စိတ္တသုခ) စာဖြေဌာနများတွင် ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။

အဆိုပါ စာဖြေဌာနများတွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရန် မြို့နယ်ပညာရေးဌာနမှ ကြီးကြပ်ရေးမှူး အပါအဝင် ဆရာ ဆရာမ ၄၅၅ ဦးတို့က စနစ်တကျကြီးကြပ်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှလည်း ဌာနဆိုင်ရာများမှ အရာထမ်းများ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များဖြင့် လုံခြုံရေးကို စီမံဆောင်ရွက်ထားကြောင်း သိရှိရသည်။ **(ဖေထွေးဇော်)**

အထက (၁) စာဖြေဌာနတွင် ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူအချို့ကို တွေ့ရစဉ်။

လေလံတင်ရောင်းချရန်ကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်သစ်ထုတ်ရေးဒေသ၊ ကျောက်ဖျာမြို့နယ် စီမံကိန်းဧရိယာရှိ ရှင်းလင်းဆောင်အဆောက်အဦ(၂)ထပ်(၁၂၀ ပေ × ၆၀ ပေ × ၂၅ ပေ)အဆောက်အဦဟောင်းအား ဖျက်သိမ်းဝယ်ယူရန် အိတ်ဖွင့်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်-

(က)	ပစ္စည်းအမျိုးအမည်	-	အဆောက်အဦဟောင်း(၁)လုံး
(ခ)	လေလံတင်ရောင်းချမည့်		
	နေ့ရက်နှင့်အချိန်	-	၂၅. ၃. ၂၀၁၃(နံနက် ၁၀:၀၀)နာရီ
	နေရာ	-	ဒေသမန်နေဂျာရုံး၊ မြိတ်သစ်ထုတ်ရေးဒေသ
(ဂ)	စည်းကမ်းချက်ရောင်းချမည့်		
	နေ့ရက်	-	၁၈. ၃. ၂၀၁၃
	နေရာ	-	ဒေသမန်နေဂျာရုံး၊ မြိတ်သစ်ထုတ်ရေးဒေသ

၂။ လေလံဝယ်ယူမည့် လျှောက်လွှာနှင့်စည်းကမ်းချက်များကို တစ်စုံလျှင် ၂၀၀၀ိ/- ကျပ်နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

လေလံတင်ရောင်းချရေးကော်မတီ

လွှတ်တော်ရေးရာကဏ္ဍ

ပြည်သူ့လွှတ်တော်အစည်းအဝေး

အမေရိကန်ဒေါ်လာ(၂ ဒသမ ၆)သန်းဖြင့် အင်းလေးကန်ထိန်းသိမ်းကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးစီမံကိန်းများကို ဆောင်ရွက်သွားမည်

နေပြည်တော် မတ် ၁၅

ပြည်သူ့လွှတ်တော်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းကကျင်းပရာ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ၏ **အင်းလေးကန်ထိန်းသိမ်းရေးအတွက် ရန်ပုံငွေများကို မည်ကဲ့သို့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အင်းလေးကန် ရေရှည်တည်တံ့ရေးအတွက် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် အမေရိကန်ဒေါ်လာ (၆)သိန်း၊ နော်ဝေနိုင်ငံအစိုးရမှ အမေရိကန်ဒေါ်လာ(၂)သန်း၊ စုစုပေါင်းအမေရိကန်ဒေါ်လာ (၂ ဒသမ ၆)သန်းဖြင့် အင်းလေးကန်ထိန်းသိမ်းကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးစီမံကိန်းများအဖြစ် ပတ်ဝန်းကျင်နှင့် သစ်တောထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်း၊ ရေနှင့်မြေဆီလွှာထိန်းသိမ်းရေးလုပ်ငန်း၊ စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်း၊ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆိုင်ရာလုပ်ငန်း၊ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်း စသည့် လုပ်ငန်းရပ်များကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ စီမံကိန်းကာလအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အင်းလေးကန်ဒေသထိန်းသိမ်းကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လိုသော အဖွဲ့အစည်းများသည် လုပ်ငန်းအလိုက်ဆောင်ရွက်မည့် အစီအမံများကို စီမံချက်နှင့်တကွ စီမံကိန်းအဆိုပြုလွှာများကိုရေးဆွဲ၍ အင်းလေးကန်ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစီမံကိန်း နည်းပညာဆိုင်ရာအကြံပေးအဖွဲ့ (Technical Advisory Group)သို့ ပေးပို့တင်ပြရမှာဖြစ်ပါကြောင်း၊ အင်းလေးကန်ရေရှည်တည်တံ့စေရေးနှင့် ပြန်လည်ထူထောင်ရေးစီမံကိန်းလုပ်ငန်းများအတွက် ရန်ပုံငွေများကို နိုင်ငံတော်အစိုးရမှ တိုက်ရိုက်ထိန်းချုပ်ဆောင်ရွက်နေခြင်းမဟုတ်ဘဲ(UNDP) အပါအဝင် အင်းလေးကန် ပြန်လည်ထိန်းသိမ်းမွမ်းမံရေးကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေကြသော အဖွဲ့အစည်းများကသာ လုပ်ငန်းအလိုက်ဆောင်ရွက်မည့် ပမာဏ၊ ကုန်ကျသုံးစွဲရမည့် ငွေကြေးများကို စနစ်တကျတွက်ချက်ရေးဆွဲတင်ပြပြီး ၎င်းတို့ကိုယ်တိုင် အဆင့်ဆင့်စိစစ်ကြီးကြပ်ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်သောကြောင့် အခြားအဖွဲ့အစည်းတစ်ခုသို့ ခွဲဝေသုံးစွဲခွင့်ပြုနိုင်ခြင်း မရှိပါကြောင်းဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်က ပြန်လည်ဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီး၏ဖြေကြားချက်အပေါ် မေးခွန်းရှင် **ဦးဝင်းဆွေ**က "အင်းလေးကန်ဒေသပြည်သူများရဲ့ကိုယ်စား မေးခွင့်ရသောမေးခွန်းအပေါ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဒုတိယဝန်ကြီးရဲ့ ဖြေကြားချက်ကို အင်းလေးဒေသနေပြည်သူများနဲ့ သိရှိလိုသူများစုံလင်စွာမှတ်သားနိုင်ရန်၊ နောက်တစ်ရက်တွင် ထုတ်ဝေမယ့်သတင်းစာမှာ ဒီဖြေကြားချက်နဲ့မေးခွန်းကို ပြည့်စုံစွာရေးသားထုတ်ဝေပေးစေလိုပါတယ်၊ ဒုတိယဝန်ကြီးရဲ့ ဖြေကြားချက်ကို ဝမ်းသာစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်" ဟု ပြောပြခဲ့သည်။

အလားတူ အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက **ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနတွင် လုပ်ကိုင်လျက်ရှိသောနေ့စားဝန်ထမ်းများအား အမြဲတမ်းဝန်ထမ်းများအဖြစ် ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း**မေးမြန်းခဲ့ရာ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက နေ့စားဝန်ထမ်းများအား ဌာန၏ဖွဲ့စည်းပုံ အင်အားအတိုင်း အပြည့်အဝခန့်ထားခွင့်ရရှိသည့်အချိန်တွင် တစ်ဦးချင်းစီ၏ပညာအရည်အချင်း၊ လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်၍ အမြဲတမ်းဝန်ထမ်း ခန့်ထားရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ရွေးချယ်လျက်သိမ်းသွင်းနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

သန်လျင်မဲဆန္ဒနယ်မှ **ဦးလွင်ဦး။**
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ဝက်လက်မဲဆန္ဒနယ်မှ သူရ **ဦးအေးမြင့်။**
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ဒုတိယဝန်ကြီး ဒေါက်တာ **ဒေါ်သက်သက်ဇင်။**
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ထို့ပြင် ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့်က **၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေးကော်မတီ၊ ကော်မရှင်များဖွဲ့စည်းဆောင်ရွက်ရေးအတွက် ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်သို့တိုက်တွန်းကြောင်း**ဖြင့် အရေးကြီးအဆိုတစ်ရပ်အဖြစ် တင်သွင်းခဲ့ရာ လွှတ်တော်ကအဆိုကို အတည်ပြုဆုံးဖြတ်ခဲ့သည်။

သန်လျင်မဲဆန္ဒနယ်မှ **ဦးလွင်ဦး**က "ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့်က သူ့အဆိုမှာ ကျိုးကြောင်းဖော်ပြရှင်းလင်းထားပါတယ်။ အခြေခံဥပဒေက ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းနဲ့ထောက်ခံထားတဲ့ ဥပဒေဖြစ်ပါတယ်။ ဒါပေမယ့်အမြဲမှန်ချင်မှမှန်မယ်၊ မှန်တယ်မမှန်ဘူးဆိုတာကိုတော့ လေ့လာဖို့လိုပါတယ်။ တွေ့ရှိချက်တွေအပေါ်မှာ ဆောင်ရွက်သွားဖို့လိုသလို အားလုံးကလည်း လိုအပ်ရင် လိုအပ်သလို ဆောင်ရွက်သွားဖို့လိုပါတယ်"ဟု အဆိုအပေါ် ၎င်း၏အမြင်ကိုပြောပြခဲ့သည်။

အစည်းအဝေးကို အစီအစဉ်(၇)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး အစည်းအဝေး(၂၉)ရက်မြောက်နေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ဗဟိုဘဏ်ဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြု

နေပြည်တော် မတ် ၁၅

ပထမအကြိမ်အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ယနေ့တွင် အစီအစဉ် (၁၃)ခုဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေကြမ်း**ကို လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပေးပို့လာသော **ရာဇသတ်ကြီးကိုပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကျော်ထွန်းအောင်က ဆွေးနွေးပြီး ၎င်းဆွေးနွေးချက်နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်က ကော်မရှင်၏ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တင်ပြလာသော ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်၏ အရအသုံးစာရင်းများ (ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေးစာရင်း) စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကိုလည်းကောင်း၊ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်း ကော်မတီက ကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကိုလည်းကောင်း လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်က "အမျိုးသားလွှတ်တော် ဘဏ္ဍာရေးနဲ့ ဥပဒေရေးရာကော်မရှင်ရဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်က တင်ပြလာတဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်ရဲ့ အရအသုံးစာရင်းတွေ (ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေးစာရင်း) စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ တင်သွင်းဖတ်ကြားခဲ့ပါတယ်။ ဒီစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနဲ့ပတ်သက်ပြီး ပြောရရင် အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းတွေက ဘဏ္ဍာငွေတောင်းခံတဲ့အခါမှာ တကယ်လိုအပ်ချက်ထက် ပိုမိုတောင်းခံတာတွေ ရှိပါတယ်။ ဒါ့ကြောင့်လည်း နှစ်ကုန်တဲ့အခါမှာ နိုင်ငံတော်ကို ပိုငွေတွေပြန်သွင်းဖို့ ရှိနေတာတွေကို တွေ့ရပါတယ်။ တကယ်တော့ ပိုတယ်၊ လိုတယ်ဆိုတာ သိပ်မရှိသင့်ပါဘူး။ တောင်းခံတဲ့ ဘဏ္ဍာငွေနဲ့ အသုံးစရိတ်မျှတနေရပါမယ်။ ပိုငွေတွေများသွားမယ်ဆိုရင် အခြားလိုအပ်တဲ့ သုံးစွဲရမယ့်နေရာတွေအများကြီး နစ်နာနိုင်ပါတယ်။ ဒါ့ကြောင့် စာရင်းတွေ တင်ပြတောင်းခံတဲ့နေရာမှာ မှန်မှန်ကန်ကန်ဖြစ်အောင် တင်ပြတောင်းခံသင့်ပါတယ်" ဟု ပြောပြသည်။

ယင်းနောက် ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်က ဘာသာရေးဆိုင်ရာလုပ်ငန်း အစီအမံများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်အစိုးရများ၏ အစီအမံဖြင့် စီမံခန့်ခွဲခွင့်ပြုပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းရာ ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးပေါ်လျှံလွင်။
(သတင်းစဉ်)

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်။
(သတင်းစဉ်)

လွှတ်တော်များသို့ လာရောက်ကြည့်ရှုလေ့လာ

နေပြည်တော် မတ် ၁၅

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(နေပြည်တော်တပ်ကုန်း)မှ ဝန်ထမ်း ၂၁ ဦး တို့သည် ယနေ့နံနက် ၁၀ နာရီတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် (၂၇)ရက်မြောက်နေ့ ကျင်းပနေပုံများကို လေ့လာပြီး လွှတ်တော်အဆောက်အအုံများသို့ လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၆-၃-၂၀၁၃ (စနေနေ့)

၅း၄၀	"အပြည့်အဝရကြပါစေ"တရားတော် (ဆရာတော် အရှင်သုခေမိတ)
၁၀း၄၅	"Sunkist" official Trade Launch
၁၁း၀၅	Myanmar Cooking Master (Third Season) (Round - 1) (Part-5)
၂း၄၀	ဈေးဝယ်လမ်းညွှန်(Zip! II Fashion)
၅း၃၀	Fashion Week (တော်ဝင်သူ)(Part-2)
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းမရှိလို့ မဖြစ်"(အပိုင်း-၆)
၈း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ပျော်ရွှင်မှု" (အပိုင်း-၅၀)

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၁၅	Everton- Man City	(Fox Sports)
၉း၃၀	Southampton- Liverpool	(Star Sports)
၉း၃၀	Swansea- Arsenal	(Fox Sports)(MRTV-4)

Spain Laliga ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၃၀	Real Madrid - Mallorca	(Star Sports)
၃း၃၀	Valencia - Real Betis	(Star Sports)

*** ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

နေပြည်တော် မတ် ၁၅

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် လွှတ်တော်ကိုယ်စားလှယ် (၆၈)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အဆိုများတင်သွင်းခြင်း၊ ဆွေးနွေးမည့်ရက်သတ်မှတ်ခြင်းတို့ကိုဆောင်ရွက်ကြပြီး အစည်းအဝေးကို ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တန်ဖိုးရှိလှလူငယ်ဘဝ
မူးယစ်ကင်းစင်ကျန်းမာမှ

ပြည်တွင်းရေးရာ

ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံအကြား ဆက်ဆံရေးဆွေးနွေး

နေပြည်တော် မတ် ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး၊ ပြည်ပကုန်သွယ်ရေးနှင့် ဥရောပရေးရာဝန်ကြီး H.E. Mr. Didier Reynders ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိနိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာ၌ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လ်ဂျီယံနိုင်ငံ သံအမတ်ကြီး H. E. Mr. Marc Michielsen လည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြစ်ကြီးနားတွင် ရေလမ်းကြောင်းထိန်းသိမ်းရေးနှင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ အထူးစီးပွားရေးဇုန်များရှိ ဆိပ်ကမ်းတည်ဆောက်စီမံခန့်ခွဲမှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရေး၊ ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံအကြားဆက်ဆံရေး၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ရာတွင် အကူအညီပေးရေးကိစ္စများကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဦးညဏ်ထွန်း ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး၊ ပြည်ပကုန်သွယ်ရေးနှင့် ဥရောပရေးရာဝန်ကြီး H.E. Mr. Didier Reynders အား တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် မတ် ၁၅

ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Didier Reynders ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

❖ ပြည်ထောင်စုလွှတ်တော်မှ

လုပ်ငန်းသုံးရင်းနှီးငွေဖြင့် ဆောင်ရွက်ရာတွင် လိုအပ်ပါက မြန်မာ့စီးပွားရေးဘဏ်မှ သတ်မှတ်အတိုးနှုန်းဖြင့် ချေးယူခွင့်ပြုထားခြင်းတို့ကို ခွင့်ပြုသုံးစွဲစေခဲ့ပါကြောင်း။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက လုပ်ငန်းသုံးရင်းနှီးငွေဖြင့် သုံးစွဲငွေပမာဏမှာ ကျပ်(၁၇၈၄ ဒသမ ၆၈၈) ဘီလီယံရှိပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲဖော်ပြရာတွင် သာမန်အသုံးစရိတ် လျာထားချက်၌ လုပ်ငန်းသုံး ရင်းနှီးငွေကျပ် (၃၆၉၀ ဒသမ ၆၅၄)ဘီလီယံ ပါဝင်ပါကြောင်း။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ရသုံးခန့်မှန်းခြေငွေစာရင်းတွင် အပါအဝင်ဖြစ်သော ပြည်ပချေးငွေ၊ ပြည်ပအကူအညီရငွေနှင့် ဆက်နွှယ်နေသည့် အသုံးစရိတ်များမှာ ပြည်ပအကူအညီရငွေဖြင့် သုံးစွဲမည့် ငွေကျပ်သန်းပေါင်း (၉၂၃၂၉)သန်း၊ ပြည်ပချေးငွေဖြင့် သုံးစွဲမည့် ငွေကျပ်သန်းပေါင်း (၉၀၁၇၉၉) စုစုပေါင်း ကျပ်သန်း (၉၉၄၁၂၈)သန်း ဖြစ်ပါကြောင်း၊ ယင်းပြည်ပအကူအညီနှင့် ချေးငွေတို့၏ သုံးစွဲမှုအသုံးစရိတ်များတွင် နိုင်ငံခြားငွေဖြင့် ပြည်ပအကူအညီရငွေစုစုပေါင်း အမေရိကန်ဒေါ်လာ (၈၉ ဒသမ ၃၂၃)သန်း၊ ပြည်ပချေးငွေရငွေစုစုပေါင်း အမေရိကန်ဒေါ်လာ(၁၀၀၁ ဒသမ ၉၉၇) သန်းတို့ ပါဝင်ကြောင်း။

နိုင်ငံတော်တွင် ဘတ်ဂျက်လိုငွေဖြည့်ဆည်းခြင်းနှင့် ပတ်သက်၍ ဖြည့်ဆည်းရာတွင် ပြည်ပချေးငွေ၊ ထောက်ပံ့ငွေတို့ကို နုတ်ပယ်ပြီးနောက် ပြည်တွင်းချေးငွေဖြင့် ဖြည့်ဆည်းပါကြောင်း၊ ပြည်တွင်းမှ ချေးယူရာတွင် အစိုးရငွေတိုက်စာချုပ် (Government Treasury Bond) များ ထုတ်ဝေရောင်းချ၍ ဖြည့်ဆည်းခြင်းနှင့် အစိုးရငွေတိုက်လက်မှတ်(Government Treasury Bill) များထုတ်ဝေ၍ ဖြည့်ဆည်းခြင်းဟူ၍ နှစ်မျိုးရှိပါကြောင်း၊ လက်ရှိအခြေအနေအရ အစိုးရငွေတိုက်စာချုပ်များ ထုတ်ဝေရာတွင် (၃)မျိုးရှိပါကြောင်း၊ ၎င်းတို့မှာ သက်တမ်း (၂)နှစ်၊ (၃)နှစ်နှင့် (၅)နှစ်ရှိ ငွေတိုက်စာချုပ်များ ဖြစ်ပါကြောင်း၊ ၎င်းတို့အတွက် အတိုးနှုန်းများမှာ တစ်နှစ်လျှင် (၈ ဒသမ ၇၅)ရာခိုင်နှုန်း၊ (၉)ရာခိုင်နှုန်းနှင့် (၉ ဒသမ ၅)ရာခိုင်နှုန်းတို့ဖြစ်ပါကြောင်း၊ ၎င်းတို့အတွက် အတိုးနှုန်းစာချုပ်များအား အများပြည်သူအပါအဝင် အဖွဲ့အစည်းအလိုက် ရင်းနှီးမြှုပ်နှံသူများ၊ တစ်ဦးချင်း ရင်းနှီးမြှုပ်နှံသူများသို့ ရောင်းချပေးပါကြောင်း၊ တစ်နည်းအားဖြင့် အစိုးရက အများပြည်သူထံမှ ငွေချေးယူခြင်းဖြစ်ပါကြောင်း၊ အစိုးရငွေတိုက်လက်မှတ်များအား သက်တမ်း (၃)လသတ်မှတ်ထားပြီး အတိုးနှုန်း တစ်နှစ်လျှင် (၄)ရာခိုင်နှုန်း သတ်မှတ်ထားပါကြောင်း၊ ငွေတိုက်လက်မှတ်များကို အဓိကအားဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ရောင်းချပေးခြင်း ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် အစိုးရက နိုင်ငံတော်ဗဟိုဘဏ်ထံမှ ငွေချေးယူခြင်းဖြစ်ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) ဝန်ထမ်းများအတွက် လက်ရှိသတ်မှတ်ထားသောလစာနှင့် စရိတ်နှုန်းထားများအပြင် အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လကျပ်(၃၀၀၀၀)နှုန်းဖြင့် လည်းကောင်း၊ အစိုးရဌာနနှင့် အဖွဲ့အစည်းများရှိ နေ့စားအလုပ်သမားများ၏ လုပ်ခကို လက်ရှိသတ်မှတ်ထားသော လုပ်ခအပေါ်တွင် အပိုထောက်ပံ့ကြေး ကျပ်(၁၀၀၀) နှုန်းဖြင့် လည်းကောင်း ၂၀၁၂ ခုနှစ် ဧပြီ(၁)ရက်မှစ၍ ခွင့်ပြုခဲ့ပါကြောင်း၊ ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်လည်း နိုင်ငံ့ဝန်ထမ်းများအတွက် လစာနှုန်းထားကို ကျပ်(၂၀၀၀၀)စီ တိုးမြှင့်ပေးနိုင်ရန်နှင့် အချိုးကျတိုးမြှင့်လာမည့် ပင်စင်လစာနှင့် ဆုငွေများအတွက် သာမန်အသုံးစရိတ်တွင် ထည့်သွင်းလျာထားမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ ထို့အပြင် လက်ရှိခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး၊ ဒေသစရိတ်တို့ကိုလည်း ပြောင်းလဲမှုမရှိ ဆက်လက်ထောက်ပံ့ပေးနိုင်ရန် လျာထားပါကြောင်း။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပညာရေးအသုံးစရိတ်နှင့် ကျန်းမာရေး အသုံးစရိတ်တို့ကို တိုးမြှင့်လျာထားပေးခဲ့ပါကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ အသုံးစရိတ်တွင် ယခင်နှစ်ပြုပြင်ပြီး ခန့်မှန်းခြေငွေအရ ကျပ်(၆၄၂၈၉၀ ဒသမ ၃၃၆)သန်း၊ ယခုနှစ် မူလခန့်မှန်းခြေအရ ကျပ်(၉၀၇၉၇၆ ဒသမ ၆၂၄) သန်းဖြစ်သဖြင့် ကျပ်(၂၆၅၀၈၆ ဒသမ ၂၈၈)သန်း တိုးမြှင့်လျာထားပါကြောင်း၊ စုစုပေါင်း အသုံးစရိတ်တွင် ပါဝင်မှုအချိုး (၅ ဒသမ ၈၄)ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ ကျန်းမာရေး အသုံးစရိတ်နှင့် ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ ယခင်နှစ်ပြုပြင်ပြီး ခန့်မှန်းခြေအရ အသုံးစရိတ် ကျပ်(၃၆၈၆၆၁ ဒသမ ၅၄၈)သန်း၊ ယခုနှစ် မူလခန့်မှန်းခြေအရ အသုံးစရိတ် ကျပ် (၄၉၉၃၀၆ ဒသမ ၃၀၃)သန်းဖြစ်၍ ကျပ်(၁၃၀၆၄၄ ဒသမ ၇၅၅) သန်း တိုးမြှင့်လျာထားပါကြောင်း၊ စုစုပေါင်း အသုံးစရိတ်တွင် ပါဝင်မှုအချိုး(၃ ဒသမ ၂၀) ရာခိုင်နှုန်း ဖြစ်ပါကြောင်းဖြင့် တင်သွင်းသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ကော်မတီက ဖတ်ကြားရှင်းလင်းရာတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်း ရငွေကျပ် (၁၃ ဒသမ ၈၀၅) ထရီလီယံဖြစ်ပြီး စုစုပေါင်းသုံးငွေကျပ် (၁၆ ဒသမ ၇၃၂) ထရီလီယံဖြစ်သဖြင့် လိုငွေကျပ်(၂ ဒသမ ၉၂၇) ထရီလီယံရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ဂျီဒီပီမှာ ကျပ်(၅၉ ဒသမ ၂၄၈) ထရီလီယံဖြစ်သဖြင့် လိုငွေနှင့် ဂျီဒီပီအချိုးမှာ (၄ ဒသမ ၉၄) ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ယမန်နှစ်မူလခန့်မှန်းခြေတွင် လုပ်ငန်းသုံးရင်းနှီးငွေကို ထည့်သွင်းရေးဆွဲခြင်း မရှိသော်လည်း ၂၀၁၃-၂၀၁၄ တွင် လုပ်ငန်းသုံး ရင်းနှီးငွေကျပ် (၃ ဒသမ ၆၉၀) ထရီလီယံအပါအဝင် ထည့်သွင်းရေးဆွဲထားသော်လည်း လိုငွေနှင့် ဂျီဒီပီအချိုးမှာ (၄ ဒသမ ၉၄) ရာခိုင်နှုန်းသာရှိသဖြင့် ရသုံးခန့်မှန်းခြေငွေစာရင်းအား ကျစ်ကျစ်လျစ်လျစ် ရေးဆွဲထားသည်ကို တွေ့ရှိရပါကြောင်း။

၂၀၁၃-၂၀၁၄ ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းရငွေမှာ ကျပ် (၁၁ ဒသမ ၈၆၆)ထရီလီယံဖြစ်သော်လည်း ၂၀၁၃-၂၀၁၄၏ မူလခန့်မှန်းခြေတွင် ကျပ် (၁၃ ဒသမ ၂၁၄) ထရီလီယံရရှိရန် မျှော်မှန်းထားသဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ဝင်ငွေများ တိုးတက်ရရှိအောင် ရှာဖွေလာနိုင်သည်ကို တွေ့ရှိရပါကြောင်း၊ အခွန်အကောက်ရငွေမှာ ကျပ်(၂ ဒသမ ၆၀၈)ထရီလီယံဖြစ်ပြီး အခွန်နှင့် ဂျီဒီပီအချိုးမှာ (၄ ဒသမ ၄)ရာခိုင်နှုန်းဖြစ်သဖြင့် ယမန်နှစ်ကထက် အခွန်အကောက်ရရှိငွေများစွာ တိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ၂၀၁၃-၂၀၁၄ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းအရ ကျပ်(၄၄၆)ဘီလီယံသာ ဖြည့်ဆည်းပေးနိုင်ခဲ့သော်လည်း ၂၀၁၃-၂၀၁၄ မူလခန့်မှန်းခြေတွင် ကျပ်(၅၈၀) ဘီလီယံ ထောက်ပံ့ဖြည့်ဆည်းနိုင်သည်ဖြစ်ရာ ယမန်နှစ်ကထက် ကျပ်(၁၃၄) ဘီလီယံ ပိုမိုဖြည့်ဆည်းပေးနိုင်သည်ကို တွေ့ရှိရပါကြောင်း။

ပြည်ထောင်စု လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးဖြစ်သည့် ၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ကိုက်ညီရန် ပြင်ဆင်ရေးဆွဲပြီး အချိန်မီတင်ပြနိုင်ရေး အားထုတ်ကြိုးပမ်းဆောင်ရွက်ပေးခဲ့မှုများကို အသိအမှတ်ပြုကြိုဆိုပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်များအပေါ် စီမံကိန်းတန်ဖိုးများ ထည့်သွင်းရေးဆွဲပြဋ္ဌာန်းထားသည်ကိုတွေ့ရခြင်း၊ ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဆိုင်ရာဥပဒေတွင် ပါဝင်သော ဒေသဖွံ့ဖြိုးရေးရန်ပုံငွေအား သန်း(၆၀)ရှိသောပြည်သူများနှင့် မြို့နယ်(၃၃၀) အတွက် လွှတ်တော်ရုံးခေါင်းစဉ်အောက်တွင် ဖြည့်စွက်ပြဋ္ဌာန်းပေးထားခြင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ အတတ်နိုင်ဆုံး ဖြည့်ဆည်းပံ့ပိုးပေးထားခြင်းတို့အတွက် အသိအမှတ်ပြုကြိုဆိုပါကြောင်းဖြင့် တင်ပြသည်။

လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက က ရှင်းလင်းတင်ပြပြီး သဘောထားကွဲလွဲချက်များအပေါ် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ကော်မတီက ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များနှင့်အတူ ပြန်လည်ပေးပို့လာသော ၂၀၁၃ ခုနှစ်၊ အနည်းဆုံး အခကြေးငွေဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကက ရှင်းလင်းတင်ပြပြီး နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အပေါ် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကိုကော်မတီကရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုလွှတ်တော် အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို မတ်လ ၁၈ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။ **(သတင်းစဉ်)**

ဥပဒေစည်းကမ်းအပေါ် ဗိုလ်ချ

လွတ်လပ်သောလူမျိုး၊ လွတ်လပ်သောနိုင်ငံဟူသည် အချုပ်အခြာအာဏာပိုင်စိုးသော လူမျိုး၊ အချုပ်အခြာအာဏာပျံ့နှံ့တည်ရှိရာ ပိုင်နက်နယ်မြေဖြစ်သည်။ လွတ်လပ်ခြင်းဟူသည် မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးကောင်းကျိုးကို မိမိတို့နိုင်ငံသား(အများစုကြီး)၏ ဆန္ဒနှင့်အညီ လွတ်လပ်စွာဆုံးဖြတ်ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခွင့်(ဝါ)ကိုယ့်ကြမ္မာကိုယ် လွတ်လပ်စွာဖန်တီးခွင့် The Right of Self Determination ရှိခြင်းဖြစ်သည်။

အချုပ်အခြာအာဏာဟူသည် ကိုယ့်နိုင်ငံကိုယ့်လူမျိုးတို့၏ ကောင်းကျိုးချမ်းသာကို ဖော်ဆောင်နိုင်သော အမြင့်ဆုံးအာဏာရပ်ကြီးပင်ဖြစ်သည်။ အချုပ်အခြာအာဏာကို ယင်းနိုင်ငံသားများကပိုင်လျှင် ယင်းနိုင်ငံလွတ်လပ်သည်။ အချုပ်အခြာအာဏာနှင့် နိုင်ငံပိုင်နက်နယ်မြေကို တိုင်းတစ်ပါးသားတို့က ပိုင်ဆိုင်နေပြီဆိုလျှင် ယင်းနိုင်ငံသားတို့သည် သူ့ကျွန်ဘဝသို့ ကျရောက်နေပြီဟု သိကြရပေမည်။ ထို့ကြောင့် မိမိတို့သာ ပိုင်ဆိုင်အပ်ပြီး မိမိတို့နိုင်ငံ ပိုင်နက်နယ်မြေတစ်ခုလုံး ပျံ့နှံ့တည်ရှိနေ၍ နိုင်ငံတိုင်းမှ နိုင်ငံသားတိုင်း ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ကြရခြင်းဖြစ်ပေသည်။ အချုပ်အခြာအာဏာလက်လွှတ်ဆုံးရှုံးလျှင် ယင်းနိုင်ငံသားများပင် အချုပ်အခြာအာဏာကို မိမိတို့လက်ဝယ်ပြန်လည်ရရှိအောင်(သို့မဟုတ်)လွတ်လပ်ရေးပြန်ရအောင် အသက်သွေးချွေးရင်းနှီး၍ ပြန်လည်တိုက်ယူကြရပေသည်။

မြန်မာနိုင်ငံသည် ကိုယ့်ထီးကိုယ့်နန်းကိုယ်ကြငှန်းဖြင့် လွတ်လပ်သောနိုင်ငံအဖြစ် ရပ်တည်နေခဲ့ရာမှ ၁၈၈၅ ခုနှစ်တွင် တိုင်းတစ်ပါးသားလက်အောက်ကျရောက် ကျွန်ဖြစ်ခဲ့ရသည်။ ထို့ကြောင့်လည်း လွတ်လပ်ရေးပြန်ရအောင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုခွန်အား၊ မျိုးချစ်စိတ်ဓာတ်စွမ်းအားဖြင့် ကြိုးပမ်းခဲ့ကြခြင်းဖြစ်သည်။ ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ယင်းမြေပေါ် အတူပေါက်ဖွားနေထိုင်ကြကုန်သော တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နိုင်ငံ၊ လွတ်လပ်သည့်လူမျိုးအဖြစ် ကမ္ဘာပေါ်တွင် မားမားမတ်မတ်ရပ်တည်နေနိုင်ခြင်းဖြစ်ပေသည်။

လွတ်လပ်ခြင်း(ဝါ)အချုပ်အခြာအာဏာပိုင်စိုးခြင်းတို့သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် လုံခြုံစေ၊ ငြိမ်းချမ်းစေ၊ တိုးတက်ဖွံ့ဖြိုးစေခွင့်များကို အာမခံသောဥပဒေပြုခွင့်ရှိစေသည်။ ထိုဥပဒေများသည် ပြည်သူတို့အတွက် အကောင်းဆုံးသတ်မှတ်ချက်များဖြစ်၍ ပြည်သူအများစုက လက်ခံလာကြပေမည်။ နိုင်ငံလူဦးရေများပြားတိုးပွားလွန်းလာသော ယနေ့ခေတ်သစ်ကမ္ဘာ၌ ပြည်သူတို့အားလုံး (ကိုယ်တိုင်) စုဝေးတိုင်ပင်ခြင်း၊ ဆုံးဖြတ်ခြင်း၊ ဥပဒေ-စည်းမျဉ်း-စည်းကမ်းသတ်မှတ်ခြင်းများ မပြုနိုင်၍ ပြည်သူတို့ကိုယ်စား ပြည်သူ့အရေးအရာ၊ နိုင်ငံအရေးအရာများကို ပြည်သူတို့ကိုယ်စား ဆောင်ရွက်ပေးမည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ဆန္ဒမဲပေးရွေးကောက်တာဝန်(Mandate) ပေးသည်။

အချုပ်အခြာအရပ်ရပ်ကြီး၏ ခက်မသုံးဖြာဖြစ်သော (၁) ဥပဒေပြုရေးအာဏာ၊(၂) စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးအာဏာ၊ (၃) တရားစီရင်ရေးအာဏာတို့ကို ပြည်သူ့ကိုယ်စားလှယ်တို့က ဦးစီးဦးကိုင်ပြုကာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စီစဉ်ဆောင်ရွက်ရသည်။ နိုင်ငံတော်နှင့်နိုင်ငံသားတို့ လုံခြုံရေး၊ အေးချမ်းတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတကာနှင့်ဆက်ဆံရေး၊ပြည်သူတို့၏ ကျန်းမာရေး၊ပညာရေး၊ဆန္ဒသဘောထားဖော်ထုတ်တင်ပြရေး၊ ကြိုက်နှစ်သက်ရာ ဘာသာကိုးကွယ်၍ အသက်မွေးဝမ်းကျောင်းပြုရေး၊ စိတ်တိုင်းကျသွားလာ လုပ်ကိုင်နိုင်ရေး၊ လွတ်လပ်စွာနေထိုင်ရေးတို့အတွက် လိုအပ်သော ဥပဒေ များကိုပြုကြရသည်။ ပြဋ္ဌာန်းကြရသည်။ ဤသည်မှာ ပြည်သူ့ကိုယ်စားလှယ် (အမတ်)ချုပ်က ပါလီမန်လွှတ်တော်များဖွဲ့စည်းထူထောင်လျက် အများဆန္ဒနှင့်အညီ ဥပဒေပြုခွင့်တည်းဟူသော အချုပ်အခြာအာဏာကို ပြည်သူ့ကိုယ်စား ကျင့်သုံးဆောင်ရွက်ခြင်းပင်ဖြစ်သည် (ဝါ) ဤသည်မှာ လူထုဆန္ဒ၊ ပြည်သူအများစုဆန္ဒကို အကောင်အထည်ဖော်ဆောင်သော ဒီမိုကရေစီကျင့်သုံးခြင်းပင်ဖြစ်သည်။"ဒီမို Demo" ဟူသော စကားလုံး၏ မူလဇာစ်မြစ်မှာ ဂရိဘာသာစကားဖြစ်သည်။ အဓိပ္ပာယ်မှာ "ပြည်သူ People" ဟူ၍ ဖြစ်သည်။

ပြည်သူ့ကိုယ်စားလှယ်များအား ဥပဒေပြုခွင့်အာဏာကို စုပေါင်း၍ ကျင့်သုံးကာ နိုင်ငံအတွက် ဥပဒေကောင်းများ ပြုလုပ်ပြဋ္ဌာန်းလျက် ယင်းဥပဒေများကို အကောင်အထည်ဖော်ရင်း ပြည်သူ့အရေးအရာများ စီမံခန့်ခွဲ စီရင်အုပ်ချုပ်သောအစိုးရအဖွဲ့များ ရှိလာရသည်။ ယင်းအစိုးရအဖွဲ့များကို ပြည်သူ့ကိုယ်စားလှယ်(အမတ်)များက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ

ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ မိခင်နှင့်

စောင့်ရှောက်ရေးအသင်းသို့ ကွန်ပျူတာနှင့် အလှူငွေများ ပေး

နေပြည်တော် မတ် ၁၅

ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ဗီယက်နမ်နိုင်ငံ Viettel Group မှ ကွန်ပျူတာနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စည်းကမ်းအပေါ် ဗိုလ်ချုပ်အောင်ဆန်းအမြင်

တက္ကသိုလ်မြတ်သူ

ာလူမျိုး၊ လွတ်လပ်သောနိုင်ငံဟူသည် အချုပ်အခြာ
လူမျိုး၊ အချုပ်အခြာအာဏာပျံ့နှံ့တည်ရှိရာ ပိုင်နက်
လွတ်လပ်ခြင်းဟူသည် မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးကောင်း
ား(အများစုကြီး)၏ ဆန္ဒနှင့်အညီ လွတ်လပ်စွာဆုံးဖြတ်
ထည်ဖော်ဆောင်ရွက်ခွင့်(ဝါ)ကိုယ့်ကြမ္မာကိုယ် လွတ်
The Right of Self Determination ရှိခြင်းဖြစ်

အာဏာဟူသည် ကိုယ့်နိုင်ငံကိုယ့်လူမျိုးတို့၏ ကောင်း
ဖော်ဆောင်နိုင်သော အမြင့်ဆုံးအာဏာရပ်ကြီးပင်ဖြစ်
အာဏာကို ယင်းနိုင်ငံသားများကပိုင်လျှင် ယင်းနိုင်ငံ
အချုပ်အခြာအာဏာနှင့် နိုင်ငံပိုင်နက်နယ်မြေကို တိုင်း
ပိုင်ဆိုင်နေပြီဆိုလျှင် ယင်းနိုင်ငံသားတို့သည် သူ့ကျွန်
နေပြီဟု သိကြရပေမည်။ ထို့ကြောင့် မိမိတို့သာ ပိုင်ဆိုင်
ပိုင်နက်နယ်မြေတစ်ခုလုံး ပျံ့နှံ့တည်ရှိနေ၍ နိုင်ငံတိုင်းမှ
န်းသိမ်းစောင့်ရှောက်ကာကွယ်ကြရခြင်းဖြစ်ပေသည်။
ာလက်လွှတ်ဆုံးရှုံးလျှင် ယင်းနိုင်ငံသားများပင် အချုပ်
မိတို့လက်ဝယ်ပြန်လည်ရရှိအောင်(သို့မဟုတ်)လွတ်လပ်
သက်သွေးချွေးရင်းနှီး၍ ပြန်လည်တိုက်ယူကြရပေသည်။
သည် ကိုယ့်ထီးကိုယ့်နန်းကိုယ်ကြငှန်းဖြင့် လွတ်လပ်
ပ်တည်နေခဲ့ရာမှ ၁၈၈၅ ခုနှစ်တွင် တိုင်းတစ်ပါးသား
ာက် ကျွန်ဖြစ်ခဲ့ရသည်။ ထို့ကြောင့်လည်း လွတ်လပ်ရေး
ရင်းသားစည်းလုံးညီညွတ်မှုခွန်အား၊ မျိုးချစ်စိတ်ဓာတ်
မ်းခဲ့ကြခြင်းဖြစ်သည်။ ယနေ့ ပြည်ထောင်စုမြန်မာ
မြေပေါ်အတူပေါက်ဖွားနေထိုင်ကြကုန်သော တိုင်းရင်း
မာင်နှမများအားလုံးသည် အချုပ်အခြာအာဏာပိုင်
င်၊ လွတ်လပ်သည့်လူမျိုးအဖြစ် ကမ္ဘာပေါ်တွင် မားမား
နနိုင်ခြင်းဖြစ်ပေသည်။
း(ဝါ)အချုပ်အခြာအာဏာပိုင်စိုးခြင်းတို့သည် နိုင်ငံတော်
တွက် လုံခြုံစေ၊ ငြိမ်းချမ်းစေ၊ တိုးတက်ဖွံ့ဖြိုးစေခွင့်များကို
ဒပြုခွင့်ရှိစေသည်။ ထိုဥပဒေများသည် ပြည်သူတို့
ဆုံးသတ်မှတ်ချက်များဖြစ်၍ ပြည်သူအများစုက လက်ခံ
ငံလူဦးရေများပြားတိုးပွားလွန်းလာသော ယနေ့ခေတ်သစ်
အားလုံး (ကိုယ်တိုင်) စုဝေးတိုင်ပင်ခြင်း၊ ဆုံးဖြတ်ခြင်း၊
စည်းကမ်းသတ်မှတ်ခြင်းများ မပြုနိုင်၍ ပြည်သူတို့
ရေးအရာ၊ နိုင်ငံအရေးအရာများကို ပြည်သူတို့ကိုယ်စား
ဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ဆန္ဒမဲပေး
(Mandate) ပေးသည်။
အရပ်ရပ်ကြီး၏ ခက်မသုံးဖြာဖြစ်သော (၁) ဥပဒေပြုရေး
ခွဲရေး၊ အုပ်ချုပ်ရေးအာဏာ၊ (၃) တရားစီရင်ရေးအာဏာ
စားလှယ်တို့က ဦးစီးဦးကိုင်ပြုကာ နိုင်ငံတော်ဖွဲ့စည်းပုံ
အညီ စီစဉ်ဆောင်ရွက်ရသည်။ နိုင်ငံတော်နှင့်နိုင်ငံသားတို့
းတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ရပ်ရွာအေးချမ်းသာ
ဒေစိုးမိုးရေး၊ နိုင်ငံတကာနှင့်ဆက်ဆံရေး၊ပြည်သူတို့၏
ရေး၊ဆန္ဒသဘောထားဖော်ထုတ်တင်ပြရေး၊ ကြိုက်
ာသာကိုးကွယ်၍ အသက်မွေးဝမ်းကျောင်းပြုရေး၊
ာ လုပ်ကိုင်နိုင်ရေး၊ လွတ်လပ်စွာနေထိုင်ရေးတို့အတွက်
ဒ များကိုပြုကြရသည်။ ပြဋ္ဌာန်းကြရသည်။ဤသည်မှာ
ယ် (အမတ်)ချုပ်က ပါလီမန်လွှတ်တော်များဖွဲ့စည်း
အများဆန္ဒနှင့်အညီ ဥပဒေပြုခွင့်တည်းဟူသော
ာကို ပြည်သူ့ကိုယ်စား ကျင့်သုံးဆောင်ရွက်ခြင်းပင်
ဤသည်မှာ လူထုဆန္ဒ၊ ပြည်သူအများစုဆန္ဒကို
ဖော်ဆောင်သော ဒီမိုကရေစီကျင့်သုံးခြင်းပင်ဖြစ်
" ဟူသော စကားလုံး၏ မူလဇာစ်မြစ်မှာ ဂရိဘာသာ
အဓိပ္ပာယ်မှာ "ပြည်သူ People" ဟူ၍ ဖြစ်သည်။
စားလှယ်များအား ဥပဒေပြုခွင့်အာဏာကို စုပေါင်း၍
အတွက် ဥပဒေကောင်းများ ပြုလုပ်ပြဋ္ဌာန်းလျက် ယင်း
ာင်အထည်ဖော်ရင်း ပြည်သူ့အရေးအရာများ စီမံခန့်ခွဲ
အစိုးရအဖွဲ့များ ရှိလာရသည်။ ယင်းအစိုးရအဖွဲ့များကို
ယ်(အမတ်)များက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ

နှင့်အညီ ရွေးကောက်တင်မြှောက်ဖွဲ့စည်းပေးရသည်။ ဤသည်မှာ ဒီမိုကရေစီကျင့်စဉ်ပင်ဖြစ်ပေသည်။ ပြည်သူများကောင်းကျိုးကို ပြဋ္ဌာန်းဥပဒေများ၊နိုင်ငံတော်အခြေခံဥပဒေတို့နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် အစိုးရအဖွဲ့များတွင် လုံးဝတာဝန်ရှိပေသည်။

ဥပဒေပြုအဖွဲ့အစည်း (လွှတ်တော်)များက အခြေခံဥပဒေနှင့်အညီ ဥပဒေပြုပေးထားပါလျက် ယင်းဥပဒေများကို ဆန့်ကျင်ချိုးဖောက်သူများ ရှိလာလျှင် ယင်းဥပဒေများနှင့်အညီ ဥပဒေကိုအကောင်အထည်ဖော် ပြည်သူ့ရေးရာများကို နည်းလမ်းတကျ၊ စည်းကမ်းတကျဖော်ဆောင်ရသည့် အစိုးရအဖွဲ့များ၏လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ဆန့်ကျင်နှောင့်ယှက်လာသူများရှိလာလျှင် ဥပဒေနှင့်အညီ စစ်ဆေးကာ အပြစ်ကျူးလွန်သူ ကို နောက်နောင် ထိုသို့ဥပဒေမချိုးဖောက်၊ နိုင်ငံတော်လုပ်ငန်းများ မဆန့်ကျင်ဝံ့အောင် ဟန့်တားသောပြစ်ဒဏ်များ စီရင်ရသောတရားရုံးများရှိရသည်။ တရားစီရင်နိုင်ရေးတည်းဟူသော အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာကို တာဝန်ယူရသောအဖွဲ့အစည်းများသည် တရားရုံးများဖြစ်ပေသည်။ ရှေးက ဘုရင်များသည်ပင် ဥပဒေကိုပညာရှိမှူးမတ်တို့နှင့် တိုင်ပင်ပြဋ္ဌာန်းကြလေသည်။ နယ်ချဲ့အစိုးရ၊ ဖက်ဆစ်အစိုးရ စသည့် တရားနည်းလမ်းမကျစွာ နိုင်ငံများအား ကျူးကျော်တိုက်ခိုက်သိမ်းပိုက်သွေးစုပ်တတ်သောသူများသာလျှင် ဥပဒေကိုပြုရာ၌ ၎င်းတို့မတော်မတရားကိုယ်ကျိုးရှာအုပ်စိုးမှု သက်ဆိုးရှည်စေရန် မူလနိုင်ငံသားတို့အပေါ် ဖိနှိပ်ချုပ်ချယ်ကန့်သတ်သောဥပဒေများပြုသည်။ ဖိနှိပ်ရေး၊သွေးစုပ်ခြယ်လှယ်ရေးနည်းလမ်းများဖြင့် အုပ်ချုပ်သည်။ မူလနိုင်ငံသားတို့အား မတော်မတရားထောင်ချ၊ ကြိုးပေးကွပ်မျက် စသည့် တရားစီရင်ရေးများ ကျင့်သုံးပေသည်။

ကိုယ့်နိုင်ငံကိုယ့်လူမျိုး ကိုယ်စားလှယ်(လွှတ်တော်)မျိုး၊ ကိုယ့်လူမျိုး အစိုးရမျိုးအား နိုင်ငံအခြေအနေအရ လိုအပ်လွန်းမှသာ ဥပဒေချိုးဖောက်မှုကို ပိုမိုပြင်းထန်စွာ အပြစ်ပေးနိုင်သော အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးအာဏာများကို ကျင့်သုံးတတ်ပေသည်။ နိုင်ငံတော်အခြေအနေအရ နိုင်ငံတော်မပြိုကွဲရန် နိုင်ငံတာဝန်ဝင်ယူရသည့် အမျိုးသားအစိုးရများကမူ လွှတ်တော်ဟူ၍မထားဘဲ နိုင်ငံတော်တည်မြဲအောင်၊ ရပ်ရွာအေးချမ်းအောင် ဖြစ်နိုင်သမျှ ဥပဒေကောင်းများကို ယင်းယာယီကြားဖြတ်အိမ်စောင့်အရေးပေါ် အစိုးရများက ပြဋ္ဌာန်းစီမံအုပ်ချုပ်တတ်သည်။

ဥပဒေဆိုသည်မှာ နိုင်ငံတိုင်းတွင် ရှိကြသည်ချည်းဖြစ်ပေသည်။ ဥပဒေမရှိလျှင်၊ ဥပဒေနှင့်အညီမအုပ်ချုပ်လျှင် မင်းမဲ့နိုင်ငံ၊ အထိန်းအကွပ်မဲ့ စည်းမဲ့ကမ်းမဲ့ ပရမ်းပတာနိုင်ငံ၊ ဖက်ဆစ်နိုင်ငံဖြစ်သွားပေမည်။ ဥပဒေပညာရှင်ကြီး ဂျွန်ဩစတင်က"ဥပဒေ စစ်စစ်ဆိုသည်မှာ လူသားတို့မလိုက်နာလျှင် မနေရသည့် အမိန့်သာဖြစ်၍ ယင်းအမိန့်မဟုတ်သော ဥပဒေသည် ဥပဒေဟု ခေါ်နေသော်လည်း အမှန်တကယ် ဥပဒေစစ်မဟုတ်ပေ"ဟု ဆိုခဲ့၊ရေးခဲ့သည်။

ဂျွန်ဩစတင်က ဥပဒေကို လေးမျိုးခွဲခြားတင်ပြခဲ့သည်။ ယင်းတို့မှာ

(၁) မုက္ခပါဠိ ပညတ်တရား သို့မဟုတ် ဘုရားသခင်ဥပဒေ။ (DIVINE LAN OR LAW OF GOD) ယင်းဥပဒေသည် ဘုရားသခင်က လူသတ္တဝါတို့အတွက် ဖန်တီးပေးထားသော ဥပဒေဖြစ်သည်။
(၂) ပြုလုပ်ပြဋ္ဌာန်းဥပဒေ။ (POSITIVE LAW) ယင်းဥပဒေသည် လူသားများလှုပ်ရှားဆက်ဆံမှုအတွက် ပြုလုပ်ထားသည့် ဥပဒေဖြစ်သည့်အလျောက် ဤဥပဒေကိုသာလျှင် ဥပဒေစစ်စစ်ဟု ခေါ်ဆိုနိုင်သည်။
(၃) တိကျကိုယ်ကျင့်တရား။(POSITIVE MORALITY)ယင်းကိုယ်ကျင့်တရားသည် လောကဓံဘာသာရေးဥပဒေနှင့်ဆန့်ကျင်ခြင်းမရှိဘဲ ညီညွတ်မှုရှိသော ကိုယ်ကျင့်တရားပင်ဖြစ်သည်။
(၄) ပုံဆောင်ဥပဒေ။(LAW IN A FIGURATIVE SENSE) အမြင်အားဖြင့် ဥပဒေဟုထင်ရသော်လည်း ဥပဒေအစစ်မဟုတ်ချေ။ ပုံစံအားဖြင့် နေထိုင်မှုဆိုင်ရာ စည်းကမ်းမျိုးဖြစ်ပေသည်။ ဥပဒေစစ်မဟုတ်၊ ဥပဒေနှင့်ဆင်တူသော စည်းကမ်းချက်သာဖြစ်၏ဟု ဖော်ပြထားသည်။

ဥပဒေဟူသည် နိုင်ငံတော်တည်တံ့ခိုင်မြဲရန်၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲပြီး အစဉ်အမြဲအကောင်းဆုံး သက်ဝင်လှုပ်ရှားမှုရှိရန်၊ နိုင်ငံသားတို့လုံခြုံ၊ အေးချမ်း၊ ဘဝဖူလုံ၊ ဖွံ့ဖြိုးတိုးတက်၊ ထာဝရလွတ်လပ်နေရန် အာမခံထားသော မလိုက်နာမနေရ ခြိမ်းခြောက်ဆန့်ကျင်လျှင် အရေးယူအပြစ်ပေးရပေသည်။ ဥပဒေသည် ချည်နှောင်အား(စည်းနှောင်အား)ရှိရပေသည်။ ဤသို့လုပ်ရသည်။ ထိုသို့မလုပ်ကြရ။ မလိုက်နာလျှင်၊ ချိုးဖောက်ဆန့်ကျင်လျှင် ဤမည်သော ပြစ်ဒဏ်များခံကြရမည်ဟု စနစ်တကျပြဋ္ဌာန်းချက်များဖြစ်ပေသည်။

ဥပဒေပြုအာဏာပိုင်အဖွဲ့ဝင် ပြည်သူ့ကိုယ်စားလှယ်ဥပဒေပြုအမတ်များ(LAW MAKER)များက ဒီမိုကရေစီနည်းကျညှိနှိုင်းကြပြီး နိုင်ငံသားများ အကျိုးကို မျက်နှာမူ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်းမှ ဥပဒေရေးဆွဲပြဋ္ဌာန်းသော လုပ်ထုံးလုပ်နည်းနှင့်အညီ ဥပဒေများပေါ်ထွန်းလာရပေသည်။

၁၉၄၇ ခုနှစ် မေ ၁၇ ရက်နေ့၌ ဗိုလ်ချုပ်အောင်ဆန်း၏ နှစ်သစ်ကူးမိန့်ခွန်းကို မြန်မာ့အသံကတစ်ဆင့် အသံလွှင့်မိန့်ကြားရာ၌ ဗိုလ်ချုပ်က ဥပဒေ၊ စည်းကမ်း၊ ဒီမိုကရေစီကျင့်စဉ်တို့ကို တရားနည်းလမ်းတကျ ကျင့်သုံးလုပ်ဆောင်ကြ၊ ချိုးဖောက်လျှင်မူ အရေးယူမည်စသည်ဖြင့် ပြောကြားခဲ့ပုံကို အောက်တွင်ထုတ်နုတ်ဖော်ပြအပ်ပါသည်။

"ကျွန်တော်တို့ ဘယ်သူ့ကိုမှ နိုင်ငံရေးအတိုက်အခံသမားတွေကို နှိပ်စက်ညှဉ်းပန်းခြင်း မလုပ်ဘူး။ သို့သော်လည်း ဒီစည်းကမ်းချက်တွေက လွန်လာပြီးတော့ ကိုးရိုးကားယား တိုင်းပြည်အကျိုးမဲ့အောင်လုပ်ရင်ဒါကျွန်တော်ကြည့်မနေနိုင်ဘူး။ ကျွန်တော်တို့အဖွဲ့က အတိုက်အခံသမားတွေကို တရားသဖြင့် လွတ်လပ်စွာပြောဆိုခွင့်၊ ရေးသားခွင့်၊ ဆူပူခွင့် အဲဒီအခွင့်အရေးတွေပေးတာကို အသားယူပြီး မတရားလုပ်ရင်တော့ ကျွန်တော်တို့ သေသေချာချာချုရမှာပဲဆိုတာ ကျွန်တော်ပြောချင်တယ်"

"ကျွန်တော်တို့အစိုးရကို အသရေဖျက်မှုဖြစ်စေတဲ့ စကားမျိုးက လွဲလို့ရှိရင် ဟုတ်တာ၊ မဟုတ်တာအပထားလို့ တရားဥပဒေအတွင်းမှာ ခင်ဗျားတို့က ကျွန်တော်တို့ကို ဆဲချင်သလို ဆဲနိုင်တယ်။ ခင်ဗျားတို့က ကျွန်တော်တို့ကို ဝေဖန်ချင်သလိုဝေဖန်နိုင်တယ်။ မှန်မှန်၊ မမှန်မှန်၊ သို့သော်လည်း တရားဥပဒေက လွန်မြောက်(ဆန့်ကျင်)တဲ့ ကိစ္စမျိုးဆိုရင် သည်းခံပြီးမနေနိုင်ဘူးတဲ့"

"နောက်ပြီးတော့ကာ ရထားတဲ့အာဏာကို ခင်ဗျားတို့ လက်ထဲရောက်အောင် ပရိယာယ်မျိုးတွေကိုလုပ်ရင်တော့ ချရဦးမှာပဲဆိုတာ ကျွန်တော်ပြောချင်တယ်။ အဲဒီတော့ အတိုက်အခံသမားတွေကို ကျွန်တော်တိတိလင်းလင်း ပြောချင်တာက ညစ်ပတ်မယ်တော့ မကြံပါနဲ့။ တရားသဖြင့် ကျွန်တော်တို့လက်က အာဏာကိုလုနိုင်တဲ့နည်းလမ်းအမျိုးမျိုးကို တွေ့ပြီးတော့ လုနိုင်ရင်လု၊ ယူနိုင်ရင်ယူ ကျွန်တော်တို့ အခွင့်အရေးပေးမယ်။ သို့သော်လည်း ညစ်ပတ်မယ်ဆိုပြီးတော့ တိုင်းပြည်မှောက်မှားအောင် မတရားတာတွေ လျှောက်လုပ်မယ်ဆိုလို့ရှိရင်တော့ လူတွေကို အရမ်းမဲ့သားပုပ်လေလွင့် အကြည်ညိုပျက်အောင်၊ အသရေပျက်အောင် လုပ်မယ်ဆိုလိုရှိရင်တော့ဖြင့် ကျွန်တော်တို့ သည်းခံမနေဘူးဆိုတာ တိတိလင်းလင်းပြောချင်တယ်။ နောက်ပြီး သတင်းစာတွေကို ကျွန်တော်ပြောချင်တယ်။ သတင်းစာတွေဟာ ဒီအစိုးရလက်ထက်နဲ့ အရင်တုန်းက တခြားအစိုးရလက်ထက် သေသေချာချာ နှိုင်းယှဉ်ကြည့်စေချင်တယ်။ ကျွန်တော်တို့ဟာ ဘယ်လိုအစိုးရဆိုတာလည်း ဘာမျှအထူးပြောနေစရာမရှိဘူး။ အဲဒီတော့ကာ ကျွန်တော်တို့ကိုထောက်ခံအားပေးချင်လည်းအားပေး၊ ချချင်လည်းချကြ။ ဝေဖန်ပြီးအတိုက်အခံလုပ်ချင်ကြတဲ့ သတင်းစာတွေဆိုရင်လည်း သဘောအတိုင်းပဲ။ ဒီလိုမှမလုပ်လို့ ကျွန်တော်တစ်ခါတုန်းက ပြောလို့ အင်မတန်မှ မကျေမနပ် ဖြစ်တာလိုပဲ "-------"လုပ်ချင်ကြတဲ့ သတင်းစာတွေလည်း လုပ်ချင်လုပ်ကြပါ။ သို့ပေမယ့် အကြည်ညို တစ်ဦးနဲ့တစ်ဦးပျက်စေတဲ့စကားမျိုး၊ တိုင်းပြည်ဆူပူအောင်၊ လှုပ်ရှားအောင် လှုံ့ဆော်တဲ့စကားမျိုး၊ ဖက်ဆစ်အစီအမံလို လုံးဝတစ်ခါတည်း လိမ်လည်လှည့်ဖျားပြီးရေးသားတဲ့ အရေးအသားမျိုးဆိုရင် ကျွန်တော် သည်းခံမှာ မဟုတ်ဘူးဆိုတာ တိတိလင်းလင်းပဲ သတိပေးပါရစေ"။

ဗိုလ်ချုပ်အောင်ဆန်းသည် ရှင်းရှင်းဘွင်းဘွင်း ပွင့်ပွင့်လင်းလင်းတဲ့တိုးပြောတတ်သည်။ အမှန်ကိုသာ လုပ်သည်။ အဖြောင့်မတ်ဆုံးဦးဆောင်သည်။ အရိုးသားဆုံး (ကိုယ်ကျိုးမဖက်) လုပ်ကိုင်ဆောင်ရွက်သည်။ ဗိုလ်ချုပ်ကိုယ်တိုင် အသက်ပေးပြီး မြန်မာတွေလွတ်လပ်ရေးပြန်ရအောင် ထက်မြက်စွာ ဆောင်ကြဉ်းပေးခဲ့သည်။ ဗိုလ်ချုပ်က လွတ်လပ်ပြီဆိုပြီး ထင်ရာမလုပ်ကြရန်၊ လမ်းပေါ်တက်ပြီး ဆေးရိုးလှန်းခြင်း၊ စပါးလှန်းခြင်းမလုပ်ကြရန်လည်း ကြိုတင်မှာကြားခဲ့သည်။ ယနေ့ ဗိုလ်ချုပ်ပုံတွေ လှိုင်လှိုင်ထွက်လာ၊ ဗိုလ်ချုပ်အကြောင်း စာအုပ်တွေ၊ မိန့်ခွန်းတွေ ဟောတစ်အုပ်၊ ဟောတစ်အုပ် ထွက်လာလေသည်။ မည်သည့်ရည်ရွယ်ချက်ဖြင့် ဗိုလ်ချုပ်ဓာတ်ပုံတွေ သုံးကြသည်ဖြစ်စေ၊ ဗိုလ်ချုပ်အကြောင်း စာအုပ်တွေထုတ်ဝေကြသည်ဖြစ်စေ ကျွန်တော်တို့ကတော့ ဝမ်းသာကြိုဆိုပါသည်။ ဗိုလ်ချုပ်ကို ဂုဏ်ပြုကြ၍၊ ဗိုလ်ချုပ်ကို လွမ်းရ၊ တမ်းတကြရ၍ဖြစ်ပါသည်။ သို့သော် ဓာတ်ပုံတွေလှိုင်လှိုင်ထုတ်၊ အိမ်နံရံမှာ ကပ်ထားရုံဖြင့် မပြီးသေးပါ။ ဗိုလ်ချုပ်၏အသက်သွေးနှင့် ရေးသားမိန့်ကြားသွားသော မိန့်မှာချက်များကိုလည်း တစ်သဝေမတိမ်းဖတ်ရှုမှတ်သားလိုက်နာကြစေလိုပါသည်။

မြန်မာနိုင်ငံတွင် အင်္ဂလိပ်(နယ်ချဲ့)အစိုးရတို့ နှစ်ပေါင်း ၁၀၀ ကျော် ဖိနှိပ်အုပ်စိုးသွားစဉ် မြန်မာတို့၏ အချုပ်အခြာအာဏာ တံခါးပိတ်၊ ဒီမိုကရေစီပိုင်ခွင့်ကို ပြည်ဖုံးကားချပြီး ဖိနှိပ်ချုပ်ချယ်သော ကျွန်သက်ရှည်စေမည့် ဥပဒေများပြဋ္ဌာန်းသွားခဲ့သည်။ ယင်းဥပဒေများတွင် စာနယ်ဇင်းဥပဒေများစွာပါဝင်သည်။ ဖဆပလအစိုးရ၊ တော်လှန်ရေးကောင်စီအစိုးရတို့က အခြေအနေနှင့် လိုက်လျောညီထွေစွာ ပြုပြင်ရေးဆွဲခဲ့သည်။ ယခု ၁၉၆၂ ခုနှစ် မြန်မာနိုင်ငံပုံနှိပ်မှတ်ပုံတင်ရေးဥပဒေကိုပင် အစားထိုးကာ"ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ(ကြမ်း)"ကို ပြန်ကြားရေးဝန်ကြီးဌာနက ရေးဆွဲကာ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့ထုတ် သတင်းစာများတွင် ဖော်ပြအသိပေးခဲ့သည်။ ပြည်သူများသိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ကြောင်း ပုံနှိပ်ဖော်ပြခဲ့သည်။

ယင်းဥပဒေ (ကြမ်း)ကို မီဒီယာလုပ်ငန်းများ၊ သတင်းပြန်ကြားရေးလုပ်ငန်းများတွင် တာဝန်အရှိဆုံး ပြန်ကြားရေးဝန်ကြီးဌာနက မူကြမ်းရေးဆွဲခဲ့ခြင်းဖြစ်သည်။ လိုအပ်၍ ရှေ့နေချုပ်ရုံး၊ ဥပဒေပြုရေး၌ ကျွမ်းကျင်သူများနှင့်လည်း တိုင်ပင်အကြံဉာဏ်ရယူကောင်းယူမည်ဟု ကျွန်တော်ထင်ပါသည်။ အမှန်စင်စစ် ယင်းဥပဒေကြမ်းကို ဥပဒေပြုလွှတ်တော်မှ ပြည်သူ့ကိုယ်စားလှယ် အများစုကြီးက အတည်ပြုပြဋ္ဌာန်းပေးရမည်သာ ဖြစ်သည်။ ယခုကဲ့သို့ ဥပဒေမူကြမ်းများကို အများပြည်သူသို့ ကြိုတင်ချပြအကြံဉာဏ်တောင်းသည်မှာ ယနေ့ပါတီစုံဒီမိုကရေစီမြန်မာ (အရပ်သား)အစိုးရလက်ထက်တွင်သာ တွေ့ရ ဖူးပါသည်။ ခြွင်းချက်နှစ်ခု တော့ရှိပါသည်။ ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် မူကြမ်းသုံးကြိမ်ကို ပြည်သူ့အကြံဉာဏ် ရယူ၊ ပြည်သူကို နှစ်ကြိမ်ချပြ၊အကြံဉာဏ်ထပ်တောင်း၊ တတိယမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူအတည်ပြုခဲ့သည်။ ဒုတိယခြွင်းချက်မှာ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲအတွက် ၁၉၈၉ ခုနှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ဥပဒေကြမ်းကို ပြည်သူထံချပြ အကြံတောင်းခဲ့သည်။ နိုင်ငံရေးပါတီများသို့ ကြိုတင် ဝေငှအကြံတောင်းခဲ့သည်။ ယနေ့ခေတ်တွင်မူ ဥပဒေများစွာ လူထုထံချပြပြီး အကြံဉာဏ်တောင်းခံလာခဲ့ပေသည်။ ယင်းပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း ဥပဒေကြမ်းကို ပြည်သူထံချပြလိုက်သည်နှင့် ပြည်သူအများစုကမူ လျှော့တန်သည်ကိုလျှော့၊လိုအပ်သမျှ စည်းကမ်းချက်သတ်မှတ်ရေးဆွဲသည်ကို သဘောတူနှစ်ခြိုက်ကြသည်။ ဥပဒေဆိုသည်မှာ ဥပဒေချိုးဖောက်တတ်သူမရှိလျှင် ရေးဆွဲနေစရာပင်မလိုပေ၊ စည်းကမ်းတကျ ဥပဒေမချိုးဖောက်၊ နိုင်ငံတော် နှင့်ပြည်သူကို ဒုက္ခပေးသူများ မရှိလျှင် ရဲ၊ အချုပ်၊ တရားရုံး၊ထောင်များ ပင်ရှိနေရန်မလိုတော့ပေ။ ယနေ့မူ နိုင်ငံတိုင်းတွင် ဥပဒေချိုးဖောက်ပြီးလူ့ အဆောက်အအုံကို နှောင့်ယှက်သူများရှိနေ၍ ဥပဒေ၊ ရဲ၊အချုပ်၊တရားရုံး၊ထောင်များရှိနေပေသည်။ ၁၉၄၇၊ ၁၉၇၄၊ ၂၀၀၈ ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ သုံးစောင်စလုံးတွင် ပြည်သူတို့၏ လွတ်လပ်ခွင့်ကို ဥပဒေနှင့်အညီ ကျင့်သုံးခွင့်ရှိကြောင်း အာမခံထားသည်ကို လေ့လာပါ။ ဥပဒေမဲ့ လွတ်လပ်ခွင့်၊ ထင်ရာစိုင်းလွတ်လပ်ခွင့် လုံးဝပေးမထားပါ။

ဂျာနယ်အချို့တွင် ယင်းဥပဒေကို လက်မခံနိုင်ဟု ရေးသားဆန့်ကျင်သည်ကို တွေ့ရသည်။ ဆန့်ကျင်ကန့်ကွက် ဆန္ဒပြလေသည်။ ယင်းဥပဒေကို မည်သည့်အဖွဲ့အစည်း၊ မည်သည့်ကောင်စီကသာ ရေးရမည်။ မိမိတို့အကြံပေးသလို ရေးရမည်ဟု ဆိုနေသံများကိုလည်း အံ့ဩဖွယ်၊ နိုင်ငံအတွက် ရင်လေးဖွယ်ကြားနေရသည်။ ဥပဒေပြုရန် အချုပ်အခြာအာဏာမူလပိုင်ရှင်ပြည်သူတို့က ရွေးကောက်လိုက်သော ပြည်သူ့ကိုယ်စားလှယ် (အမတ်)များဖြင့် အခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းသောဥပဒေပြုလွှတ်တော်များကသာ ပြဋ္ဌာန်းခွင့်ရှိသည်ကို သတိမူရပါမည်။

သတင်းစာများတွင် ဥပဒေရေးရာ နှံ့စပ်ကျွမ်းကျင်သော ဆောင်းပါးရှင်များက အဆိုပါဥပဒေကြမ်းကို တစ်ပုဒ်ချင်း ရှင်းပြရေးသားထောက်ခံထားသည်ကိုလည်း တွေ့ရပါသည်။ ကျွန်တော် အပါအဝင် တိုင်းရင်းသားပြည်သူများကမူ ဥပဒေ၊ စည်းကမ်း၊ ကျင့်ဝတ်တို့ စောင့်ထိန်းလိုက်နာ၍ အေးချမ်းသာယာမှုကို နှစ်သက်လိုလားကြပါသည်။ နိုင်ငံတော်ဘက်က လိုက်လျောမှုများလွန်းသွားမှာကိုမူ စိုးရိမ်ကြပါသည်။ဥပဒေမဲ့၊ စည်းကမ်းမဲ့ သဘောထားလုပ်ရပ်များက နိုင်ငံနှင့်ပြည်သူကို ဒုက္ခပေးခဲ့သောအကြိမ်ပေါင်းလည်း မနည်းတော့ပါ။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းဥပဒေ(ကြမ်း)ကို ၁၉၇၄ ခုနှစ် အခြေခံဥပဒေမူကြမ်းများအောက်ခြေအထိ ရှင်းလင်းချပြရာ၌ ပါဝင်ပြီး ယင်းအခြေခံဥပဒေကို အတည်ပြုမည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ရာနှုန်းပြည့် အောင်မြင်စေရန်အနုပညာရှင်ပေါင်းစုံ ဖြေဖျော်လှုံ့ဆော် စည်းရုံးရေးဗဟိုကော်မတီအတွင်းရေးမှူးတစ်ဦးအဖြစ်လည်းကောင်း၊ ၁၉၉၃-၂၀၀၇ ခုနှစ် အမျိုးသားညီလာခံကိုယ်စားလှယ်တစ်ဦးအဖြစ်၊ ၂၀၀၈ ခုနှစ် အခြေခံဥပဒေရေးဆွဲရေးကော်မရှင်တစ်ဦးအဖြစ်၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဗဟိုကော်မရှင်အဖွဲ့ဝင်တစ်ဦးအဖြစ်၊ သတင်းစာတိုက် (၉)တိုက်တွင် နှစ်ပေါင်းအစိတ်မက သတင်းထောက်မှ အယ်ဒီတာချုပ်အထိ ထမ်းဆောင်ခဲ့သူအဖြစ် လည်းကောင်း၊ ဥပဒေဘွဲ့ရ တရားရုံးချုပ်ရှေ့နေ (အမှတ်စဉ်-၃၇၇၃)အဖြစ် လည်းကောင်း ကျွန်တော်အလေးအနက် အပြည့်အဝထောက်ခံလိုက်ပါသည်။ ။

ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး
ရေးအသင်းသို့ ကွန်ပျူတာနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

မတ် ၁၅
ဌာနနှင့် မြန်မာ
းစောင့်ရှောက်
ယက်နမ်နိုင်ငံ
ကွန်ပျူတာနှင့်

အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်နာယကများ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေး၊ ညွှန်ကြားရေးမှူးချုပ်များ၊ အလှူရှင် Viettel Group မှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် Viettel Group မှ Director General Mr. Nguyen Duy Tho က လှူဒါန်းရခြင်းနှင့် ပတ်သက်၍ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ Viettel Group မှ Director General Mr. Nguyen Duy Tho က ကွန်ပျူတာများနှင့် အလှူငွေများကို ပေးအပ်သည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်တို့က ကျေးဇူးတင်စကားပြောကြားကြသည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများက အစည်းအဝေးခန်းမတွင် ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

ယနေ့ လှူဒါန်းသော ကွန်ပျူတာများကို ပညာရေးဝန်ကြီးဌာနအောက်ရှိ ကျောင်းများတွင် ဖြန့်ဝေအသုံးပြုသွားမည်ဖြစ်ပြီး အလှူငွေများအား မုန်တိုင်းနှင့်ငလျင်ဘေးဒဏ်သင့် ဒေသအတွင်းရှိ ပျက်စီးသွားသော ကျောင်းများအသစ်ပြန်လည်တည်ဆောက်ရာတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း ဥက္ကဋ္ဌ၏ ပြောကြားချက်အရ သိရသည်။

(သတင်းစဉ်)

ပြည်တွင်းရေးရာ

✻ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးမှ

မေး။ မကြာမီ ထုတ်လွှင့်ပြသတော့မည့် ပြည်ထောင်စု Channel ထုတ်လွှင့်မှုအပေါ် ဆရာ့အနေနဲ့ ဘယ်လိုမြင်ပါသလဲ။ တိုင်းရင်းသားတွေရဲ့ ရင်တွင်းက ခံစားချက်ကိုလည်း သိပါရစေ။

ဖြေ။ အများကြီး ဝမ်းသာပါတယ်။ ကျေးဇူးလည်း အများကြီးတင်ပါတယ်။ တိုင်းရင်းသားတွေလည်း ဝမ်းသာပြီး ကြိုဆိုကြပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ငါးခုရှိပါတယ်။ အခု အစည်းအဝေးမှာ တာဝန်ရှိသူတွေ ရှင်းပြတာတွေကို ကျွန်တော်နားလည်သဘောပေါက်ပါတယ်။ ပြည်နယ်ထဲမှာရှိတဲ့ တိုင်းရင်းသားတွေကို ကျွန်တော်ပြန်ပြီးရှင်းပြပါမယ်။ အများကြီးလည်း ဝမ်းသာပါတယ်။ ကြိုလည်းကြိုဆိုပါတယ်။

မေး။ ဒီပြည်ထောင်စု Channel ထုတ်လွှင့်မှုဟာ တိုင်းရင်းသားတွေအတွက် ဘယ်လိုအကျိုးကျေးဇူးတွေ ရှိမယ်လို့ မြင်ပါသလဲ။

ဖြေ။ အကျိုးကျေးဇူးကတော့ အများကြီးပါပဲ။ တိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးမှုတွေ ရရှိနိုင်မယ်။ နောက်ပြီး တိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှုတွေဟာ နယ်မြေတစ်ခုနဲ့တစ်ခု မရောက်ပေမယ့် ဒီပြည်ထောင်စု Channel ထုတ်လွှင့်မှုကြောင့် တိုင်းရင်းသားအချင်းချင်း ထိတွေ့ပြီးတော့မှ ချစ်ခင်ရင်းနှီးလာမယ်လို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။

ဦးစောအောင်သိန်း (လ/ထညွှန်ကြားရေးမှူး၊ ကရင်ပြည်နယ် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန)

မေး။ မြန်မာ့အသံမှ ပြည်ထောင်စု ရုပ်သံလိုင်းထုတ်လွှင့်မှုအပေါ် ဘယ်လိုများမြင်ပါသလဲ။

ဖြေ။ ဝမ်းသာစရာတစ်ခုပါ။ ကျွန်တော်တို့အနေနဲ့ တိုင်းရင်းသားတွေရဲ့ ဓလေ့စရိုက်တွေ၊ သတင်းတွေကို ထုတ်လွှင့်ပေးခြင်းအားဖြင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုတွေရရှိမယ်လို့ မြင်ပါတယ်။

မေး။ ဆရာတို့ဘက်ကရော ဘယ်လိုပံ့ပိုးမှုတွေပေးဖို့ ဘယ်လိုများ ပြင်ဆင်ထားပါသလဲ။

ဖြေ။ ပြည်နယ်အစိုးရဘက်က ပံ့ပိုးမှုတွေ၊ ကူညီမှုတွေပေးဖို့ ရှိပါတယ်။ ကျွန်တော်တို့ ယဉ်ကျေးမှုဌာနကလည်း တိုင်းရင်းသားယဉ်ကျေးမှုအက၊ အတီးစတဲ့ အစီအစဉ်တွေကို လုပ်ပေးဖို့ အစီအစဉ်ရှိပါတယ်။

မေး။ ဒီပြည်ထောင်စု ရုပ်သံလိုင်းထုတ်လွှင့်မှုကို တိုင်းရင်းသားတွေရဲ့ ရင်တွင်းခံစားချက်တွေကို သိပါရစေ။

ဖြေ။ ဟုတ်ကဲ့ဝမ်းသာကြပါတယ်။ သူတို့သိချင်တဲ့ဟာတွေကိုလည်း ကျွန်တော်ပြန်ပြီး ပြောပြမယ်။ ဒီအစည်းအဝေးကို လာတက်ရတဲ့အတွက်လည်း အများကြီး အတွေ့အကြုံရှိပါတယ်။

မေး။ ဆရာတို့အနေနဲ့ မြန်မာ့အသံရဲ့ ထုတ်လွှင့်တဲ့ အစီအစဉ်တွေထဲမှာ ဘယ်အစီအစဉ်တွေကို ပိုပြီး နှစ်သက်ပါသလဲ။

ဖြေ။ ဟုတ်ကဲ့။ အစီအစဉ်တွေကို ကြိုက်ပါတယ်။ နောက်ပြီး ကျွန်တော့်အနေနဲ့ကတော့ ပညာရေး၊ ကျန်းမာရေး၊ မိုးလေဝသ အစီအစဉ်တွေကို ပိုပြီးထုတ်လွှင့်ပေးမယ်ဆိုရင်လည်း ပိုပြီးအဆင်ပြေမယ်လို့ ထင်ပါတယ်။

ဦးစောယာ (ဒုတိယဦးစီးမှူး၊ ကယားပြည်နယ်ယဉ်ကျေးမှု)

မေး။ အစ်ကို့နာမည်နဲ့ ရာထူးကိုသိပါရစေ။

ဖြေ။ ကျွန်တော့်နာမည်က ဦးစောယာပါ။
ဒုတိယဦးစီးမှူး ကယားပြည်နယ်ယဉ်ကျေးမှုကပါ။

မေး။ ဒီပြည်ထောင်စုရုပ်သံလိုင်းထုတ်လွှင့်မှုအပေါ် အစ်ကိုအနေနဲ့ ဘယ်လိုများမြင်ပါသလဲ။

ဖြေ။ ဒီပြည်ထောင်စုရုပ်သံထုတ်လွှင့်မှုဟာ ကျွန်တော်တို့ ဒေသခံတွေအတွက် ဝမ်းသာစရာတစ်ခု ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ပြည်နယ်ဟာ ဝေးလံခေါင်သီတဲ့ ဒေသမှာရှိတဲ့အတွက်ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးကလည်း ခက်ခဲတယ်။ နောက်ပြီး သူတို့ရဲ့ လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ဖို့၊ သူတို့ရဲ့ ရိုးရာဓလေ့တွေကို ဖော်ထုတ်ပြသဖို့ဆိုတဲ့ ထုတ်ဖော်ပြသနိုင်တဲ့စိတ်တော့ ရှိတယ်။ ဒါပေမယ့် အရင်ကတော့ မဖြစ်နိုင်ဘူးပေါ့။ အခုတော့ ဒီလိုထုတ်လွှင့်ပြသဖို့အတွက် အစည်းအဝေးတွေခေါ်တဲ့အတွက် သူတို့ပျော်ရွှင်ကြမှာပါ။

ဒေါ်ကေထွဲဘူ (လက်ထောက်ညွှန်ကြားရေးမှူး) (ကချင်ပြည်နယ်ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန)

ဒေါ်ကေထွဲဘူ။

မေး။ အစ်မရဲ့နာမည်နဲ့ ရာထူးကိုသိပါရစေ။

ဖြေ။ နာမည်က ဒေါ်ကေထွဲဘူပါ။ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ မြစ်ကြီးနားဌာနခွဲကပါ။

မေး။ အခုအစ်မက ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ထုတ်လွှင့်မယ့် ပြည်ထောင်စုရုပ်သံထုတ်လွှင့်မှုအတွက် အစည်းအဝေးလာတက်တာပေါ့နော်။ အစ်မအနေနဲ့ ဒီပြည်ထောင်စုရုပ်သံထုတ်လွှင့်မှုအပေါ် အစ်မရဲ့အမြင်လေးအပေါ် သိပါရစေရှင်။

ဖြေ။ အခုလို ပြည်ထောင်စုရုပ်သံထုတ်လွှင့်မှုအစီအစဉ်ကို သိရှိရတဲ့အတွက် အရမ်းကိုဝမ်းသာပါတယ်။ ကျွန်မတို့ ပြည်နယ်အနေနဲ့လည်း ဒီအစီအစဉ်ကို မျှော်လင့်နေတာပေါ့လေ။ နောက်ပြီးတော့ ဒီပြည်နယ်ရဲ့ လိုအပ်ချက်၊ ဒေသခံတွေရဲ့လိုအပ်ချက်တွေကိုလည်း ဖော်ပြပေးနိုင်မှာဖြစ်တဲ့အတွက် အထူးပဲဝမ်းသာပါတယ်။

မေး။ အစ်မက ဒီအစည်းအဝေးကို လာတက်ရောက်တော့ မယ်ဆိုတော့ အစ်မရဲ့နီးစပ်ရာ ပတ်ဝန်းကျင်ကနေပြီးတော့ သူတို့ရဲ့ခံစားချက်တွေကို သိခဲ့ရမှာပေါ့နော်။ သူတို့ကရော ဘယ်လိုအကျိုးရှိမှုတွေကို လိုလားပါသလဲရှင်။

ဖြေ။ သူတို့အနေနဲ့ကတော့ ကိုယ့်ရဲ့ယဉ်ကျေးမှုဓလေ့ထုံးစံတွေကို ဖော်ထုတ်ပြနိုင်မှာဖြစ်တဲ့အတွက် အားတက်သရောပါဝင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အနုပညာရှင်တွေအနေနဲ့လည်း ရိုက်ကူးရေးအတွက် လိုအပ်ချက်တွေရော ဒေသခံတိုင်းရင်းသားကုမ္ပဏီတွေနဲ့ပါ ပူးပေါင်းပြီးမှ လိုအပ်တဲ့အထောက်အကူပြု ကုန်ကျစရိတ်တွေကိုလည်း ကူညီဆောင်ရွက်ပေးပြီး ရိုက်ကူးရေးတွေကိုလည်း အကောင်းဆုံးကူညီသွားမှာ ဖြစ်ပါတယ်လို့ သိရှိရပါတယ်။

မေး။ ဟုတ်ကဲ့ပါ။ အစ်မတို့ တိုင်းရင်းသားတွေအနေနဲ့ ဘယ်လိုအစီအစဉ်မျိုးကို အများဆုံးကြိုက်နှစ်သက်ပါသလဲရှင်။

ဖြေ။ ကျွန်မတို့အနေနဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံတွေကို ဖော်ထုတ်တဲ့၊ ပျောက်ကွယ်လုနီးပါးဖြစ်လာတဲ့ ယဉ်ကျေးမှုဓလေ့တွေကို ဖော်ထုတ်ပြသချင်တဲ့ ဆန္ဒရှိပါတယ်။

မေး။ ပြည်ထောင်စုရုပ်သံထုတ်လွှင့်မှုအစီအစဉ်မှာ အဲဒါတွေကို ထုတ်လွှင့်ဖို့အတွက် အမတို့ဘက်ကလည်း ပံ့ပိုးကူညီပေးကြမှာပေါ့နော်။

ဖြေ။ ဟုတ်ကဲ့ပါ။ လိုအပ်တာအကုန်လုံးကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

မေး။ ဟုတ်ကဲ့ပါ။ အမတို့ရဲ့ဘက်က ပံ့ပိုးကူညီမှုကို ကျွန်မတို့ရဲ့ မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားက ကြိုတင်ပြီးကျေးဇူးတင်နေကြောင်းကို ပြောပါရစေရှင်။

ဖြေ။ ကျွန်မတို့ဘက်ကလည်း အထူးပဲကျေးဇူးတင်ရှိပါတယ်။

ဦးစောဂျူဗလီစံလု (ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ကရင်ရေးရာဝန်ကြီး)

မေး။ ဆရာရဲ့နာမည်နဲ့ ရာထူးကိုသိပါရစေ။

ဖြေ။ နာမည်က ဦးစောဂျူဗလီစံလှပါ။ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကရင်ရေးရာဝန်ကြီးပါ။

မေး။ ဒီပြည်ထောင်စုရုပ်သံလိုင်းအပေါ် အမြင်ကို သိပါရစေ။

ဖြေ။ ဒီအစီအစဉ်က တော်တော်လေးကောင်းတဲ့ အစီအစဉ်ပါ။ ပြည်သူ့အသံကို လွှင့်နိုင်ဖို့ ဒီအစီအစဉ်ကို လုပ်တာ တော်တော်လေးကောင်းပါတယ်။

မေး။ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကဏ္ဍတွေမှာ ဘယ်လိုကဏ္ဍတွေကို ဦးစားပေးထုတ်လွှင့်သင့်ပါသလဲ။

ဖြေ။ အခုအချိန်မှာ စီးပွားရေး၊ လူမှုရေးတို့ကို ပိုပြီး ထုတ်လွှင့်ပေးသင့်တယ်လို့ ထင်ပါတယ်။

မေး။ ဒီပြည်ထောင်စုရုပ်သံလိုင်းထုတ်လွှင့်မှုအပေါ် ဒေသခံတိုင်းရင်းသားတွေအပေါ် အကျိုးသက်ရောက်မှုကိုလည်း သိပါရစေ။

ဖြေ။ တိုင်းပြည်မှာဖြစ်နေတာကို ထုတ်လွှင့်မှုပဲ တိုင်းရင်းသားတွေက သူတို့တွေရဲ့ အခန်းကဏ္ဍတွေကိုလည်း လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒါမှလည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွေ မြန်လာမှာပေါ့။

ဦးအောင်ကျော်သန်း။

ဦးအောင်ကျော်သန်း ရခိုင်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့ အတွင်းရေးမှူး

မေး။ ပြည်ထောင်စုရုပ်သံလိုင်းထုတ်လွှင့်မှုအပေါ် ဆရာရဲ့ အမြင်ကို သိပါရစေ။

ဖြေ။ တော်တော်လေးကောင်းပါတယ်။ ဒီအစီအစဉ်ကို မျှော်လင့်နေတာကြာပါပြီ၊ အခုတော့ ဆန္ဒတွေပြည့်လာပြီပေါ့။

မေး။ ပြည်ထောင်စုရုပ်သံလိုင်းထုတ်လွှတ်မှုအပေါ် တိုင်းရင်းသားတွေရဲ့ ခံစားချက်တွေကရော ဘယ်လိုရှိပါသလဲ။

ဖြေ။ ဟုတ်ကဲ့ တိုင်းရင်းသားတွေလည်း ဝမ်းသာကြပါတယ်။ ဒီအစီအစဉ် ဖြစ်မြောက်အောင်လည်း အားလုံးဝိုင်းဝန်းကူညီကြမှာပါ။

မေး။ ကျွန်မတို့ မြန်မာ့အသံရဲ့ အစီအစဉ်တွေထဲမှာ ဘယ်လိုအစီအစဉ်ကို ပိုပြီးထုတ်လွှင့်ပေးသင့်ပါသလဲ။

ဖြေ။ ကျွန်တော်က တိုင်းရင်းသားဆိုတော့ တိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှုတွေ၊ ဓလေ့စရိုက်တွေကို ထုတ်လွှင့်ပေးစေချင်ပါတယ်။ ။

UNIQUE STAR TRAVELS & TOURS
Promotion (၃)ဦး ဝယ်လျှင် + (၁)ဦး အခမဲ့

ရွှေလီ (မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ မန်စီ၊ ဝမ်တိန်၊ ရွှေလီမြို့တွင်(၂)ညအိပ်မည်)	Mar:23, Apr:10,11,12,13	(350,000)			
တောင်ကြီး (ကလော၊အင်းလေး ၊ပင်းတယ၊ ကုံလုံ၊မွေတော်ကက္ကူ၊ထမ့်စမ်း၊မြင်းမထိဂူ)	Mar:23,Apr:11,12,13,17	(185,000)			
ပုဂံ ၊ပုပ္ပါး၊ ပခုက္ကူ	Mar:23,Apr:13	(175,000)	ပုဂံ၊ရွှေစက်တော်	Mar:23,Apr:11,13	(175,000)
မန္တလေး၊မုံရွာ၊ပြင်ဦးလွင်	Mar:23,Apr:12	(175,000)	ပုဂံ၊မန္တလေး	Mar:23,Apr:11,13	(185,000)
အလောင်းတော်ကဿပ	Mar:23,Apr:12	(195,000)	ပုဂံ၊တောင်ကြီး:	Apr:11,13	(265,000)
ချောင်းသာ Hotel Max	Mar:23	(75,000)	မန္တလေး၊တောင်ကြီး	Apr:11,13	(265,000)

(5),Ground Fl, Asia Plaza, Ph. 391 372, 391 373, 708 353, 705 723, 09- 514 8079
70(A), Kabaraye Pagoda Rd,09-7310 9133,09-7310 9144,09-7310 9155, 09-7310 9166

UNIQUE STAR TRAVELS & TOURS

အမေရိကား KOREA AIRLINE (20DAYS/19NIGHTS)	APRIL 9~28	(6,000,000)			
(SAN FRANCISCO,LOS ANGELES,LAS VEGAS,NEW YORK,WASHINGTON,HARRISBURG,CORNING,NIAGARA FALL)+HONOLULU					
ဥရောပ(၉)နိုင်ငံ+အင်္ဂလန် TG	APRIL 9~22/9~24,11~24/11~26	(4,500,000)			
(FRANCE,ITALY,SWITZERLAND,GERMANY,NERTHERLAND,BELGIUM,AUSTRIA,LIECHTENSTEIN,VATICAN)+UNITED KINGDON					
ဩစတြေးလျ TG (SYDNEY,BLUE MOUNTAIN,MOUNT BULLER,MELBOURNE,CANBERRA)	APRIL 10~18	(3,400,000)			
ဖနိကောက်-ပတ္တရား	EVERY (SAT:)	(550,000)	ဟောင်ကောင်+မကာလေး+ထိုင်း	APR:12,13	(1,700,000)
ဖူးခက်-ဖနိကောက်	APR:11,12	(850,000)	ဟောင်ကောင်+မကာအို	APR:10,11	(1,400,000)
စင်္ကာပူ+မလေး+ထိုင်း	APR:10,12,13	(1,250,000)	ဗီယက်နမ်+ရှန်ဟိုင်း	APR:10,11,12,13	(1,400,000)
ဘာလီ+ဖူးခက်+မလေး	APR:10,13	(1,700,000)	ကိုရီးယား TG	APR:10,13	(2,000,000)
ဘာလီ+စင်္ကာပူ+မလေး	APR:10,12	(1,700,000)	ဂျပန်ခရီးစဉ် TG	APR:9,10,13	(2,800,000)

နွေရာသီမှာ စတိုင်လ်ကျကျ ပျော်ကြရအောင်
Hot Summer Sales
NEW! Arrival
iQ VISION အိုင်ကျူမျက်မှန်ဆိုင်
Best Buy !..
Branded အစစ်ကိုသာ ရောင်းပါသည်။ အတုအပ လုံးဝမရောင်းပါ။ up to April 30th

ရန်ကုန်ရုံးချုပ် –(S-15)၊ ဦးချစ်မောင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း - 01- 554010, 401208, မန္တလေး - 02-64696, နေပြည်တော်- 09 73036606, 09 8617471, တောင်ကြီး - 054-24505

ပြည်တွင်းရေးရာ

ကမ္ဘောဒီးယားကမ္ဘာလှည့်ဘုရားဖူးများ မကွေးမြသလွန်စေတီအား ကြည်ညို

မကွေး မတ် ၁၅

ကမ္ဘောဒီးယား ကမ္ဘာလှည့်ဘုရားဖူးများ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ရှေးဟောင်းသမိုင်းဝင် ရွှေစက်တော် ဘုရားပွဲတော်မှအပြန် မတ် ၁၃ ရက် နံနက်က မကွေးမြို့ရှိ မြသလွန်စေတီအား ဝင်ရောက်ဖူးမြော်ကြည်ညိုကြကြောင်း သိရသည်။

ကမ္ဘောဒီးယား ကမ္ဘာလှည့်ဘုရားဖူး အဖွဲ့တွင် ၁၃၈ ဦး ပါဝင်ပြီး မြန်မာ သံဃာတော်နှစ်ပါးနှင့် ကမ္ဘောဒီးယားလူမျိုး အေးဂျင့်တစ်ဦးတို့က ဦးဆောင်လာကြသည်ဟု သိရသည်။ ကမ္ဘောဒီးယား ဘုရားဖူးများသည် မြသလွန်စေတီအား ဖယောင်းတိုင်၊ အမွှေးတိုင်၊ သစ်သီး၊ ဆွမ်း၊ ပန်း၊ ရေချမ်းများဖြင့် ဆက်ကပ်ပူဇော်ကန်တော့ကြပြီး လက်ယာရစ်လှည့်ပတ်၍ ပရိတ်တော်များရွတ်ဖတ်ကြသည်။ ထို့နောက် အမှတ်တရဓာတ်ပုံရိုက်ကြသည်။

ဤခရီးစဉ်နှင့် ပတ်သက်၍ ဦးဆောင်သံဃာတော်တစ်ပါးဖြစ်သည့် ရန်ကုန်မြို့ ကမ္ဘာအေးစေတီတိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်မှ အရှင်ဥတ္တရက "ရန်ကုန်မြို့ကနေ မတ် ၆ ရက်ကစပြီး ကမ္ဘောဒီးယား ကမ္ဘာလှည့် ဘုရားဖူးများကို ဦးပဉ္စင်းနဲ့ ဦးဝိဃသရယ်၊ မြန်မာစကားတတ်တဲ့ ကမ္ဘောဒီးယားလူမျိုး အေးဂျင့်တစ်ဦးရယ် ဦးဆောင်ပြီး ကျိုက်ထီးရိုး၊ မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ၊ ပုဂံညောင်ဦး၊ ရွှေစက်တော်အထိ ဘုရားစုံလှည့်ဖူးခဲ့တာ ယနေ့ မကွေးမြသလွန်ကို ဝင်ရောက်ဖူးမြော်ပြီး နေပြည်တော်ကို ခရီးဆက်မယ်၊ ပြီးရင် ရန်ကုန်ပြန်မယ်။ ယခင်ကလည်း ကမ္ဘောဒီးယားဘုရားဖူးအဖွဲ့တွေ မြန်မာပြည်လာဖူးတယ်။ ဒီတစ်ခေါက်က အများဆုံးပဲ၊ မှန်လုံကားသုံးစီးနဲ့ လာကြတာ။ ၁၀ ရက်ခရီးစဉ်ဖြစ်ပါတယ်"ဟု အမိန့်ရှိခဲ့သည်။ မြသလွန်စေတီပေါ်၌ ပန်း၊ သစ်သီး၊ အမွှေးတိုင်၊ ဖယောင်းတိုင် ရောင်းသော ဈေးသည်တစ်ဦးက "ခုရက်ပိုင်းက ကမ္ဘာလှည့်ခရီးသည်တွေ ဘုရားပေါ်လာတာ အတော်လေးစိပ်တယ်။ ကျွန်မတို့လည်း ဈေးရောင်းကောင်းတယ်၊ မိသားစုအဆင်ပြေတယ်၊ အရင်တုန်းကဆို ကျွန်မတို့မှာ ပြည်တွင်းခရီးသည်တွေလောက်နဲ့ဆိုရင် အဆင်မပြေဘူး။ ခုလို တံခါးဖွင့်ပေးလိုက်တော့ ကျွန်မတို့ စီးပွားရေးလုပ်ငန်းတွေ သိသိသာသာ အဆင်ပြေလာတာ လက်တွေ့ပါပဲ" ဟု ပြောပြသည်။ **(မကွေးလှမြင့်)**

နွားမွေးမြူရေးဖွံ့ဖြိုးရန် ပြည်တွင်းမူရင်းမျိုးများ အခြေခံဆောင်ရွက်မည်

ရန်ကုန် မတ် ၁၅

မွေးမြူရေးလုပ်ငန်းများတွင် နွားမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးရန် ပြည်တွင်းရှိ မူရင်းမျိုးများကို အခြေခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်ပမှ မျိုးနွားသိုးများ ဝယ်ယူတင်သွင်းကာ မျိုးရည်ခဲချောင်းထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိပြီး နေပြည်တော်တွင် နိုက်ထရိုဂျင် အရည်ထုတ်စက် တပ်ဆင်၍ စတင်လည်ပတ်နေပြီဖြစ်သောကြောင့် မေထုန်မဲ့နည်းဖြင့် ပြန့်ပွားရေးတိုးတက်စေရန် မျိုးရည်ခဲချောင်းနှင့် နိုက်ထရိုဂျင် ဓာတ်ငွေ့ရည်များလည်း အခမဲ့ ဖြန့်ဖြူးပေးရန် စီစဉ်ထားကြောင်း သိရသည်။

ထို့အပြင် ဩစတြေးလျနှင့် အနောက်နိုင်ငံများမှ ဇီးနွားမများကို အကောင်လိုက် ဝယ်ယူတင်သွင်းရန် ဆောင်ရွက်နေပြီး မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်များပြားလာသည့်နှင့် အမျှ နို့ပြုပြင်ထုတ်လုပ်ရေးစက်ရုံများ၊ အသားနှင့် အသားထွက်ကုန်ပစ္စည်း တန်ဖိုးမြှင့် ထုတ်လုပ်သည့်စက်ရုံများ၊ အလုပ်ရုံများကိုလည်း တိုးချဲ့တည်ထောင်သွားမည့်အပြင် တန်ဖိုးမြှင့် ထုတ်ကုန် ထုတ်လုပ်နိုင်ရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍမှ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် သားငါးသဘာဝ သယံဇာတမျိုးစိတ်များ ပေါကြွယ်ဝသော နိုင်ငံတစ်ခုဖြစ်ပြီး သားငါးကဏ္ဍ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လူတစ်ဦးချင်းစီ၏ ထုတ်လုပ်မှုစွမ်းအား (GDP) သုံးဆတိုးတက်စေရန် ရည်မှန်းဆောင်ရွက်နေကြောင်း သိရသည်။ **ထက်ခိုင်(စမ်းချောင်း)**

ဒဂုံ(မြောက်ပိုင်း/အရှေ့ပိုင်း)မြို့နယ်များရှိ ပြည်သူများ ရေကောင်းရေသန့်သုံးစွဲနိုင်ရေး ပိုက်လိုင်းများသွယ်တန်း

ရန်ကုန် မတ် ၁၅

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်များအတွင်းရှိ ရပ်ကွက်များ၌ နေထိုင်လျက်ရှိသော ပြည်သူများ ရေကောင်း ရေသန့်သုံးစွဲနိုင်ရန် မြို့တော်စည်ပင်သာယာရေးကော်မတီ၏ စီစဉ်မှုဖြင့် အင်ဂျင်နီယာဌာန(ရေနှင့် ရေသန့်ရှင်းမှု)မှ လက်မ ၄၀ ရေပို့ပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းကို လူအား၊ စက်ယန္တရားအားတို့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ရေပို့ပိုက်လိုင်းသွယ်တန်းရာတွင် မင်္ဂလာဒုံမြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ် ထိစပ်နယ်မြေ ဗိုလ်မှူးထွန်းစိန် တူးမြောင်းအတွင်း ပန်းတိုင်များ စိုက်ထူကာ လက်မ ၄၀ ရေပို့ပိုက်လိုင်းသွယ်တန်းထားသည်ကို တွေ့ရသည်။ **(အပေါ်ပုံ)**

(ထွန်းဝင်း)

ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်လျက်ရှိသော ကစားသမား ၃၁ ဦး တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုလျက်ရှိ

နေပြည်တော် မတ် ၁၅

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအတွက် Gold Camp အတွင်း၌ စခန်းသွင်း လေ့ကျင့်လျက်ရှိသော အားကစားသမားများထဲမှ အားကစားသမား ၃၁ ဦးတို့သည် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

၂၀၁၃ - ၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးကို မတ် ၁၃ ရက်က စတင်စစ်ဆေးလျက်ရှိရာ နေပြည်တော် Gold Camp အတွင်း၌ စခန်းသွင်း လေ့ကျင့်လျက်ရှိသော အားကစားသမားများထဲမှ လက်ဝှေ့၊ ပြေးခုန်ပစ်၊ ကရာတေးဒို၊ ကျွမ်းဘား၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ လှေလှော်၊ စက်ဘီး၊ ပန်ကြပ်ဆီလတ်၊ တင်းနစ်၊ ဖူဆယ်၊ ဂျူဒို၊ ပိုက်ကျော်ခြင်းနှင့် အလေးမ အားကစားနည်းများမှ အားကစားသမား ၃၁ ဦးတို့သည် နေပြည်တော်ရှိ အထက (၆)၊ (၉) နှင့် (၁၄) တို့တွင် ဝင်ရောက်ဖြေဆိုနေကြရာ သက်ဆိုင်ရာ အားကစားနည်းများမှ တာဝန်ခံများက လိုက်လံကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြသည်။

အားကစား ဝန်ကြီးဌာနသည် အားကစားသမားများ ပညာရေးတွင်ပါ လေ့ကျင့်သင်ကြားနိုင်ရန် Gold Camp တွင် စာသင်ခန်းဖွင့်လှစ်၍ ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ည ၇ နာရီမှ ၉ နာရီအတွင်း ဆရာ ဆရာမ ၁၄ ဦး ဖြင့် ညစဉ် စာသင်ကြားပေးခဲ့ကြောင်းလည်း သိရသည်။ **(ကြေးမုံ)**

"ယောမင်းကြီးရပ်ကွက်လုံးဆိုင်ရာ ဓမ္မပူဇာသဘင် ပူဇော်ပွဲ ဖိတ်ကြားခြင်း"

ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်း(အထက်ဘလောက်)၌ ဓမ္မပူဇာသဘင် အခမ်းအနားကို ၁၃၇၄ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်မှ ၅ ရက် ၂၀၁၃ ခုနှစ်၊ မတ်လ ၂၇ ရက် မှ ၃၁ ရက်အထိ ၅ ညတိုင်တိုင်ညစဉ် ၇း၃၀ နာရီတိတိအချိန်တွင် အောက်ပါနိုင်ငံကျော် ဓမ္မကထိက ဆရာတော်များဖြင့် ကျင်းပပူဇော်သွားမည်ဖြစ်ပါသည်။

သို့ပါ၍ ဓမ္မမိတ်ဆွေများအနေဖြင့် တရားဟောသဘင်ဆင်ယင်ကျင်းပမည့်နေရာသို့ အောက်ပါနေ့ရက်များတွင် တရားတော် အတူတကွနာယူနိုင်ရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

(၁) ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁)ရက် ဗုဒ္ဓဟူးနေ့ ည ၇း၃၀ နာရီ ၂၀၁၃ခုနှစ်၊ မတ်လ ၂၇ ရက်	ဆရာတော်ဒေါက်တာဘဒ္ဒန္တပညိဿရ သာသနဓဇ ဓမ္မကထိက ဗဟုဇနဟိတဓရ B.A,M.A,Ph.D၊ဓမ္မဒူတတောရသာသနာ့ရိပ်သာ၊ (၁၀)မိုင်ကုန်း၊ ပဲခူးမြို့။
(၂) ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော်(၂)ရက် ကြာသပတေးနေ့ ည ၇း၃၀ နာရီ ၂၀၁၃ခုနှစ်၊ မတ်လ ၂၈ ရက်	ဆရာတော်အရှင်ပညာဝရ(ဓမ္မဒူတ-သိမ်ဇရပ်) သာသနဓဇ ဓမ္မာစရိယ၊ ဓမ္မဒူတပရိယတ္တိစာသင်တိုက်၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။
(၃) ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော်(၃)ရက် သောကြာနေ့ ည ၇း၃၀ နာရီ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၉ ရက်	ဆရာတော်အရှင်သုနန္ဒ(မိုးကုတ်) ပြည်တွင်းပြည်ပသာသနာပြုဓမ္မကထိက ဗဟုဇနဟိတဓရ၊ ကမ္မဋ္ဌာနာစရိယ၊ ဓမ္မရံသီဆရာတော်။
(၄) ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော်(၄)ရက် စနေနေ့ ည ၇း၃၀ နာရီ ၂၀၁၃ ခုနှစ်၊ မတ်လ ၃၀ ရက်	ဆရာတော်အရှင်သုနန္ဒ(မိုးကုတ်) ပြည်တွင်းပြည်ပသာသနာပြုဓမ္မကထိက ဗဟုဇနဟိတဓရ၊ ကမ္မဋ္ဌာနာစရိယ၊ ဓမ္မရံသီဆရာတော်
(၅) ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော်(၅)ရက် တနင်္ဂနွေနေ့ ည ၇း၃၀ နာရီ ၂၀၁၃ခုနှစ်၊ မတ်လ ၃၁ ရက်	ဆရာတော်ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်) အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သံဃမဟာနာယက တိပိဋကဓရ တိပိဋကကောဝိဒ၊ တိပိဋကဓမ္မဘဏ္ဍာဂါရိက၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

ကျင်းပရေးဦးစီးကော်မတီ

ရွှေနဂါး
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
Ph. 209077,09-731 67000
209388,09-731 68000

MYANMAR PAGODA CAR RENTAL
ကားမျိုးစုံကို လချုပ်၊ အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။
အမှတ်(၈)၊ ရွှေနှင်းဆီလမ်း၊ မုန့်လက်ဆောင်းရပ်ကွက်၊ စမ်းချောင်း၊ ရန်ကုန်၊ ဖုန်း-၀၁-၅၁၈၃၅၂၊ ၀၉-၄၃၀၈၈၈၁၀၊ ၇၃၀၇၇၀၂၀

ရောင်းရန်ရှိသည်
ဗဟန်းမြို့နယ်အတွင်း မြေကွက်ကျယ်၊ နေရာကောင်း၊ ဦးရာလူရမည်။
ဆက်သွယ်ရန်-Ph:0973257415

JADE Travels & Tours
ချောင်းသာအပန်းဖြေခရီး
နေ့စဉ် (၂ ညအိပ်၊ ၃ ရက်) စား၊ တည်း၊ ငြိမ်း
25.3.2013 - 55000/-
09-73123443,09-5179754,09-43177351

ရွှေတာမ်းခြေ
သက်တန့်ခရီးသွား ခရီးစဉ် Air-con Express
ပေလီ / ချောင်းသာ
(၁၂-၄-၂၀၁၃)နေ့ ညထွက်မည်။
09-861 4228, 09-730 67788
09-430 51977, 01-222 575

လုံခြုံရေးဝန်ထမ်း(၁၅)ဦးအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားမည်)

စက်ရုံနှင့် အရောင်းဆိုင်ခန်းအတွက် အသက်(၂၀)နှစ်နှင့် (၃၀)နှစ်ကြား လုံခြုံရေးဝန်ထမ်းများအလိုရှိသည်။ လျှောက်ထားသူသည် ကျန်းမာရေးကောင်းမွန်၍ကိုယ်အလေးချိန်ပေါင်(၁၂၀)နှင့်အရပ် ၅ပေ၊၄ လက်မအထက် ရှိရမည်။ ပညာအရည်အချင်း ၁၀တန်းနှင့်အထက် ဘွဲ့ရများ လျှောက်ထားနိုင်သည်။ ကျန်းမာရေးအတွက် ဆေးစစ်ခြင်းခံယူနိုင်ရမည်။ လုံခြုံရေးမှူးမှ သင်တန်းပို့ချခြင်းကို သင်ကြားနိုင်ရမည်။ နေရေး၊ စားရေး ကုမ္ပဏီမှ တာဝန်ယူမည်။

(စိတ်ဝင်စားသူများ CV form နှင့်အတူ ၁-လအတွင်းရိုက်ထားသော ၄"×၆" ဓာတ်ပုံ၂-ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပညာရေးအတွက် ထောက်ခံစာ၊ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မျှော်မှန်းလစာ၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်နှင့်အတူ ၂၄-၃-၂၀၁၃ ရက် နောက်ဆုံးထားပြီး စာတိုက်သေတ္တာအမှတ်(၆၄၂) ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

သုခချမ်းသာ စန်းဒေဝီတာ သကြ်န်ခရီးစဉ်
တောင်ကြီး – ကျိုင်းတုံ – မိုင်းလား – တာချီလိတ် – မယ်ဆိုင်သကြံန် (၁၀)ရက် Apr-12
ထားဝယ်ရှင်ကိုးရှင် – မောင်းမကန်ကမ်းခြေ – ဖော်လမြိုင် – ကျိုက္ခမီ (၇)ရက် Apr-12
ရွှေစက်တော် – မကွေး – ကျောင်းတော်ရာ – ပြည် (၄)ရက် Apr-12
ရွှေစက်တော် – ပုဂံ (စွယ်တော်လေးဆူ) – ပခုက္ကူ (၅)ရက် Apr-12
ရွှေစက်တော် – ပုဂံ – အလောင်းတော်ကဿပ – မုံရွာ (၆)ရက် Apr-12
GUEST HOUSE PACKAGE (စား/တည်းငြိမ်း)
တောင်ကြီးသကြံန် – အင်းလေး – တက္ကူ – ထန့်စမ်း (၅)ရက် Apr-12,17
မန္တလေး – ပြင်ဦးလွင် – စစ်ကိုင်း – မုံရွာ – အလောင်းတော်ကဿပ (၅)ရက် Apr-12
မန္တလေး – ပြင်ဦးလွင် – လားရှိုး – မူဆယ် – ရွှေလီ (၇)ရက် Apr-12
တောင်ကြီး – မန္တလေး – ပြင်ဦးလွင် (၆)ရက် Apr-12 "ကြိုတင်လက်မှတ်ရောင်းပါပြီ"
09-73159071,09-49330287 (ကားစင်းလုံးငှားသည်)

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်းမနှင့် ဗိုလ်တထောင်လမ်းသွယ်(၂) ထောင့် (58' x 50') မြေကွက် သီးသန့်အား ပိုင်ရှင်ကိုယ်တိုင်ရောင်းရန်ရှိသည်။
ဆက်သွယ်ရန်ဖုန်း-၀၉၅၀၂၁၅၃၈၊ ၀၉၈၃၀၂၆၆၆

TOP STAR
ချောင်းသာ နေ့စဉ် ကားစီးလုံးငှား စီစဉ်ပေးသည်
ရွှေစက်တော်ပုဂံ၊ညောင်ဦး၊ပုပ္ပါး Mar-22
09-43179331,448544658

BLT Air-Con Express
အဆင်ပြေ ကားနှင့်မှီမည်
အထူးနှုန်း
ကျိုက်ထီးရိုး 9000 (နေ့စဉ်)
ချောင်းသာ 10000 (နေ့စဉ်)
လူဦးရေကန့်သတ်ထားပါသည်။
09-73163534, 09425033245

အာရှနဂါး
ချောင်းသာ / ငွေဆောင်
နံနက် / ည
Ph : 703790,09-861-9008
707062,09-861-7770

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ပျောက်ဆုံးနေသော စာမူအတွက်ဆက်သွယ်ပေးပါရန်
စာရေးဆရာ ဇန်းမော်တင်အောင် ရေးသားခဲ့သည့် ညပေါင်းတစ်ထောင် စာမူအား လက်ခံသိမ်းဆည်းထားသူများရှိပါက မိသားစုသို့ ဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
ဖုန်း- ၀၉ -၅၁၇၀၁၃၇၊ ၀၉ -၅၁၅၉၈၉၃

ပျောက်ဆုံးကြောင်း
ကျွန်မ မဆုဝေလင်း၏ နိုင်ငံကူးလက်မှတ်အမှတ် M-348450 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဆုဝေလင်း**
ဖုန်း-၀၉၄၃၁၂၃၂၃၃၊ ၀၉၄၂၀၁၂၀၀၃၈

အမေရိကန်ရုပ်သံလိုင်းအတွက် ဒရာမာကားသစ် ဖန်တီးပေးမည့် အော်စကာဆုရှင် ဒါရိုက်တာ အန်းလီ

ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ကျင်းပခဲ့သော အော်စကာဆုပေးပွဲတွင် ဒုတိယအကြိမ်မြောက် အကောင်းဆုံးဒါရိုက်တာဆုကို ဆွတ်ခူးရရှိခဲ့သူ ဒါရိုက်တာ အန်းလီ**(အောက်ပုံ)**က ယခုတစ်ဖန် အမေရိကန်တယ်လီဗွီးရှင်းကွန်ရက်တစ်ခု

ဖြစ်သည့် FX Networks အတွက် Tyrant အမည်ရှိ ဒရာမာဇာတ်ကားတစ်ကားကို ရိုက်ကူးဖန်တီးပေးမည်ဖြစ်ကြောင်း အဆိုပါ Networks ၏ ဥက္ကဋ္ဌဖြစ်သူ ဂျွန်လန်းဂရပ်ဖ်က ကြာသပတေးနေ့က ပြောကြားခဲ့သည်။

အော်စကာဆုရှင် ဒါရိုက်တာအန်းလီ၏ ခြေလှမ်းသစ်ဖြစ်သည့် အဆိုပါဇာတ်ကားသည် ရှုပ်ထွေးလျက်ရှိသည့် အရှေ့အလယ်ပိုင်းဒေသ၌ သိမ်ငယ်စွာအလုပ်လုပ်ရင်း ရှင်သန်နေရသည့် အမေရိကန်မိသားစုတစ်စုအကြောင်းကို ဇာတ်လမ်းကျောရိုးထားကာ ရိုက်ကူးသွားမည်ဖြစ်ကြောင်း၊ အန်းလီသည် ရုပ်ရှင်ဇာတ်ကားများပုံဖော်ရိုက်ကူးရာ၌ လူသားများ၏အခြေအနေများကို ခြေခြေမြစ်မြစ်၊ တိတိကျကျရှိသော ဇာတ်ကောင်စရိုက်များဖြင့်သာ ပုံဖော်ရိုက်ကူးခဲ့ကြောင်း EW သတင်းဝက်ဘ်ဆိုက်က သတင်းဖော်ပြသည်။

ဒါရိုက်တာ အန်းလီသည် Brokeback Mountain ဇာတ်ကားဖြင့် အော်စကာဆုကို ရရှိခဲ့ပြီး မကြာသေးမီကလည်း Life of Pi ဇာတ်ကားဖြင့် အကောင်းဆုံးဒါရိုက်တာ အော်စကာဆုကို ဒုတိယအကြိမ် ထပ်မံရရှိခဲ့သည်။

မစ်ကီမောက်စ်ကာတွန်းဇာတ်လမ်းတွဲသစ် ဒစ်စနီမှ ဇွန်လတွင် စတင်ပြသမည်

ဖြိုးစန္ဒာမြင့်
စုစည်းရေးသားသည်

၁၉၂၈ ခုနှစ်မှစတင်ကာ ဒစ်စနီရုပ်ရှင်ထုတ်လုပ်ရေးမှ စတင်ထုတ်လုပ်ခဲ့သည့် နှစ်ပေါင်း (၈၅) နှစ်ကြာ လူကြိုက်များခဲ့သော မစ်ကီမောက်စ် ကာတွန်းဇာတ်လမ်းတွဲများ၏ ဇာတ်လမ်းတွဲသစ်ကို ယခုနှစ်နွေရာသီတွင် ဇာတ်လမ်းတိုလေးများဖြင့် ဒစ်စနီရုပ်သံလိုင်းနှင့် Disney. com ဝက်ဘ်ဆိုက်တို့တွင် ဇွန် ၂၈ ရက်မှ စတင်ကာကြည့်ရှုနိုင်ကြပြီဖြစ်ကြောင်း ဒစ်စနီရုပ်ရှင်ထုတ်လုပ်ရေးမှ ကြေညာချက်ထုတ်ပြန်ထားသည်။

အဆိုပါ ဇာတ်လမ်းတွဲသစ်တွင် မစ်ကီမောက်စ်နှင့် ၎င်း၏ ပင်တိုင်သူငယ်ချင်းများဖြစ်သော မီနီမောက်စ်၊ ဒေါ်နယ်ဒတ်ခ်၊ ဂူဖီတို့ကို ခေတ်ပေါ်နောက်ခံအပြင်အဆင်များနှင့်အတူ ၎င်းတို့အဖွဲ့က မော်တော်ဆိုင်ကယ်ဖြင့် ပဲရစ်မြို့၊ နယူးယောက်မြို့၊ ပေကျင်းမြို့နှင့် ဗင်းနစ်မြို့များသို့ သွားရောက်လည်ပတ်ခြင်းများကို ခေတ်ပေါ်နည်းပညာများဖြင့် ဖန်တီးထားကြောင်း သိရသည်။

Iron Man 3 ဇာတ်ကားမှ လက်ထောက်ဆရာဝန်မလေး ဖန်ဘင်းဘင်း

ဟောလိဝုဒ်ဇာတ်ကား Iron Man 3 သရီးဒီဇာတ်လမ်းတွဲ၌ ဇာတ်ကောင် တိုနီစတက်ခ်သည် နိုင်ငံတကာအကြမ်းဖက်အဖွဲ့ ခေါင်းဆောင်တရုတ်အရာရှိအား ဆန့်ကျင်တိုက်ခိုက်မည့် ဇာတ်ကောင် ဒေါက်တာဝူအား ရှာဖွေရန် တရုတ်နိုင်ငံသို့ သွားရောက်လိမ့်မည်ဖြစ်သည်။ တရုတ်မင်းသား Wang Xuegi က ဆရာဝန်တစ်ဦးအဖြစ်ပါဝင်ပြီး ၎င်း၏ လက်ထောက်အကူဆရာမလေးအဖြစ် တရုတ်မင်းသမီး ဖန်ဘင်းဘင်းက ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

ယင်းဇာတ်ကားကြော်ငြာကို လများစွာ ထုတ်လွှင့်ပြသခဲ့ပြီး အမှန်တကယ်အတည်ပြုဇာတ်ကားကြော်ငြာကို ယခုတစ်ပတ်အတွင်း၌ ထုတ်လွှင့်ပြသခဲ့သည်။ Iron Man 3 သရီးဒီဇာတ်ကားအား တရုတ်စျေးကွက်သို့ ဆွဲဆောင်ရန် မင်းသမီး ဖန်ဘင်းဘင်း၏ ဇာတ်ဝင်ခန်းအကျဉ်းနှင့် တရုတ်စာတန်းထိုး ဖြင့် ထုတ်လွှင့်ပြသခဲ့သည်။ ဇာတ်ကားကြော်ငြာမှာ တိုတောင်းပြီး Iron Man အဖြစ် မင်းသားရော့ဘတ်ဒေါင်နေးက သရုပ်ဆောင်ထားပြီး တရုတ်အရာရှိ ဗီလိန်ဇာတ်ကောင်အဖြစ် အကယ်ဒမီဆုရှင် ဘင်းကင်းစ်လီက သရုပ်ဆောင်ကာ ၎င်းတို့နှစ်ဦး၏ ယှဉ်ပြိုင်တိုက်ခိုက်မှုတို့ကို ရှုစားရမည်ဖြစ်သည်။

Iron Man 3 သရီးဒီဇာတ်ကား ကြော်ငြာ ၂ မိနစ် ၂၅ စက္ကန့်အတွင်း မင်းသမီး ဖန်ဘင်းဘင်း၏ ဖန်သားပြင်ပေါ်မှ မြင်ကွင်းမှာ တစ်စက္ကန့်ထက်ပင် နည်းနေသေးသည်။ ကင်မရာဘက်သို့ လျှောက်လှမ်းလာသော အကျီအဖြူ ဆံပင်ရှည်နှင့် အသွင်မျှ

Iron Man 3 သရီးဒီဇာတ်လမ်းတွဲ၌ ပါဝင်သရုပ်ဆောင်မည့် တရုတ်မင်းသမီး ဖန်ဘင်းဘင်း။

သာဖြစ်သည်။ သူမ၏ ဇာတ်ကောင်အရေးပါမှုမှာ သေးသိမ်သည်ဟု သတင်းဖော်ပြထားသည်။ အမေရိကန်မင်းသား၊ ဇာတ်ညွှန်းရေးဆရာ၊ ဒါရိုက်တာ ရှိန်းဘလက်နှင့် ယင်းဇာတ်ကား ဒါရိုက်တာတို့ကမူ အရုပ်အမောင်း ကောင်းသော မင်းသမီး ဖန်ဘင်းဘင်းသည် ဟောလိဝုဒ် ရုပ်ရှင်လောက၌ နောက်ထပ် အာရှသရုပ်ဆောင်ကောင်းတစ်ဦးအဖြစ် ပေါ်ထွက်လာနိုင်သည်ဟု ထုတ်ဖော်ပြောကြားသည်။ တရုတ် ဒီအမ်ဂျီဖျော်ဖြေရေးကုမ္ပဏီနှင့် မာဗယ်စတူဒီယိုတို့မှ စီစဉ်ရိုက်ကူးသော Iron Man 3 သရီးဒီဇာတ်ကားအား ဧပြီ ၂၅ ရက်တွင် ဖြန့်ချိဖွယ်ရှိပြီး ကမ္ဘာတစ်ဝန်းသို့ မေ ၃ ရက်တွင် ဖြန့်ချိရုံတင်နိုင်ဖွယ်ရှိကြောင်း သတင်းဖော်ပြထားသည်။

ဇေယျာလင်း

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းနှင့်အနီး၊ အင်းယားမြိုင်ဂုတ်ခြံ၊ ကိုယ်ပိုင်လမ်း မြေအကျယ် Sft-6011၊ ဆိတ်ငြိမ်ရပ်ကွက်၊ ဘိုးဘွား၊ ပိုင်ရှင်အမည်ပေါက် ရေ၊ မီး၊ ဖုန်းပါ၊ အချက်အချာကျနေရာကောင်း အလွန်သက်သာသောဈေး။ သိန်း (၁၂၅၀၀)

၂။ သုဝဏ္ဏ VIP ၊ ကမာကြည်လမ်းမကြီးဘေး၊ မြေအကျယ် (၁၃၀'×၁၀၀')၊ ဂရမ်အမည်ပေါက်၊ 2 RC၊ နှစ်ယောက်အိပ်ခန်း သုံးခန်း၊ Aircon လေးလုံး၊ ကြိုးဖုန်းတစ်လုံး၊ ကားလေးစီးဆံ့ နှစ်ထပ်ကားဂိုဒေါင်၊ နှစ်ယောက်အိပ်ခန်း လေးခန်း၊ ပတ်ဝန်းကျင်ကောင်း ဆိတ်ငြိမ်ရပ်ကွက် ကမာကြည်တံတားအနီး ဟိုတယ်၊ တည်းခိုခန်း၊ လုပ်ငန်းလုပ်ကိုင်လိုသူများအတွက် အထူးသင့်တော်သော နေရာကောင်း။ သိန်း (၈၅၀၀)

ဆက်သွယ်ရန်ဖုန်း - ၂၄၁၁၉၄၊ ၂၄၆၇၉၂၊ ၀၉-၅၁၇၈၉၇၉၊ ၀၉-၇၃၂၂၄၄၀၀၊
၀၉-၄၃၀၂၂၈၂၈၊ ၀၉-၅၅၀၄၀၇၁

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တံတား(၃)စင်းအတွက် 100' Steel Plate Girder(၃)ခန်းကို ပြည်တွင်းကျပ်ငွေဖြင့် တစ်လအတွင်း ဝယ်ယူလိုပါသည်။
၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁၈-၃-၂၀၁၃ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၂၂-၃-၂၀၁၃ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၅:၀၀ နာရီ
၅။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၈-၃-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တံတားတည်ဆောက်ရေးပစ္စည်းများ စိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဦးစီး၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၇၂၇၆၊ ၄၀၇၀၈၂

မြတ်မော်တင်စွန်း
22 Mar 8:30 pm ရှင်မြေးလေးဇာတ်အဖြစ် ရုံးခွင့်ယူရန်မလို စားစရိတ်ငြိမ်း 35000
သောကြာညသွားတနင်္လာနံနက်ပြန်ရောက်
29 Mar 6:00 pm မကျွေးမင်းဘုံ ရွှေစက်တော်သီးသန့်
လက်မှတ်ကိုအိမ်ပို့ပေးပါသည်
မျိုးမြတ်သူ 0949304244 09421065846

H.A.L ထက်အောင်လင်း TRAVELS
09-49215713
ချောင်းသာ (နေ့စဉ်)
ကျိုက်ထီးရိုး (နေ့စဉ်) – ငွေဆောင် (သောကြာ)
09-420183444, 09-73040151

ရေခဲချောင်းစက်ရောင်းမည်
(စတီးကန်) သိန်း (၂၀)
ရေခဲချောင်း၊ ရေခဲထုပ်၊
နည်းပညာများပါ
သင်ကြားပေးမည်။
ဖုန်း- ၀၉ ၄၅၀၀၄၉၂၅၆
အမှတ်(၉)၊စလင်းလမ်း၊ကြည့်မြင်တိုင်။

သိမ်းသန်း (T T) (Scaffolding)
S M G
SCAFFOLDING,SUPPORTING PROP & FORMWORK
သံငြမ်း၊ သံတိုင်နှင့်သံငြမ်းဆက်စပ်ပစ္စည်းများအားငှားရမ်းရောင်းဝယ်ခြင်း။
SUCCESSFUL CONSTRUCTION WITH T T
အမှတ်. (၁၅၂)ပြည်ထောင်စုလမ်း၊(၂၅)ရပ်ကွက်၊ယောက်ကော်ပန်းခြံရှေ့၊ထောက်ကြံ့ရုံး၊
Ph : 09-5143595,09-421090200,09-73106011
HOT LINE : 09-5143595

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်မ မအိမွန်ခိုင် [၁၂/ဥကမ (နိုင်) ၁၉၂၄၅၀] နှင့် နေကျော်လင်း [၁၂/ဥကမ(နိုင်)၁၈၇၆၄၅] တို့သည် စိတ်သဘောထားချင်းမတိုက်ဆိုင်တော့ပါသဖြင့် ၆-၃-၂၀၁၃ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် တရားရုံး၌ တရားဝင် ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
မအိမွန်ခိုင် [၁၂/ဥကမ(နိုင်) ၁၉၂၄၅၀]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(စ)၊ မြေကွက်အမှတ်(၃၅၉/က)၊ မြေကွက်တည်နေရာအမှတ်(၃၅၉/က)၊သုမ္မောလမ်း၊ (ဃ) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးအေးသွယ် [၁၂/ဥကမ(နိုင်)၁၂၃၈၃၀]၊ ဒေါ်သန်းငွေ [၁၂/ဥကမ(နိုင်)၁၃၂၃၃၆] အမည်ပေါက်နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် (ဦးအေးသွယ်) ကွယ်လွန်သဖြင့် ဒေါ်သန်းငွေကတစ်ဦးတည်းဇနီးတော်စပ်ကြောင်းသေစာရင်း၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၉၁၁/၁-၂-၂၀၁၃)ဖြင့် ရရှိသူဒေါ်ထက်ထက်ခိုင် [၁၂/ဥကတ(ဧည့်)၀၀၀၇၄၅]မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းမြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မိုးမြင့်ကြယ် 095093704 01-253079
မန်းရွှေစက်တော်နှင့်လမ်းဘုရားစုံ Mar 22,25
ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)
30000 / 40000 စား-တည်း-ငြိမ်း

COHABO
ချောင်းသာ/ငွေဆောင်
စရိတ်ငြိမ်း-65000
No-၁၁/၁၃၊ဒုလ္လာဟငွေလမ်း၊ဗိုလ်တထောင်။
Ph-203519
09 516 1773, 09 731 61773

မီးသတ်ပြု

EMPEROR Travels
ကျိုက်ထီးရိုး (နေ့စဉ်) / ချောင်းသာ (နေ့စဉ်)
တောင်ကြီး၊ အင်းလေး၊ ထမ့်စမ်း၊ အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ၊ ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ၊
စင်းလုံးငှား အထူးနှုန်း
01-202628, 09-5075168

အလင်းရောင်
Ph: 421061860, 421099405, 421129597
မန်းရွှေစက်တော်၊ မကွေး၊ ပြည်(၃)ရက်၊စားငြိမ်း 35000
တောင်ကြီး၊အင်းလေး၊ပင်းတယ(၅ ရက်)/ မြတ်မော်တင်စွန်းပွင့်ပွဲ 35000
ရွှေစက်တော်+မုံရွာ(ကဿပ) (၅)ရက်/ ရွှေစက်တော်၊ ပုပ္ပါး၊ ပုဂံ၊ ညောင်ဦး (၅)ရက်
အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မန္တလေး (၄ ရက်)၊ စား၊ တည်း၊ တစ်ထပ်သွားကားခငြိမ်း (55000)
မန္တလေး၊ လားရှိုး၊ မူဆယ်၊ ရွှေလီ၊ ဝမ်တိန် (၇)ရက် - 130000/-
မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ၊ (၅ ရက်)၊ အလောင်းတော်ကဿပ ပါလျှင် (၆ ရက်)
ကားစီးလုံးငှားသည်

ချစ်ပိုင်သစ္စာ အဆင့်မြင့်ခရီးသွားပို့ဆောင်ရေး
မြတ်မော်တင်စွန်းဘုရားပွဲတော် (Mar 15,22) 30000
မန်းရွှေစက်တော် (စား၊ တည်း၊ ငြိမ်း) ဘတ်စ်ကား-သောကြာ 40000
အလောင်းတော်ကဿပ (သီးသန့်)လမ်းဘုရားစုံ 55000
ကျိုက်ထီးရိုး ချောင်းသာ (နေ့စဉ်)
ချောင်းသာ Hotel Package စီစဉ်ပေးပါသည်။
စီးလုံးငှားခရီးစဉ်များကို ဈေးနှုန်းသက်သာစွာဖြင့်စီစဉ်ပေးပါသည်။
0973198239, 0943033237, 0973163538

မတော်တဆနှုတ်ခမ်းရာ
(လုံးချင်းဝတ္ထုသစ်)

Pearl City
Travels and Tours
မူဆယ်အခြေစိုက် လိုင်စင်ရ Tour လုပ်ငန်း ဖြစ်သည်။
- လားရှိုး-မူဆယ်-နမ့်ခမ်းနှင့် တရုတ်နယ်စပ်ခရီးစဉ်များကို တစ်ဦးချင်းမှ အဖွဲ့လိုက်အထိ စီစဉ်ဆောင်ရွက်ပေးသည်။
- နိုင်ငံခြားသားများ ပြည်ဝင်၊ ပြည်ထွက် ခရီးစဉ်များ စီစဉ်ပေးသည်။
- ခရီးသွားလုပ်ငန်းအချင်းချင်း ဆက်သွယ်နိုင်သည်။
Ph:09-5231462, 09-5232259, 09-41001969

အားကစား

ပရီမီယာလိဂ်ရင်ခုန်သံ …၃၀

ရှိုင်းမင်းမင်း

ပရီမီယာလိဂ်ပွဲစဉ်(၃၀)ကို မတ် ၁၆၊ ၁၇ ရက်တွေမှာ ကျင်းပသွားဖို့ရှိတဲ့ အနက် မတ် ၁၆ ရက်မှာ ကစားမယ့်ပွဲစဉ်တွေကို ကြိုတင်သုံးသပ်ဖော်ပြပေး ခဲ့ပြီးတဲ့နောက် အခုကျန်နေသေးတဲ့ မတ် ၁၇ ရက်မှာ ယှဉ်ပြိုင်ကစားမယ့် ပွဲတွေကို ဆက်လက်ဖော်ပြပေးလိုက်ပါတယ်။

မန်ယူ Vs ရီးဒင်း နံနက် ၀၁း၀၀ (၁၇-၃-၁၃)
ပထမအကျော့ရလဒ်(၂-၁၂-၂၀၁၂) ရီးဒင်း ၃ - ၄ မန်ယူ

ချန်ပီယံလိဂ်ကထွက်ခဲ့ရတဲ့အပြင် အက်ဖ်အေဖလားမှာလည်း ဆီမီးဖိုင်နယ် တက်ရောက်နိုင်ဖို့ ရုန်းကန်ရဦးမှာ ဖြစ်တာကြောင့် မန်ယူဟာ ပရီမီယာလိဂ်မှာ ပိုမိုအားစိုက်လာဖို့ရှိတယ်။ လက်ရှိမန်ယူရဲ့ကစားအားက အနည်းငယ် ကျဆင်းနေပြီး ဗန်ပါစီကလည်း ဂိုးသွင်းခြေရပ်တန့်နေတာမှန်ပေမယ့် ကွင်းက အိမ်ကွင်းဖြစ်နေတာတွေ့ရတယ်။ အထူးသဖြင့် ရီးဒင်းဟာတန်းမဆင်းရဖို့ အားစိုက်နေတဲ့အသင်းဖြစ်ပေမယ့် လက်ရှိခြေစွမ်းပိုင်းက အားပျော့မှုတွေ များနေတာကြောင့် မန်ယူကိုတုံ့ပြန်ကစားဖို့မလွယ်ဘူး။

ဆန်းဒါးလန်း Vs နော့ဝှစ်ချ် ည ၈း၀၀(၁၇-၃-၂၀၁၃)
ပထမအကျော့ရလဒ်(၂-၁၂-၂၀၁၂) နော့ဝှစ်ချ် ၂ - ၁ ဆန်းဒါးလန်း

နော့ဝှစ်ချ်က တန်းမဆင်းရဖို့အမှတ်လိုအပ်နေတာကြောင့် ဒီပွဲမှာ ခြေကုန် ထုတ်လာမှာပါ။ ဒါပေမယ့် နော့ဝှစ်ချ်ဟာ လက်ရှိခြေစွမ်းပိုင်း အားနည်းနေသလို အိမ်ကွင်းမှာ ကစားပုံမဆိုးပေမယ့် အဝေးကွင်းမှာ ခြေက ပိုမိုကျဆင်းတတ် ပါတယ်။ ဆန်းဒါးလန်းက အိမ်ကွင်းအားနဲ့ ကစားမှာဖြစ်သလို တန်းမဆင်းရဖို့ ခြေကုန်ထုတ်လာမှာပါ။

စပါး Vs ဖူလ်ဟမ် ည ၉း၃၀ (၁၇-၃-၁၃)
ပထမအကျော့ရလဒ်(၁-၁၂-၂၀၁၂) ဖူလ်ဟမ် ၀ - ၃ စပါး

လီဗာပူးကို ရှုံးနိမ့်ခဲ့ရတဲ့အတွက် တတိယနေရာရရှိရေး စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်လာရတာကြောင့် ဒီပွဲမှာ စပါးအနေနဲ့ ခြေကုန်ထုတ်လာဖို့ ရှိတယ်။ စပါးအနေနဲ့ ဒီပွဲမတိုင်ခင်မှာ ယူရိုပါလိဂ်ကစားရဖို့ရှိပေမယ့်လည်း ယူရိုပါလိဂ် မှာ ပြိုင်ဘက်အင်တာမီလန်ကို ပထမအကျော့ အိမ်ကွင်းပွဲမှာ သုံးဂိုးပြတ်အနိုင် ရရှိခဲ့တာကြောင့် ဒုတိယအကျော့မှာပွဲကိုထိန်းပြီး ဒီလန်ဒန်ဒါဘီပွဲအတွက် ခြေချန်လာဖို့ရှိတယ်။အထူးသဖြင့် ဖူလ်ဟမ်ဟာခြေစွမ်းပိုင်းအရ သာမန်သာရှိတာ ကြောင့် စပါးကိုအဝေးကွင်းမှာ တုံ့ပြန်ကစားဖို့ခက်ခဲမှုတွေရှိလာနိုင်တယ်။

ချယ်လ်ဆီး Vs ဝက်စ်ဟမ်း ည ၁၀း၃၀ (၁၇-၃-၁၃)
ပထမအကျော့ရလဒ်(၁-၁၂-၂၀၁၂) ဝက်စ်ဟမ်း ၃ - ၁ ချယ်လ်ဆီး

စပါးက လီဗာပူးကို အရေးနိမ်ခဲ့ရတဲ့အတွက် ချယ်လ်ဆီးဟာ တတိယ နေရာရယူကာ ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရရှိဖို့ ကြိုးစားလာမှာဖြစ်တယ်။ ချယ်လ်ဆီးဟာ ဒီပွဲမတိုင်ခင်မှာ ယူရိုပါလိဂ်ကစားခဲ့ရလို့ ပွဲပန်းလာမှာ ဖြစ်ပေ မယ့် ဒီပွဲမှာလည်း အနိုင်ရဖို့ အားစိုက်လာမှာဖြစ်တယ်။ ဝက်စ်ဟမ်းက အခု နောက်ပိုင်း ကစားအားကျဆင်းနေတယ်။ ချယ်လ်ဆီးကိုပဲ နှစ်သက်တယ်။

ဝီဂန် Vs ကာဆယ် ည ၁၀း၃၀(၁၇-၃-၁၃)
ပထမအကျော့ရလဒ်(၄-၁၂-၂၀၁၂) ကာဆယ် ၃ - ၀ ဝီဂန်

တန်းမဆင်းရဖို့ ရုန်းကန်နေတဲ့ နှစ်သင်းဆုံတွေ့မှု ဖြစ်တာကြောင့် ပွဲက အကြိတ်အနယ်ရှိပါလိမ့်မယ်။ လက်ရှိခြေစွမ်းပိုင်းအရ နယူးကာဆယ်ကအားသာမှု ရှိပေမယ့်။ ကွင်းက ဝီဂန်ရဲ့ ကွင်းဖြစ်နေတဲ့ အပြင် နယူးကာဆယ်ဟာ ယူရို ပါလိဂ်ကစားခဲ့ရမှုကြောင့်လည်း ပွဲပန်းလာနိုင်ခြေရှိတယ်။ ဒါကြောင့် အိမ်ကွင်း အားနဲ့ ဖိအားပေးမယ့် ဝီဂန်ကို နှစ်သက်တယ်။

ချယ်လ်ဆီး၊ နယူးကာဆယ်နှင့် စပါး ယူရိုပါလိဂ် ကွာတားဖိုင်နယ်တက်ပြီ

ဂင်း၏ယခုနှစ်ဘောလုံးရာသီတွင် ကစားခဲ့သည့် ပွဲ ၂၀ တွင် ဒုတိယမြောက် သွင်းဂိုးလည်းဖြစ်ခဲ့ရသည်။

ယူရိုပါလိဂ်(၁၆)သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်များကို မတ် ၁၅ ရက် နံနက်ပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ ပရီမီယာလိဂ်မှ ချယ်လ်ဆီး အသင်း၊ နယူးကာဆယ်အသင်းနှင့် စပါးအသင်းတို့ ယူရိုပါလိဂ်ဖလား ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ပြီဖြစ်သည်။

ယူရိုပါလိဂ်ကွာတားဖိုင်နယ်အဆင့်သို့ အင်္ဂလန်မှ ချယ်လ်ဆီးအသင်း၊ နယူးကာဆယ်အသင်းနှင့်စပါးအသင်း၊ အီတလီစီးရီးအေမှ လာဇီယိုအသင်း၊ ပေါ်တူဂီကလပ်မှ ဘင်ဖီကာအသင်း၊ ရုရှားမှ ရူဘင်ကာဇန်အသင်း၊ ဆွတ်ဇာလန် မှ ဘေဆယ်အသင်း၊ တူရကီမှ ဖီနာဘာချီအသင်းတို့ တက်ရောက်လာခဲ့သည်။

ရှုံးထွက်ပွဲစဉ်တိုင်းတွင် ကံအမြဲကောင်းတက်သည့် ချယ်လ်ဆီးအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲကြီးမှ အုပ်စုအဆင့်နှင့်ပင် စောစီးစွာထွက်ခဲ့ရသော်လည်း လက်ရှိယူရိုပါလိဂ်တွင် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့၍ ယခုနှစ် ဘောလုံးရာသီအတွက် ရှုံးထွက်ဖလားနှစ်လုံး မျှော်လင့်ချက်လည်း ရှိလာခဲ့ပြီဖြစ်သည်။

ချန်ပီယံလိဂ်မှ ထွက်ကာ ယူရိုပါလိဂ်တွင် တင်ကျန်ခဲ့စဉ် နှစ်ကျော့ ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက် လာခဲ့သော ချယ်လ်ဆီးအသင်းသည် (၁၆)သင်းအဆင့် ဒုတိယအကျော့ပြိုင်ပွဲတွင် တိုက်စစ်မှူးတောရက်စ်ကို တိုက်စစ်အထောင်ထားကာ ကွင်းလယ်တွင် အော်စ ကာ၊ မီခေးလ်၊ ဟာဇက်၊ ရာမီရက်၊ မာတာနှင့် နောက်တန်းတွင် ဒေးဗစ်လူးဝစ်၊ အက်ရှ်လေကိုးလ်၊ အက်ပီလီကူတာနှင့် ဂယ်တယ်ရီတို့ကို သုံးကာ ၄-၂-၃-၁ ကစားကွက်ဖြင့် ယူရိုပါလိဂ်ကွာတားဖိုင်နယ်တက်ရေးအတွက် အိမ်ကွင်းစတမ်း ဖို့ဒ်ဘရစ်ချ်၌ ဒမ်ဘာဘာ မပါဝင်နိုင်သည်မှလွဲ၍ လူစုံထုတ်ကစားခဲ့ရာ မာတာ၊ ဂယ်တယ်ရီနှင့် တောရက်စ်တို့၏ သွင်းဂိုးများဖြင့် ဧည့်သည်စတုအာ့ဘူခါရတ်ကို သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

တိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်၏ ယခုပွဲတွင် သွင်းယူခဲ့သောသွင်းဂိုးသည် ဂင်း၏ယခုနှစ်ဘောလုံးရာသီတွင် ကစားခဲ့သည့် ပွဲ ၂၀ တွင် ဒုတိယမြောက် သွင်းဂိုးလည်းဖြစ်ခဲ့ရသည်။

ယင်းပွဲစဉ်တွင်ချယ်လ်ဆီးအသင်းသည် လေးဂိုးအထိ ရရှိနိုင်ရန် သေချာ ခဲ့သော်လည်း တိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်ရရှိလာသည့် ပင်နယ်တီကို ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ပေ။ သို့ရာတွင် ချယ်လ်ဆီးအသင်းသည် နှစ်ကျော့ ပေါင်းရလဒ်ဖြင့် ယူရိုပါလိဂ်ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင်လည်း ဖလားနှစ်လုံး ရရှိရေးအတွက် အခွင့်အလမ်းများရှိနေခဲ့ပြီဖြစ်သည်။ ပရီမီယာလိဂ်တွင် ဖလား ရရှိရေးအတွက် မမျှော်လင့်နိုင်သော်လည်း လက်ရှိခြေစွမ်းကို ဆက်ထိန်းကာ ဘင်နီတက်ဇ်အနေဖြင့် အသင်းကို အကောင်းဆုံးဗျူဟာဖြင့် ပုံဖော်နိုင်ပါက မန်ယူအသင်းနှင့် ပြန်ကစားရမည့် အက်ဖ်အေဖလားပြိုင်ပွဲကို အနိုင်ယူကာ အက်ဖ်အေဖလားမျှော်လင့်ချက်ရှိနေပြီး လက်ရှိယူရိုပါလိဂ်တွင်လည်း ကွာတား ဖိုင်နယ်အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။

စပါးအသင်းသည်လည်း ပရီမီယာလိဂ်တွင် အဆင့်(၃) နေရာသို့ တက်လှမ်းနိုင်ခဲ့သည့်အပြင် ယူရိုပါလိဂ်(၁၆)သင်းအဆင့် ဒုတိယ အကျော့တွင် အင်တာမီလန်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ပထမအကျော့တွင် သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိထားခြင်းကြောင့် နှစ်ကျော့ပေါင်း ရလဒ် လေးဂိုး-လေးဂိုး ဖြစ်ခဲ့သော်လည်း အဝေးကွင်းတွင် ဂိုးသွင်းယူနိုင်ခဲ့ခြင်း ကြောင့် နှစ်ကျော့ပေါင်းရလဒ်ဖြင့် အနိုင်ရရှိကာ ယူရိုပါလိဂ်ကွာတားဖိုင်နယ် အဆင့်သို့ တက်ရောက်ခဲ့ပြီဖြစ်သည်။

ယူရိုပါလိဂ် ဒုတိယအကျော့ အခြားပွဲစဉ်ရလဒ်များ

ရူဘင်ကာဇင်	၂-၀	လီဗန်တေး
ဇင်းနစ်	၁-၀	ဘေဆယ်
ဖီနာဘာချီ	၁-၁	ပါလ်ဇန်
နယူးကာဆယ်	၁-၀	အန်ဇီ
လာဇီယို	၃-၁	စတုဂတ်

နိုင်လင်းကြည်

ဇော်ဓိရိပ်ငြိမ်တောရ

သိမ်ကျောင်းရေစက်ချ အလှူမင်္ဂလာဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းကြီးကျေးရွာ၊ ဇော်ဓိရိပ်ငြိမ် တောရ ကျောင်းတိုက်ကြီးတွင် (ဦးလှစိန်)-ဒေါ်တင်တင်၊ သမီး ဒေါ်ခင်လှတင် မိသားစုတို့က မတည် လှူဒါန်းပြီး ဇော်ဓိရိပ်ငြိမ် ဒကာ၊ ဒကာမများ၊ စေတနာရှင်အများတို့က စုပေါင်းဆောက် လုပ် လှူဒါန်းအပ်သော "အဘိသေကသိဒ္ဓိ"နှစ်ထပ်သိမ်ကျောင်းတော်ကြီး ရေစက်ချမင်္ဂလာကို (၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်) (တနင်္ဂနွေနေ့) ၁၇-၃-၂၀၁၃ရက် နံနက် ၉နာရီတွင် ပြုလုပ် မည်ဖြစ်ပါ၍ ဖိတ်စာရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ ရပ်ဝေးရပ်နီးရှိ ဒကာ၊ ဒကာမ များ ဇော်ဓိရိပ်ငြိမ်တောရသို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အကျိုးဆောင်များအဖွဲ့
ဇော်ဓိရိပ်ငြိမ်တောရ

နှစ်ခရီးသွားရတာ အရမ်းအဆင်ပြေကောင်းဆိုတဲ့ (ဖိတ်ဟောင်း/ဖိတ်သစ်)များအတွက်
နှစ်သစ်အထူးစေတနာဖြင့်ခရီးစဉ်တိုင်းကို 50% Discount Hotel Package
(မှန်လုံအဆင့်မြင့်၊ Air-Con, hot & cold water, Toilet)ပါသောကား

ပုဂံ–ညောင်ဦး–ပုပ္ပါး(စွယ်တော်လေးဆူ)ပြည့်ငါးပြည့်–ပခုက္ကူဘုရားစုံ(အထူး)
ဟိုတယ်အိပ်/တဆင့်သွားကား၃/စက်လှေ၁(ငြိမ်း) 75000 Mar-22
(ညပိုင်း Dinner စားရင်း ဖျော်ဖြေမှုပါ။) ၃ည/၄ရက် ~~ယခင် 150000~~

မန်းရွှေစက်တော်အထူး *တည်းကျောင်းလုံးချင်းသီးသန့်* Mar-22
ကျောင်းတော်ရာ၊ မကွေးမြသလွန်၊ နဂါးပွက်၊ စက္ကိန်းတဲ၊ ပြည်ဘုရားစုံ(အထူး)၃ည/၄ရက် 75000

အလောင်းတော်ကဿပ (ဖိုလ်ဝင်တောင်/ရွှေဘတောင်)အထူး (၄ည/၅ရက်) Mar-22/29
မန္တလေး၊ စစ်ကိုင်း၊ မုံရွာ (ဘုရားစုံ) အထူး ဟိုတယ်အိပ်/စား/တဆင့်သွားကား၃(ငြိမ်း) 90000

တောင်ကြီး–အင်းလေး–ပင်းတယ–ကလော–မွှေတော်ကျွ–ထမ့်စမ်း
ကံလုံဆရာတော်၏ ထူးခြားဖြစ်စဉ် ပူးမြော်ရန် (အထူး) Mar-22/90000
ဟိုတယ်အိပ်/စား/စက်လှေ၁(ငြိမ်း)….. ၄ည/၅ရက် Apr-13/120000

သင်္ကြန်အတွက် အဆင့်မြင့်ခရီးစဉ်များအားလုံး ကြိုတင်စာရင်းပေးနိုင်ပါသည်။

ကုမ္ပဏီ အဖွဲ့အစည်းနှင့် မိသားစုများအတွက် ခရီးစဉ်ကားမျိုးစုံ ကားစီးလုံး ငှားစီစဉ်ပေးသည်။
Ph: 09-73211079, 09-49250637, 09-420073607

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်-၂၂၉၊ မြေကွက် တည်နေရာအမှတ်(၂၂၉)၊ ပင်းယ ၁၀ လမ်း၊ ၅ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ခင်တင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်တင့် (ခင်ပွန်း) ဦးလှစိုး(ခ)ရာကွတ် (သား) ဦးခင်မောင်လှ(လူပျိုကြီးဘဝဖြင့်)အသီးသီးကွယ်လွန်သဖြင့် ဦးလှဦး[၁၂/ဥကတ(နိုင်) ၁၄၁၄၅၃]၊ ဦးမောင်မောင်စိုး[၁၂/ဥကတ(နိုင်)၁၄၁၄၅၅]၊ ဦးရဲမင်းစိုး[၁၂/ဥကတ(နိုင်) ၁၄၁၄၅၇]၊ ဒေါ်မိုးသီတာစိုး[၁၂/ဥကတ(နိုင်)၁၄၁၄၅၆]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန် လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရွှေကြေးစည်–ကျိုက်ထီးရိုး/ချောင်းသာ

▲ **ရွှေစက်တော်သီးသန့်** [သောကြာသွား တနင်္ဂနွေပြန်] နှင့်လမ်းဘုရားစုံ [အင်္ဂါ၊ သောကြာ]
▲ ဆက်၍-(ပုဂံ၊ ပုပ္ပါး)(အလောင်းတော်ကဿပ၊ မုံရွာ)(မန္တလေး၊ ပြင်ဦးလွင်)(တောင်ကြီး၊ အင်းလေး)ခရီးစဉ်များ။
▲ အလောင်းတော်ကဿပ၊ မုံရွာ၊ စစ်ကိုင်း(၃)ရက်။ ဆက်၍-မန္တလေး၊ ပြင်ဦးလွင်အနံ့(၅)ရက်။
▲ ပုဂံ၊ ပုပ္ပါး(စွယ်တော်လေးဆူ)(၃)ရက်။ ဆက်၍-မန္တလေး၊ ပြင်ဦးလွင်(၅)ရက်။
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ(၅)ရက်။ ဆက်၍-(ပုဂံ၊ ပုပ္ပါး)(မန္တလေး၊ ပြင်ဦးလွင်)(၇)ရက်။
▲ (လားရှိုး၊ မူဆယ်၊ ရွှေလီ) ▲ (ကျိုက္ခမီ၊ မော်လမြိုင်၊ ဖက်စဲ) ▲ (ဇလွန်)
▲ **မော်တင်စွန်းဘုရားပွဲ–မွှင့်ပွဲ** Mar 10,15,19,22,24,25 ထွက်မည်
၁၂၄၊ ပန်းဆိုးတန်း ☎ 240860/372290 ၂၇၃၊ မင်းနန္ဒာလမ်း၊ ဒေါပုံ။ 09-49282825

စီးပွားရေးနှင့်အိမ်ခြံမြေအချက်အလက်အများဆုံးပါဝင်သောဂျာနယ်

အိမ်ခြံမြေ အချက်အလက်ပေါင်း ၂၀၀၀၀ ကျော် ပါဝင်ပါသည်။

GOLDEN HEXAGON BUSINESS JOURNAL
ရွှေဆဋ္ဌဂံ ဂျာနယ်
www.shwesathtagan.com

ကြော်ငြာများ ထည့်သွင်းလိုပါက ၀၉၄၃၁၈၅၀၄၇၊ ၅၁၁၉၉၈

● ယခုနှစ်ရန်ကုန်မဟာသင်္ကြန်အတွက် မဏ္ဍပ် ၁၀၀ ကျော်ခွင့်ပြုပေး
● အများပိုင်ရှယ်ယာလုပ်ငန်းရုံးခွဲများကို ရန်ကုန်နှင့်မန္တလေးတွင်ဖွင့်လှစ်
● ရန်ကုန်ဆေးရုံကြီးပြုပြင်ရန် ဘက်ဂျက်ကျပ်သန်း ၅၀၀၀ကျော်ရရှိ
● ပြည်ထောင်စုအစိုးရပိုင် စီးတီးဘက်စ် ၁၃၇စီးရောင်းချပေးမည်
● ခေါင်းဆောင်းတွေမှာ အတွေ့အကြုံကောင်း လို၊ မလို
● ဖောက်သည်တွေကို အနိုင်ပေးရင် ဘယ်သူတွေရှုံးသွားနိုင်သလဲ
● အိမ်ခြံမြေအကျိုးဆောင်သစ်များအတွက် စျေးကွက်ရှာဖွေနည်း

ပါဝင်နေကျ နောက်ဆုံးရ စီးပွားရေးသတင်းများ၊ အိမ်ခြံမြေ သတင်းများ၊ ဥပဒေ၊ စီးပွားရေးသုံးသပ်ချက်၊ အိုင်တီ၊ အားကစား၊ ကားစျေးနှုန်းနှင့်အခြားကဏ္ဍများ…

V:2,N:11 တနင်္ဂနွေနေ့တိုင်း ထွက်ရှိနေပါပြီ

ကျေးဇူးဆပ်ပါမည်

Kandawgyi Palace Hotel အနီးတွင် ကျွန်တော်၏ Laptop (Mac Book Pro 13")သည် ၈-၃-၂၀၁၃ ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးပြု၍ အကြောင်းကြားပေးပါရန်နှင့် ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန်
ကိုပြည့်ဦးအောင်
ဖုန်း-၀၉-၅၀၆၆၉၀၅၊ ၀၉-၄၃၀၇၃၂၁၉

ဂျပန်နိုင်ငံတွင် ဂျပန်စာသင်တန်းတက်ရောက်သင်ကြားနိုင်ရေးအတွက် ရှင်းလင်းပွဲ

ကျင်းပမည့်နေ့ရက်နှင့်အချိန် - ၂၃. ၃. ၂၀၁၃ (နေ့လည် ၁း၀၀ နာရီ)
- ၂၄. ၃. ၂၀၁၃ (နံနက် ၁၀း၃၀ နာရီ)

ဆွေးနွေးမည့်အကြောင်းအရာ - ဂျပန်နိုင်ငံ NAGOYA မြို့တွင်ပညာ သွားရောက် သင်ကြားလိုသူများအတွက် အကြံပြုဆွေးနွေးခြင်း။

ကျင်းပမည့်နေရာ - မြန်မာ-ဂျပန်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း အမှတ်(၂၄)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း-၂၄၆၆၃၆၊ ၂၅၃၀၇၇၊ ၃၈၄၃၀၉။

(လူဦးရေကန့်သတ်ထားပါသဖြင့် ဖုန်းဖြင့်ကြိုတင်စာရင်းပေးသွင်း ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။)

(၁၉၈၈)ခုနှစ်မှစ၍ မြန်မာနိုင်ငံသား ကျောင်းသားများအားဂျပန်နိုင်ငံ တွင်ပညာသင်ရန် ဆောင်ရွက်ပေး ခဲ့ပါသည်။ Visa ရရှိရန်သေချာမှု (၁၀၀%)ရှိပြီး ဂျပန်နိုင်ငံသား sponsor တာဝန်ယူပေးပါသည်။

"အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၇)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ ကွန်ဒိုတိုက်အမှတ်(၂၄၄/၂၅၄)ရှိ၊အခန်းအမှတ်(R/44)(၂၅ပေ×၆၀ပေ)၊(၅)လွှာ ကွန်ဒိုတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်ကိုပိုင်ဆိုင်ကြောင်း နှင့်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဆိုသူ ဦးနေမျိုး(၉/မနမ(နိုင်)၀၉၁၁၄၇)ထံမှ ဦးထွန်းနိုင်စောကအပြီးအပိုင်လက်ရောက် ဝယ်ယူရန်စရံငွေပေးပြီးဖြစ်ပါသည်။ယင်းအရောင်းအဝယ်ပြုလုပ်ခြင်းအပေါ်ကန့်ကွက် လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁)ပတ်အတွင်း စာချုပ်၊ စာရွက်၊ စာတမ်းမူရင်း များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်သိန်းကျော်(LL.B) ဒေါ်သွယ်မာဝင်း(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်- ၈၆၇၃) အထက်တန်းရှေ့နေ(စဉ်-၃၅၆၅၃)
ရုံးခန်း-အမှတ်(၃၃၉)၊ ပထမထပ်၊ ၁၅၇လမ်းနှင့်ကျိုက္ကဆံလမ်းမထောင့်၊ တာမွေ မီးပွိုင့်ထိပ်၊တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၃၀၅၄၉၇၀၊ ၀၉ ၄၂၈၁၈၀၁၆၀

"Expert" Real Estate Service ဖုန်း-၀၉၄၃၀၈၅၆၁၃၊ ၀၉၄၂၀၀၁၆၈၉၃၊ ၀၉၄၅၀၀၂၃၇၂၇ မှ ရောင်းရန်-
၁။ တောင်ဒဂုံ၊ ဂရုဏာလမ်းမရဲ့ကျောကပ်လမ်း၊(၂၈ပေ×၆၀ပေ)၊မြေပါပျဉ်ထောင်အိမ်၊ ရေမီးစုံ၊ခြံစည်းရိုးကာပြီး၊ ကျပ် (၁၁၀)သိန်း
၂။ တာမွေမြို့နယ်၊ ၁၅၉ လမ်း၊ပထမထပ်(၁၂½ပေ×၅၀ပေ)တိုက်ခန်း၊ ကျပ်(၁၈၀)သိန်း

ရန်ကုန်မှာ ကားငှားစီးပြီး ခြေကျင်ဆင်းလျှောက်ရသည့်ဖြစ်ရပ်

ရန်ကုန်　　မတ်　　၁၅

မတ် ၁၂ ရက်က စာရေးသူ၏ ကိုယ်တွေ့ကြုံဖြစ်ရပ်မှန်ကို ရေးသားဖော်ပြလိုက်ပါသည်။ နယ်မြို့တစ်မြို့မှ ရန်ကုန်မြို့ကြီးသို့ ကျွန်တော့်ဇနီးသည် မျက်စိခွဲစိတ်မှုခံယူပြီး တစ်လတစ်ခေါက် ပြန်ပြရသည့်အတွက် ရန်ကုန်မြို့သို့ တစ်လတစ်ခေါက်ရောက်ဖြစ်ပါသည်။ တိုးတက်ဖွံ့ဖြိုးလာသည့် ခေတ်နှင့်အညီ ရန်ကုန်မြို့ကြီးတိုးတက်လာသည်ကို မြင်တွေ့ခဲ့ရပါသည်။ အနယ်နယ် အရပ်ရပ်မှ လုပ်သားပြည်သူများမှာ ကျန်းမာရေးနှင့် စီးပွားရေးအတွက် အဓိကထား၍ ရန်ကုန်မြို့တော်ကြီးသို့ လာနေကြရသည်ဟု သုံးသပ်မိပါသည်။ ကားကများ၊ ပြည်သူများကစည်ကားပြီး တိုးတက်နေသည့်အလျောက် နိုင်ငံတော်အစိုးရဌာနများက လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် အမြဲတစေ တိုးချဲ့ပြုပြင်နေသည့် မြင်ကွင်းကိုလည်း တွေ့ခဲ့ရပါသည်။

မတ် ၁၂ ရက် ညနေတွင် နယ်မြို့သို့ပြန်ရန် မြောက်ဥက္ကလာပ (၂)ရပ်ကွက် ရွှေလမင်းဆေးရုံမှ ည ၇ နာရီကားစီးရန်အတွက် အောင်မင်္ဂလာအဝေးပြေးကားဝင်းသို့ အချိန်လေးစား ဝီရိယထား၍ ညနေ ၅ နာရီတိတိတွင် (Taxi)ကားငှား၍ ထွက်လာဖြစ်ပါသည်။ ညနေ ၅ နာရီမိနစ် ၂၀ တွင် အဝေးပြေးကားဝင်းအပေါက်သို့ရောက်၍ အဝင်လမ်း(ဒဂုံလမ်း)မှာ တစ်လမ်းမောင်း မိန်းအဝင်လမ်းမကြီးဖြစ်ပါသည်။ ၎င်းလမ်းတည့်တည့်တွင်ရှိသော အောင်သူအဆင့်မြင့် ပို့ဆောင်ရေးဂိတ်သို့သွားရန် ကားများပိတ်ဆို့ပြည့်ကျပ်**(အပေါ်ယာပုံ)**နေသည့်အတွက် တဖြည်းဖြည်းတန်းစီဝင်လာသော ကားတန်းကြီးမှာ အံ့မခန်းအောင် တစ်မိုင်ခန့်မြင်တွေ့နေရပါသည်။ တဖြည်းဖြည်းနှင့် ရှေ့သို့တိုးလာခဲ့ရာ ကားလမ်းပိတ်ဆို့မှု တစ်နာရီခန့် ကြာခဲ့ပါသည်။ ကားများပိတ်ဆို့ရပ်တန့်နေရသည့်အကြောင်းကို စာရေးသူမှ မိုင်ဝက်ခန့်လမ်းလျှောက်၍ ဆင်းကြည့်ရာ ဒဂုံလမ်း

နှင့် တောင်ကြီးလမ်းဆုံတွင် စည်းကမ်းမဲ့အလုအယက်ဝင်နေကြပုံမှာ တောင်ကြီးလမ်း ဘယ်၊ ညာမှကားများ ဒဂုံလမ်းမကြီးတစ်လမ်းမောင်းသို့ မြားပုံသင်္ကေတန်ဝင်နေကြသည့်အတွက် ကားများပိတ်ဆို့နေကြောင်း သိရှိလိုက်ရပါသည်။ ဒဂုံလမ်းထိပ်တွင်လည်း ဆီထည့်နေသောကားများ ဆီပန့်ဆိုင်တွင် တန်းစီနေသောကြောင့် ကားများ နေ့စဉ်ပိတ်ဆို့နေကြောင်း ခရီးသယ်တင်ဂိတ်မှူးများက ပြောပြ၍ သိရသည်။

အဝေးပြေးကားဝင်း ဒဂုံလမ်းနှင့် တောင်ကြီးလမ်းဆုံတွင် စည်းကမ်းမဲ့စွာ အလုအယက်ဝင်နေကြသော ကားများကို ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့၊ ယာဉ်ထိန်းရဲများထားရှိလျှင်သော်လည်းကောင်း၊ မီးပွိုင့်များတပ်ဆင်နိုင်ပါက လိုရာခရီးအဆင်ပြေချောမွေ့ စိတ်ချမ်းသာစွာ သွားလာနိုင်မည်ဖြစ်ကြောင်းနှင့် ကျွန်တော်တို့မိသားစုကဲ့သို့ မျက်စိဝေဒနာရှင်ကိုတွဲပြီး Taxi ကားပေါ်မှ လိုင်းကားအတွက် အချိန်မီရန် လမ်းဆင်းလျှောက်ရသောအဖြစ်ဒုက္ခမျိုး မကြုံကြစေရန် စေတနာကောင်းဖြင့် အကြံပြုရေးသားဖော်ပြလိုက်ပါသည်။ **(ဦးတင်ဦး)**

ချင်းတိုင်းရင်းသားများသို့ အနူးအညွတ်တောင်းပန်ခြင်း

ကြေးမုံသတင်းစာတွင် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ ၁၉ ရက်နေ့အထိ ဖော်ပြခဲ့သော စာရေးဆရာကြီးပီမိုးနင်းရေးသားခဲ့သည့် "ဂနိုင်ကြော့"ဝတ္ထုကို မူရင်းအတိုင်းဖော်ပြခဲ့ရာ စိစစ်ရန် အားနည်းခဲ့သဖြင့် ချင်းတိုင်းရင်းသားတို့၏ ဂုဏ်သိက္ခာကိုထိခိုက်စေသည့် ဇာတ်လမ်းစာသားများပါရှိသွား၍ စာတည်းမှူးချုပ်အနေဖြင့် အနူးအညွတ်တောင်းပန်အပ်ပါသည်။

ကြေးမုံသတင်းစာအနေဖြင့်သတင်းစာဖတ်ရှုကြသော မိဘပြည်သူများအား သတင်းအကြောင်းအရာသာမက ရသပါ ကဏ္ဍစုံလင်ဝေဆာစွာဖြင့် ဖတ်ရှုနိုင်စေရန် နေ့စဉ်စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကြေးမုံသတင်းစာအား ရသဦးစားပေးသတင်းစာအဖြစ် ဆောင်ရွက်ရာ၌ လုံးချင်းဝတ္ထုသီးသန့်ဖတ်ရှုရန် အချိန်မပေးနိုင်သည့် ပရိသတ်များအတွက် နာမည်ကျော် စာရေးဆရာကြီးများ၏ ဝတ္ထုများကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့မှစတင်၍ အခန်းဆက်အဖြစ် နေ့စဉ်ဖော်ပြပေးခဲ့ခြင်းဖြစ်ပါသည်။

သတင်းစာဖတ်မိဘပြည်သူများ ရသစုံခံစားနိုင်စေရန် စိတ်ရင်းစေတနာမှန်သက်သက်ဖြင့်သာ ဝတ္ထုများကို ဖော်ပြပေးခဲ့ခြင်းဖြစ်ပါသည်။ ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားအားလုံးကို ထိခိုက်စေလိုသောဆန္ဒမပါရှိသည့်အပြင် အခြားမည်သည့်ရည်ရွယ်ချက် တစ်စုံတစ်ရာမျှ မရှိပါ။ သို့ပါသော်လည်း မူရင်းဝတ္ထုပါစာသားများတွင် ချင်းတိုင်းရင်းသားများ၏ ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သော စာသားများပါရှိခဲ့ခြင်းအတွက် ချင်းတိုင်းရင်းသားများအား အနူးအညွတ်တောင်းပန်အပ်ပါသည်။

(စာတည်းမှူးချုပ်)

ဘားအံ၌ မူးယစ်ဆေးဝါးများ လက်ဝယ်ကိုင်ဆောင်သူအား ဖမ်းမိ

ဘားအံ　မတ်　၁၅

ကရင်ပြည်နယ် ဘားအံမြို့နယ် မြိုင်ကလေး သထုံကားလမ်းမဘေး ဘုရင်ညီကျေးရွာရှိ ဘုရင့်ညီဂူအဝင် မုခ်ဦးဝတွင် မတ် ၇ ရက်က မူးယစ်ဆေးဝါး လက်ဝယ်ကိုင်ဆောင်သူအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၇ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မြိုင်ကလေးရဲစခန်းမှူး ဒုတိယရဲအုပ်သက်စိုးဦးနှင့် ပူးပေါင်းအဖွဲ့သည် လှာကာကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဝင်းဗိုလ်၊ ဦးစိုးတင့်တို့နှင့်အတူ ဘားအံမြို့နယ် မြိုင်ကလေး -သထုံကားလမ်းမဘေး ဘုရင်ညီကျေးရွာရှိ ဘုရင့်ညီဂူ မုခ်ဦးဝတွင် နံပါတ်မပါ Wave အမျိုးအစား အပြာ/အမည်းရောင် ဆိုင်ကယ်ဖြင့် ရောက်ရှိလာသူ ခက်ဇော်ထူး (ခ) ချောပု (၂၂) နှစ် နောင်ကျန်ကျေးရွာ ဘားအံမြို့နယ်နေသူအား သက်သေများရှေ့တွင် စစ်ဆေးရှာဖွေခဲ့ရာ ယာဘက်လက်အတွင်းမှ ပလတ်စတစ်အိတ်ဖြင့် ထုတ်လျက် WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ခုနစ်ပြားအား တွေ့ရှိ၍ ဒုတိယရဲအုပ်သက်စိုးဦးက သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

ဖမ်းဆီးရမိသည့် ဆေးပြားများနှင့်ပတ်သက်၍ စစ်ဆေးခဲ့ရာ ဘားအံမြို့နယ် ဝါးပိုးတော-ဝင်းဒရယ်-ကျောက်တလုံးလမ်းရှိ မိကရင်ကျေးရွာအုပ်စုနေ စီကို(ခ) ကိုကိုအောင်(၃၈)နှစ်က ဝါးပိုးတော ဘင်ဂျီကျေးရွာနေ စောဘီလူးထံမှ ဝယ်ယူပေးခဲ့ခြင်း ဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် စောဘီလူးနေအိမ်သို့ ဘင်ဂျီကျေးရွာအုပ်ချုပ်ရေးမှူး ဦးချစ်လွင်နှင့်အတူ ဆက်လက်သွားရောက်ဖမ်းဆီးခဲ့ရာ စောဘီလူးမှာ နေအိမ်တွင်မတွေ့ရှိရဘဲ ထွက်ပြေး တိမ်းရှောင်သွားကြောင်း သိရသည်။

သို့ဖြစ်၍ ခက်ဇော်ထူး (ခ) ချောပု၊ စီကို(ခ) ကိုကိုအောင်နှင့် ဆေးပြားများ ရောင်းချခဲ့သူ စောဘီလူးတို့ သုံးဦးအား ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နိုင်နိုင်ထွန်း (ကျုံဒိုး)**

ဆိုင်ကယ်ခိုးသူ သုံးဦးအား ဒလတရားရုံးမှ ထောင်ဒဏ်နှစ်နှစ်စီချမှတ်

ရန်ကုန်　မတ်　၁၅

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ရဲစခန်းမှ တာဝန်ရှိသူများ လှည့်ကင်းဆောင်ရွက်နေစဉ် မသင်္ကာဖွယ် လူငယ်သုံးဦးတွေ့ရှိ၍ ခေါ်ယူစစ်ဆေးရာ ဆိုင်ကယ်ခိုးယူရောင်းချခဲ့သော အမှုပေါ်ပေါက်ခဲ့ပြီး တရားစွဲတင်ပို့ခဲ့သဖြင့် မြို့နယ်တရားရုံးမှ မတ် ၈ ရက်တွင် တစ်ဦးလျှင် အလုပ်နှင့်ထောင်ဒဏ် နှစ်နှစ်စီ ချမှတ်လိုက်သည်။

ဖြစ်စဉ်မှာ ဒလရဲစခန်းနယ်ထိန်းအရာရှိ ဒုတိယရဲအုပ်မျိုးစည်သူနှင့် တပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်နေစဉ် ဝင်းထွန်းဦး (ခ)ကိုကို (၂၁) နှစ်၊ နိုင်လင်းအောင်(ခ)ဗိုက်ကလေး (၂၃) နှစ်၊ သက်ပိုင်ဦး (ခ)ချက်ဖောင်း (၂၇) နှစ်တို့အား မသင်္ကာဖွယ်ရာတွေ့ရှိသဖြင့် ခေါ်ယူစစ်ဆေးရာ ၂၅-၇-၂၀၁၂ ရက် နံနက် ၁ နာရီခွဲတွင် ဗညားဒလရပ်ကွက် ဒလမြို့နေအိမ်တစ်အိမ်မှ အဖြူရောင်ဂျန်းလမက်ဆိုင်ကယ်တစ်စီးခိုးယူ၍ လှိုင်သာယာမြို့နယ်သို့ သွားရောက်ရောင်းချခဲ့ရာ ငွေကျပ် နှစ်သိန်းရှစ်သောင်းရရှိပြီး သုံးဦးခွဲဝေသုံးစွဲခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့၍ သက်သေခံဆိုင်ကယ်အား သွားရောက်သိမ်းဆည်းပြီး မြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ပြစ်မှုကျူးလွန်ကြောင်း စစ်ဆေးပေါ်ပေါက်၍ ပြစ်ဒဏ်အသီးသီး ချမှတ် လိုက်ခြင်းဖြစ်သည်။

(၆၁၁)

ရွှေထီးပ်တန်း သကြ်န်ကြိုတင်ရောင်းပြီ
(နေ့စဉ်-နံနက်/ည) **ချောင်းသာ** ✦ကျိုက်ထီးရိုး (နေ့စဉ်) ✦ငွေဆောင် (သောကြာ)
ကားမျိုးစုံ စီးလုံးငှား ဆောင်ရွက်ပေးသည်။
01-710436, 701015, 095403844, 09-5044830

GOLDEN STAR Travels & Tours

☆ ရွှေစက်တော်၊ပုဂံ-ပုပ္ပါး	Mar22,Apr12
☆ မုံရွာ-အလောင်းတော်ကဿပ	Mar22,Apr12
☆ မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မုံရွာ	Mar22,Apr12
☆ တောင်ကြီး-အင်းလေး-ပင်းတယ	Mar22,Apr12
☆ ပုဂံ-ပုပ္ပါး-တောင်ကြီး-အင်းလေး-ပင်းတယ	Apr12
☆ မန္တလေး-ပြင်ဦးလွင်-လားရှိုး-မူဆယ်-ရွှေလီ	Apr12

Ph: 209200, 544383, 430480, 703448, 09-5081580

မိနစ်ဝင်းနှင့်ရောင်းရင်းများ
အဆင့်မြင့်ခရီးစဉ်များ — သင်္ကြန်အထူး
The Best of "Car , Hotel, Restaurant"
တောင်ကြီးသင်္ကြန် ၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်း၊ မွေတော်ကက္ကူ။
မူဆယ်၊ ရွှေလီသင်္ကြန် ၊ မန္တလေး၊ ပြင်ဦးလွင်၊ သီပေါ၊ လားရှိုး။
ခရီးစဉ်များအား... Business Class (အထူးကား), 2 Plus 1
မှတ်ချက်-ကားစီးရေ ကန့်သတ်ထားပါသည်။ 2012 ခုနှစ်ထုတ် ကားသစ်ကြီးများဖြင့် ပို့ဆောင်ပေးပါမည်။
ဧပြီလ ၁၂၊ ၁၃ နေ့ထွက်မည် (ကြိုတင်လက်မှတ် ဝယ်ယူနိုင်ပါပြီ)
၂၂၉၊ ပန်းဆိုးတန်းလမ်း(အပေါ်လမ်း) 249871, 255553, 389611, 09-5137245

အလိုရှိသည်
အမျိုးသား/အမျိုးသမီး ဆံပင်ညှပ်ကျွမ်းကျင်၊ Nail ဘာသာစုံကျွမ်းကျင်၊ ရုပ်ရည်ပြေပြစ်၍ ဆက်ဆံရေးကောင်းမွန်ရမည်၊ အရည်အချင်းနှင့် ကြိုးစားမှုပေါ်မူတည်၍ လစာ၊ %၊ ဘောက်ဆူး ခံစားခွင့်ရှိသည်။ နေရေး၊ စားရေး စီစဉ်ပေးသည်။
ဆက်သွယ်ရန်- Up Date
(52)လမ်း (မဟာဗန္ဓုလနှင့်အနော်ရထာလမ်းကြား) ဖုန်း-0973053123

Mores Myanmar Travels (သင်္ကြန်ခရီးစဉ်များ)

ဗန်ကောက်-ပတ္တရား	၅ည/၆ရက်	April 12
စင်ကာပူ-မလေးရှား	၆ည/၇ရက်	April 12
စင်ကာပူ	၂ည/၃ရက်	April 13
ကိုရီးယား-ဂျယ်ဂျူးကျွန်း	၇ည/၈ရက်	April 10
ဟောင်ကောင်-မကာအို	၇ည/၈ရက်	April 11/12
တရုတ်ပြည် (ပေကျင်း-ရှန်ဟိုင်း)	၇ည/၈ရက်	April 11/13

(၁၃၂)၊၁၆-လမ်း၊လမ်းမတော်။ 01-376955,09-5074744,09-49254346

နန်းဦးလှိုင် (ထားဝယ်ရှင်ကိုးရှင်)
●ထားဝယ်ရှင်ကိုးရှင်-ရှင်ဆံတော်၊ ရှင်မော်၊ ရှင်တောင့်ပုံ၊ ရှင်ဇလွန်၊ ရှင်တောက်ထိန်၊ ရှင်ဓာတ်ဝံ၊ ရှင်ပင်ခွ၊ ရှင်မုတ္တီး၊ ရှင်ညီညွှ နှင့် မျှော်ရစ်၊ လျောင်းတော်မူ၊ တောက်ထိန်တောင်၊ မောင်းမကန်၊ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ (၇)ရက်။ (မတ် ၁၅/၂၂/၂၉-ဧပြီ ၅/၁၂)ထွက်မည်။ ●ရွှေစက်တော်၊ အလောင်းတော်၊ ပုဂံ၊ပုပ္ပါး နှင့်အထက်မြန်မာပြည် ဘုရားစုံဖူးခရီးစဉ်များ(အပတ်စဉ်သောကြာ)ချောင်းသာ(နေ့စဉ်)ကြိုတင်လက်မှတ်ရောင်းပြီ။
အမှတ်(၄၂)ထပ်မတော်လမ်း၊မြို့မဈေးအနောက်ဘက်သန်လျင်မြို့နယ်။ ☎ 056-21671
အမှတ်(၂၅၁)ပန်းဆိုးတန်းလမ်း(အထက်)ကျောက်တံတားမြို့နယ်။ 01-391577

သန်းဌေးနှင့်ရောင်းရင်းများ မှ သင်္ကြန်ခရီးစဉ်များ
MAR -15/22/25/29, APR-5/11/12 [နှစ်ဆန်း-၁ရက် 17] 26
▲ရွှေစက်တော်နှင့် လမ်းဘုရားစုံ (၄) ရက် ဆက်၍ ပုဂံ၊ ပုပ္ပါး (၅) ရက်။ (တောင်ကြီး၊ အင်းလေး၊ ပင်းတယ) (မန္တလေး၊ မုံရွာ၊ ပြင်ဦးလွင်) (၉) ရက် အားလုံးပါ (၁၂) ရက်။ ▲ မန္တလေး၊ လားရှိုး၊ မူဆယ်၊ ရွှေလီ (၈) ရက်။ ▲ မန္တလေး၊ မုံရွာ၊ ပြင်ဦးလွင်၊ အလောင်းတော် (၅) ရက်။ ▲ ရွှေစက်တော်၊ ရခိုင်၊ မြောက်ဦး၊ စစ်တွေ၊ ငပလီ (၈) ရက်။ ▲ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ မော်လမြိုင်၊ ကျိုက္ကမီ (၆) ရက်။ ▲ ကျိုက်ထီးရိုး၊ ကျိုက္ကမီ၊ စက်စဲ၊ မော်လမြိုင် (၃) ရက်။
သင်္ကြန်တွင်း ကျိုက်ထီးရိုး၊ ချောင်းသာ (နေ့စဉ်)၊ ဧရာနီ (တနင်္ဂနွေ) ကြိုတင်လက်မှတ်ရောင်းပြီ။
ပင်ရင်း - အမှတ် (၄၂၄)၊ ရွှေဘုံသာလမ်း။ Ph : 241863, 380141, 09-43043109

ကား ▪ ဝယ်မည့်သူများ ▪ အကြောင်းစိတ်ဝင်စားသူများအတွက်
မြန်မာပြည်မှာ ပထမဆုံး AUTOMOBILE INFORMATIVE CATALOGUE GUIDE

အမြို့မြို့ အနယ်နယ်ရှိစာအုပ်ဆိုင်များ၊ စူပါမားကက်များ၊ ကားနှင့်ဆက်စပ်ပစ္စည်းအရောင်းဆိုင်များ၊ ကားပြပွဲများ၊ ကုန်စည်ပြပွဲများတွင်ဝယ်ယူရရှိနိုင်ပါသည်။
2nd EDITION ကြော်ငြာများလက်ခံနေပါပြီ။ 09 731 60082, 09 4015 87037
အထက်မြန်မာပြည် ဖြန့်ချိရေး ရာပြည့်မန္တလေး ၀၂-၇၇၄၂၄၊ ၀၉ ၂၀၀၆၁၃၅
အောက်မြန်မာပြည် ဖြန့်ချိရေး ရာပြည့်စာပေ ၀၁-၂၄၀၅၄၁ ၀၁-၃၇၅၉၅၂
Max Myanmar ဆီဆိုင်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

အလှအပ ဝါချစ်သူ "ပေလီ" သင်္ကြန်အထူးခရီးစဉ် ၁၂-၄-၂၀၁၃ ထွက်မည် — နေ့စဉ် — ကြိုတင်လက်မှတ်ရောင်းပြီ
လမ်းသစ်ရိပ်သာထိပ်၊ ဘုန်းကြီးလမ်း၊ စံပြရုပ်ရှင်ရုံအနီး၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ - ၇၃၀၀၂၇၄၃ ၊ ၀၉ - ၄၂၀ ၁၂၇ ၅၀၂

NATURAL BREEZE Travels & Tours
" Breeze Brings the Remembrance of Your Life......."
ကိုရီးယား April 12 ၈ည ၉ရက် (ဂျယ်ဂျူး-ဘူဆန်-ဂျောင်းဂျူ-နာမီ-ဆိုးလ်)
စင်ကာပူ - မလေးရှား April 12-13 (၆ည ၇ရက်)
ဗန်ကောက်-ပတ္တရား April 13-14 (၄ည ၅ရက်)
ချင်းမိုင်-ချင်းရိုင်-ရွှေတြိဂံ April 21 (၄ည ၅ရက်)
မလေးရှား-စင်ကာပူ - ဗန်ကောက် April 10 (၉ည ၁၀ရက်)
ဟောင်ကောင်-တရုတ်ပြည် April 15 (ကွမ်ကျိုး-ရှန်းကျန့်-ဟောင်ကောင်-မကာအို) (၇ည ၈ရက်)
အမှတ် (၂၇၂) ၊ အခန်း(၇၀၄) နေလှိုင်တာဝါ ၊ ပြည်လမ်း ၊ မြေနီကုန်း ၊စမ်းချောင်းမြို့နယ်။
01 500734,09 73 211441 , 09 73 211442
Email - naturalbreeze.travel@gmail.com

ရွှေလမ်းခရီး ...မှ ကျိုက်ထီးရိုး/ချောင်းသာ
✻ မန်းရွှေစက်တော်ဘုရားပွဲတော် — သင်္ကြန်ခရီးစဉ်များလက်မှတ်ရောင်းပြီ။
✻ အလောင်းတော်ကဿပခရီးစဉ် (ဖိုလ်ဝင်တောင် ၊ ရွှေဘတောင်)။
✻ ပုဂံ (စွယ်တော်လေးဆူ)၊ ပုပ္ပါး✻ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
✻ တောင်ကြီး (မွေတော်ကက္ကူ) (ထမ့်ဆန်းလိုဏ်ဂူ)၊ အင်းလေး၊ ပင်းတယ
✻ လားရှိုး၊ သီပေါ၊ မူဆယ်(ရွှေလီ ၊ ဝမ်တိန်)။ Mar 19, 22, 23, 24, 25, 29
✻ မြတ်မော်တင်စွန်း ဘုရားပွဲတော်။
(ထမင်းကျွေး၊ ကားခ၊ တစ်ဆင့်သွားကားခ/စက်လှေခ၊ တည်းခိုခန်းခ စရိတ်ငြိမ်း)
✻မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ၊ (ထားဝယ်ရှင်ကိုးရှင်၊ မောင်းကန်ကမ်းခြေ၊ မျှော်ရစ်)
အမှတ်(၁၁၇)ပန်းဆိုးတန်းလမ်း(ဂုံးကျော်တံတားဘေး) 371317,095124678,09401589907

အထက်မြန်မာပြည်သတင်း

နှစ်နိုင်ငံကုန်သွယ်ရေးလုပ်ငန်းများမြှင့်တင်ရန်ဆွေးနွေး

မန္တလေး မတ် ၁၅

ထိုင်းစက်မှုလက်မှုလုပ်ငန်းရှင်များမှ မန္တလေးမြို့နှင့် အနီးပတ်ဝန်းကျင်မြို့များတွင် စိုက်ပျိုးဖြစ်ထွန်းမှုများအား လေ့လာပြီး စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ တင်သွင်းရန် စိတ်ဝင်စားကြောင်း ထိုင်းနိုင်ငံစီးပွားရေးလုပ်ငန်းကုမ္ပဏီ ၂၆ ခုမှ စီးပွားရေးလုပ်ငန်းရှင်များကို ဦးဆောင်သူ ထိုင်းနိုင်ငံ Department of International Trade Promotion မှ Assistant Director General Mr.Matyawongse Amatyakul က ပြောကြားသည်။

အဆိုပါ ထိုင်းနိုင်ငံစီးပွားရေးလုပ်ငန်းကုမ္ပဏီ ၂၆ ခုမှ စီးပွားရေးလုပ်ငန်းရှင်များက မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် နှစ်နိုင်ငံကုန်သွယ်ရေးလုပ်ငန်းများ မြှင့်တင်ရန် ရည်ရွယ်ပြီး ရောင်းသူ၊ ဝယ်သူတွေ့ဆုံဆွေးနွေးပွဲ Business Matching ကို မန္တလေးတောင်ခြေရှိ Mandalay Hill Resort Hotel တွင် မတ် ၇ ရက်က ကျင်းပရာ ထိုင်းထုတ်ကုန်များကို မိတ်ဆက်ကြသည်။

ထိုင်းနိုင်ငံမှ လုပ်ငန်းရှင်များက စိုက်ပျိုးရေးသုံးပစ္စည်းများ၊ ကားအပိုပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ စက်ပစ္စည်းအမျိုးမျိုးနှင့် အပိုပစ္စည်းအမျိုးမျိုးတို့ကို တင်သွင်းရန်ရည်ရွယ်ကာ စိတ်ဝင်စားသူမြန်မာလုပ်ငန်းရှင်များကို တစ်ဦးချင်း ရှင်းလင်းပြောကြားကြသည်။

၂၀၁၀ ခုနှစ်မှစပြီး မြန်မာနိုင်ငံတွင် ဒီမိုကရေစီနိုင်ငံတော်စတင်တည်ဆောက်ခဲ့သည့် နှစ်နှစ်ကျော်ကာလအတွင်း မန္တလေးမြို့သို့ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လိုကြသော စီးပွားရေးလုပ်ငန်းရှင်များတွင် အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံသည် အများဆုံးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဒုတိယဥက္ကဋ္ဌ ဦးစိုးမြင့်က ပြောကြားသည်။

မန္တလေးမြို့သည် မြန်မာနိုင်ငံ၏အလယ်ဗဟိုတွင် တည်ရှိပြီး တရုတ်-အိန္ဒိယ-ထိုင်းလမ်းမကြီးပေါ်တွင် တည်ရှိသည်။ တရုတ်နိုင်ငံ ရွှေလီမြို့၊ အိန္ဒိယနိုင်ငံ မိုးရေးမြို့၊ ထိုင်းနိုင်ငံ မဲဆောက်မြို့၊ ချင်းမိုင်မြို့၊ ရန်ကုန်ရှိ ပင်လယ်ဆိပ်ကမ်းများမှ ဝင်ရောက်လာသော ကုန်စည်များကို မြန်မာနိုင်ငံအနှံ့သို့ ဖြန့်ဖြူးသည့်မြို့လည်းဖြစ်သောကြောင့် ကူးသန်းရောင်းဝယ်ရေးတွင် အဓိကကျသော မြို့ဖြစ်သည်ဟုဆိုသည်။ ထိုင်းနှင့်မြန်မာသည် တာချီလိတ်-မယ်ဆိုင်၊ မြဝတီ-မဲဆောက်၊ ကော့သောင်း-ရနောင်းမြို့များမှတစ်ဆင့် ကုန်သွယ်မှုများ ဆောင်ရွက်နေကြသည်။

အဆိုပါထိုင်းလုပ်ငန်းရှင်များအဖွဲ့သည် မေလနှင့် အောက်တိုဘာလများတွင် နောက်ထပ်တစ်ကြိမ်စီ လာရောက်လေ့လာပြီး မြန်မာလုပ်ငန်းရှင်များနှင့် တွေ့ဆုံဦးမည်ဖြစ်သည်။

(၀၀၂)

ပြဟ္မစိုရ်ပညာဒါနသုံးထပ်စာသင်ဆောင် ရေစက်ချလှူဒါန်း

မန္တလေး မတ် ၁၅

မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ (၃၂) လမ်းနှင့် (၃၄) လမ်းကြား (၆၂) လမ်းရှိ တောင်စလင်းတိုက်သစ် ပဓာနနာယက ဆရာတော်ကြီး ဘန္ဒန္တ တိက္ခဦးစီးတည်ထောင်သော ပြဟ္မစိုရ်လူမှုကူညီရေးအသင်းရုံးဝင်းအတွင်း ပြဟ္မစိုရ်ပညာဒါန သုံးထပ်စာသင်ကျောင်းဆောင်သစ် ရေစက်ချလှူဒါန်းပွဲအခမ်းအနားနှင့် ပြဟ္မစိုရ်လူမှုကူညီရေးအသင်းသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မတ် ၈ ရက် နံနက် ၇ နာရီခွဲက အဆိုပါသုံးထပ်ကျောင်းဆောင်ခန်းမ၌ ကျင်းပသည်။

ယင်းငွေကျပ် သိန်းပေါင်းနှစ်ထောင့်ခြောက်ဆယ် အကုန်ကျခံလှူဒါန်းတည်ဆောက်ခဲ့သည့် ပြဟ္မစိုရ်ပညာဒါနသုံးထပ်စာသင်ကျောင်းဆောင်သစ်ကို အလှူရှင် ဦးသန့်-ဒေါ်ချစ်ချစ် (မြင့်မြင့်ခင်ထိုးမုန့်၊ လမုန့်မိသားစု)က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကမ္ပည်းမော်ကွန်းကျောက်စာအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ (မြင့်မြင့်ခင် ထိုးမုန့်၊ လမုန့်မိသားစု)က အဆိုပါပညာဒါနသုံးထပ်စာသင် ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့်စာရွက်စာတမ်းများကို ပြဟ္မစိုရ်လူမှုကူညီရေးအသင်းသို့ လွှဲပြောင်းပေးအပ်ရာ အသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းမြင့်က လက်ခံ၍ အလှူရှင်အား ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ ပြဟ္မစိုရ်ပညာဒါန သုံးထပ်ကျောင်းဆောင်သစ်မြေညီထပ်တွင် စာကြည့်တိုက်၊ ဒုတိယထပ်တွင် အသက်မွေးမှုအထောက်အကူပြု စက်ချုပ်ပညာသင်တန်း၊ တတိယထပ်တွင် တက္ကသိုလ်ဝင်တန်းနှစ်ကျောင်းသား ကျောင်းသူများအား တနင်္လာမှ သောကြာအထိ နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၄ နာရီ ၁၅ မိနစ်အထိ၊ နှစ်တက်ကျောင်းသားကျောင်းသူများကို စနေနှင့် တနင်္ဂနွေ အပတ်စဉ် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ ပညာသင်စရိတ်ချို့တဲ့သူများအတွက် အရည်အသွေးပြည့် ပညာရေးကို ပြဟ္မစိုရ်ပညာရေးဖောင်ဒေးရှင်းက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန်းကိုယ်ပွား)

စောမွန်လှ ဆွေတော်မျိုးတော်များ
သတ္တမအကြိမ်မြောက် စုပေါင်းရှင်ပြုပွဲ ပါဝင်လှူဒါန်းနိုင်ပါသည်

မန္တလေးမြို့၊ မြတောင်တိုက်၊ ရွှေဝါဝင်းကျောင်းဆရာတော် ဘဒ္ဒန္တသာသနာဘိဝံသအား ဦးထိပ်ထားလျက် မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်၊ မန္တလေး-ပြင်ဦးလွင်ကားလမ်းဘေး ဘိုးတော်နတ်နန်းအကျော် တံတားဖြူထိပ် စောမွန်လှပေါ်တော်မူ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအတွင်းရှိ သစ္စာအဓိဋ္ဌာန်အောင် ဆုတောင်းပြည့်မြတဘက်ဘုရား၊ အစ်မကြီး စောမွန်လှအား အမျှထား၍ ဆွေတော်မျိုးတော်များမှ သတ္တမအကြိမ်မြောက် (၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်) ၃-၄-၂၀၁၃ ရက်(ဗုဒ္ဓဟူးနေ့)တွင် သင်္ကန်းပရိက္ခရာစုံလင်စွာနှင့် ရှင်အပါး (၃၀၀)ဝတ်ပွဲတို့ကို မြတဘက်နဂါးကိုးကောင်ဘုရားရင်ပြင်ပေါ်တွင် မြတဘက် နဂါးကိုးကောင်ဆရာတော်မှ ဦးဆောင်၍ စုပေါင်းလှူဒါန်းမည့် ရဟန်းခံရှင်ပြုအလှူပွဲနှင့်သီလရှင်ဝတ်ပွဲ၌ အစ်မတော် စောမွန်လှနှင့် မြနန်းနွယ်၊ နဂါးမယ်တော်တို့နှင့် ပဋ္ဌာန်းဆက်ပါသော ဆွေတော်မျိုးတော်များမှ သာသနာ့ဒါယကာ၊ သာသနာ့ဒါယိကာမအဖြစ် သာသနာ့အမွေခံယူ လှူဒါန်းလိုပါက ရှင်တစ်ပါးလျှင် ကျပ်တစ်သောင်းရှစ်ထောင်နှင့် ရေစက်ချမင်္ဂလာသို့ ကြွရောက်တော်မူမည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းအစုစုတို့ကို ဆက်ကပ်လှူဒါန်းလိုကြသော စေတနာရှင်များအနေဖြင့် ဖုန်း-၀၉-၄၀၂၅၂၃၃၆၊ ၀၉-၄၀၃၇၀၆၈၆၀၊ ၀၉-၄၃၀၇၂၉၁၀၊ ၀၉-၄၀၂၅၂၀၇၅၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၂)၊ ဦးပိုင်အမှတ်(၈၀)၄၉×၅၀ ကြား၊ ယုဇနနှင့် စံပယ်လမ်းကြား၊ ဦးခင်မောင်သန်း အမည်ပေါက် ဂရန်မြေကွက်အား ဒေါ်ဥမ္မာ နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မနမ(နိုင်)၀၉၄၉၈၈]ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမွေဆက်ခံစာချုပ်ချုပ်ရန် မြေပုံမြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်နေ
ဦးကျော်မင်း-ဒေါ်ရီရီမြင့်(အထပြ-ငြိမ်း)တို့၏ တစ်ဦးတည်းသောသား
ဒေါက်တာတိုးတိုးအောင်(ဝန်ကြီး- စည်ပင်သာယာရေးဝန်ကြီးဌာန)-ဒေါ်ခင်လေးသိင်္ဂီ တို့၏တူ

ဗိုလ်ကြီးဖြိုးစည်သူကျော် M.B.,B.S(D.S.M.A)
(ဗဟိုဆေးတပ်ရင်း)

နှင့်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ ရွှေတောင်လမ်း၊ အမှတ်(၃)နေ
ဦးအောင်နိုင်ဦး-ဒေါ်မြကျော့သူတို့၏သမီးကြီး

မစန္ဒာလင်း (B.Ed)
(အထက-အိန္ဒု)

တို့၏ ၁၀-၃-၂၀၁၃ ရက်(တနင်္ဂနွေနေ့)တွင် ငွေမိုးဟိုတယ်၌ ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲသို့ မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ပေးပို့ပေးပါသော မွန်ပြည်နယ်ဝန်ကြီးချုပ်ဦးအုန်းမြင့်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးများ ဆင်မြန်းပေးပါသော မွန်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဌေးမြင့်အောင်နှင့်ဇနီး ဒေါ်မြင့်မြင့်လွင်၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီးနှင့်ဇနီး ဒေါ်ကြည်ကြည်၊ ကြွရောက်ချီးမြှင့်ပေးပါသော အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးပါသော သမီးငယ် လရောင်သွေး၊ မင်္ဂလာပန်းကြဲပေးပါသော သမီးငယ် စုသန္တာဆန်း၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးသော သမီးငယ် မလှယဉ်ကျေး၊ မင်္ဂလာလက်စွပ် ဗန်းကိုင်ဆောင်ပေးသော မမျှုးမြတ်နိုး၊ မိတ်ကပ်အလှပြုပြင်ပေးပါသော ကိုတင်မောင်ဝင်း(လှအုပ်စိုး)၊ ဓာတ်ပုံဗီဒီယိုဖြင့် မှတ်တမ်းတင်ပေးပါသော ကိုချန်ထွန်း(ရတနာမြိုင်)၊ ဦးမိုးကျော်(ငွေမိုးဟိုတယ်)နှင့် ကြွရောက်ချီးမြှင့်ပေးသော မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဖြိုးစည်သူကျော်-မစန္ဒာလင်း

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၄၇)၊ ဦးပိုင်အမှတ်(၁၀၃)-က၊၁၂ လမ်းပေါ်၊ ၇၇×၇၈ ကြား၊ မခင် (မောင်)မောင်ထွန်းမြ အမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်ခင်အေးမူ နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၉/မရမ (နိုင်)၀၂၇၀၅၈]ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဘ/ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၁ယ/၂၉၉၀၅၊ Luojioa 110, M/C ယာဉ် လက်ဝယ်ရှိသူအမည် ဦးရဲနိုင်ဦး မှတ်ပုံတင်အမှတ် [၉/မနမ(နိုင်) ၀၅၇၇၁၀] မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၄၀၄)၊ ဦးပိုင်အမှတ်(၂-အ/၁၁)(ခဲစင်း)၈၉×၉၀ကြား၊၄၁×၄၂ကြား ဦးကျော်ညိမ်း၊ ဦးမောင်ကို၊ ဦးလှရွှေ၊ ဦးလှဖေ၊ ဦးကျော်ညိမ်းလေး အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်သန်းအေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/သပက(နိုင်)၀၁၆၃၅၀]မှအမှုတွဲအမှတ် ၀၇၆၀/ဘ၊ခွဲ၊ ပြောင်း ၂၀၁၂-၂၀၁၃ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဦးပိုင်ခွဲ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

မန္တလေးစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်၏
ပိုင်ဆိုင်သော မြေကွက်ရောင်းချမှုအတွက် အိတ်ပိတ်တင်ဒါကြော်ငြာ

မန္တလေးစက်မှုဇုန်ကုမ္ပဏီလီမိတက်မှ ပိုင်ဆိုင်သော မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက် အကွက်အမှတ်(H)၊ ဦးပိုင်အမှတ်(၁၄၃)၊ ဧရိယာ(၀. ၇၃၄၆)ဧကနှင့် ဦးပိုင်အမှတ်(၁၄၆)၊ ဧရိယာ(၀. ၇၃၄၆)ဧက အကျယ်အဝန်းရှိ မန္တလေးစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်၊ စက်မှုလက်မှုဇုန်ပြခန်းအမည်ပေါက်ရှိသော ဂရန်မြေကွက် (၂)ကွက် အပါအဝင် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို ၂၁-၂-၂၀၁၃၊ ၁၁-၃-၂၀၁၃ ရက်စွဲများဖြင့် ပြုလုပ်သော ကုမ္ပဏီဒါရိုက်တာအဖွဲ့နှင့် ကုမ္ပဏီမြေကွက်ရောင်းချရေးကော်မတီအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်များအရ ကုမ္ပဏီမှ အထက်ပါမြေကွက်များကို အိတ်ပိတ်တင်ဒါစနစ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။

၁။	အိတ်ပိတ်တင်ဒါပုံစံစတင်ရောင်းချမည့်နေ့	-	၂၁-၃-၂၀၁၃ ရက်
၂။	အိတ်ပိတ်တင်ဒါပိတ်သိမ်းမည့်နေ့	-	၂၈-၃-၂၀၁၃ ရက်
၃။	အိတ်ပိတ်တင်ဒါလက်ခံမည့်နေရာ	-	MdIDC ကုမ္ပဏီရုံး၊ ကနောင်ခန်းမ
၄။	အိတ်ပိတ်တင်ဒါ ဖွင့်မည့်နေ့ရက်နှင့် အချိန်	-	၂၈-၃-၂၀၁၃ ရက်၊ မွန်းတည့် ၁၂ နာရီ

အိတ်ပိတ်တင်ဒါဝယ်ယူသူတင်သွင်းလိုသည့် အိတ်ပိတ်တင်ဒါ၏ စည်းကမ်းချက် အသေးစိတ်ကို သိလိုပါက မန္တလေးစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီရုံး၊ ကနောင်ခန်းမသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

မန္တလေးစက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်
ဖုန်း-၀၂-၅၁၅၄၄၀၀၊ ၀၉-၄၀၂၇၁၃၉၉၁

ရိုးရာဓလေ့ ပုန်းမကြည်တင်ပွဲ

မင်းမြတ်စိုး(မလှိုင်)

"ဟေမာချမ်းဆောင်း၊ ကြွလှဲပြောင်းသား၊ တပေါင်းနွေလ၊ ဂိမှာနပဟုသာလှပျော်မှု၊ သည်ရတု၌" နှင့်အညီ ဤကာလသည် ဆောင်းလကုန်၍ နွေပြောင်းကာလ ဖြစ်သည်။ တောင်လေညင်းလေးလည်းတိုက်စပြုတော့မည်။ တပေါင်းလဆန်း ၁ ရက်နေ့တွင် တောင်မှတိုက်သော လေညင်းသည် သစ်ပင်လှုပ်ရုံ၊ ဆံပင်မွေးလှုပ်ရုံ တိုက်လျှင် မိုးဦးကောင်းမည်။ တပေါင်းလဆန်း ၂ ရက်နေ့လေတိုက်ကလည်း သစ်ပင်လှုပ်ရုံ၊ ဆံပင်မွေးလှုပ်ရုံတိုက်ခတ်သေးပါက မိုးလယ်ကောင်းသည်။ တပေါင်းလဆန်း ၃ ရက်နေ့၌ပင် ထိုကဲ့သို့ တောင်လေတိုက်ပါက မိုးနှောင်းကောင်းသည်ဟု တောင်သူဦးကြီးတို့က ယူဆကြသည်။

ကျေးလက်ဒေသများတွင် ရှေးရိုးအယူအဆကိုးကွယ်မှုတစ်ခု၊ အစဉ်အလာတစ်ခုရှိသည်။ ပုန်းမကြည်နတ်ကို ပူဇော်ပသသည့်ဓလေ့ဖြစ်သည်။ ပုန်းမကြည်နတ်သည် မိုးလေကောင်းအောင် မစသည်။ သီးနှံအထွက်တိုးအောင် မစသည်။ တောင်သူလယ်သမားတို့အတွက် အကျိုးသက်ရောက်မှုရှိသည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် တပေါင်းလဆန်း ၃ ရက်နေ့တွင် ပုန်းမကြည်နတ်ပူဇော်ပွဲကို ကျင်းပသည်။

ပုန်းမကြည်နတ်သည် ၃၇ မင်းနတ်အပေါင်းတွင် ပါဝင်ခြင်းမရှိပါ။ သီးခြားကိုးကွယ်သောနတ်ဖြစ်သည်။ နတ်နှင့်ပတ်သက်ပြီး ရေရာစွာပြောဆိုသိမှတ်မှုမရှိကြပါ။ ပုန်းမကြည်အမည်ကို အထက်အညာက ခေါ်ဝေါ်အသုံးပြုသည်။ အောက်ဘက်က ဖုန်းမကြည်ဟု ခေါ်ကြောင်းသိရသည်။ ပုန်းမကြည်နတ်ဖြစ်ပေါ်လာပုံကို သုတေသနအသင်းဂျာနယ်မှ ဖတ်ရှုရ၍ သိရသည်။

ရှေးက ဗြဟ္မဏပုဏ္ဏားတစ်ယောက် အိမ်ထောင်ပြုသည်။ ဇနီးက ကလေးမရသော အမြုံမဖြစ်နေသည်။ ကလေးတစ်ယောက်ရရန် နောက်အိမ်ထောင်ထူသည်။ ထိုအမျိုးသမီးက ပဋိသန္ဓေတည်သည်။ မယားကြီးက သူမထက်အလေးပေးခံရသော ဇနီးငယ်ကို မနာလိုဖြစ်သည်။ ပဋိသန္ဓေပျက်အောင်ဆေး ခတ်ကျွေးသည်။ ဒုတိယအကြိမ်တွင်လည်း ဆေးခတ်ပြီးပျက်ကျအောင်လုပ် သည်။ တတိယအကြိမ်တွင် ပဋိသန္ဓေပျက်ရုံမက အသက်ပါသေရသည်။

ထိုအမျိုးသမီးက သူ့အားသေကြောင်းကြံစည်သူမှာ မယားကြီး ဖြစ်သည်ကိုသိသည်။ ရန်တုံ့ပြန်ရန်အတွက် ဆုတောင်းသည်။ ဖြစ်လေရာ ဘဝ၌ နိုင်သောသူဖြစ်ရပါစေ။ မယားကြီးသတ်ကြောင်းကို ပုဏ္ဏားကြီးကသိ၍ ရိုက်နှက်ရာ သေသွားရသည်။ ပုဏ္ဏားကြီးအိမ်၌ပင် မယားကြီးက ကြက်မဖြစ်၍ မယားငယ်က ကြောင်မဖြစ်သည်။ ကြက်မဥသမျှ ကြောင်မကဥများကိုစားသည်။ နောက်ဘဝတွင် ကြောင်မက သမင်မဖြစ်သည်။ ကြက်မက သစ်မဖြစ်ပြန်သည်။ ရန်ငြိုးနှင့် အပြန်အလှန်သူစား ကိုယ်စားဖြစ်ကြရသည်။

ဂေါတမမြတ်စွာဘုရားရှင်လက်ထက်တွင် သမင်မက ဘီလူးမဖြစ်၍ သစ်မက လူအမျိုးသမီးဖြစ်သည်။ အမျိုးသမီးသားသမီးမွေးလာက ဘီလူးမက စားပစ်သည်။ နောက်တစ်ကြိမ်တွင် အမျိုးသမီးကလေးမွေးဖွား၍ ဘီလူးမ စားရန်လာသည်ကိုမြင်၍ရှောင်ပြေးသည်။ ဘီလူးမကလိုက်ရင်း မြတ်စွာဘုရား ရှေ့တော်ရောက်သည်။ မြတ်စွာဘုရားက "နဟိဝေရေနဝေရာနိ" "ရန်ကိုရန်ချင်း မတုံ့နှင်းရာ"အစချီဂါထာဖြင့် ဟောပြသည်။ အမျိုးသမီးနှင့် ဘီလူးမတရား နာကြပြီး သင့်မြတ်သွားကြသည်။

အမျိုးသမီးက ဘီလူးမကို အိမ်သို့ခေါ်၍လုပ်ကျွေးသည်။ ဘီလူးမက လုပ်ကျွေးမှုကို တုံ့ပြန်ပေးဆပ်သည်။ ဘီလူးမညွှန်ကြားချက်အတိုင်း လယ်ယာစိုက်ပျိုးသည်။ မိုးခေါင်လည်းရေမရှား၊ မိုးလွန်ကလည်း ရေမနစ်ဘဲ ကောက်ပဲသီးနှံဖြစ်ထွန်းပြီး ကြီးပွားချမ်းသာလာသည်။ ဘီလူးမ၏ကျေးဇူးတရားကို အမျိုးသမီးက အထူးလုပ်ကျွေးသည်။ ရွာသူရွာသားများကလည်း သူတို့ကို အကျိုးပြုရန် ဘီလူးမကိုပူဇော်ပသကြသည်။ ၎င်းအလေ့အထကို တောင်သူလယ်သမားတို့က ပုန်းမကြည်မဟု သတ်မှတ်ခေါ်ဝေါ်ကြသည်။

ကမ္ဘာဦးကျမ်းတွင် လူတို့ကို စောင်မသော နတ် ၁၂ ပါးရှိသည်။ ထိုနတ်တို့တွင် ပုမ္ဗကြယ်နတ်ပါဝင်သည်။ ပုမ္ဗကြယ်နတ်သည် လူတို့၏လယ်ယာစပါးအပင်၊ အပွင့်၊ အသီးပွားများအောင် စောင်မသည်။ ၎င်းကြယ်သည် အခြားကြယ်များထက် အလင်းရောင်ပိုသည်။ ထွန်းလင်းတောက်ပသည်။ အပင်တို့၏အပွင့်၊ အသီး ဩဇာဓာတ်ဖြည့်စွမ်းသည်။ ထိုပုမ္ဗကြယ်မှ ပုန်းမကြည်ဖြစ်လာသည်ဟု ဆိုကြသည်။

တောင်သူလယ်သမားများကို စောင်မကြည့်ရှုသဖြင့် တပေါင်းလဆန်း ၃ ရက်နေ့တွင် ပုန်းမကြည်နတ်ကို ပူဇော်ပသကြသည်။ ထိုနေ့နံနက်စောစောတွင် အိုးသစ်ထဲသို့ ထမင်း၊ ကောက်ညှင်းဖြင့် ပြုလုပ်သော မုန့်ဖြူ၊ မုန့်နီအရုပ်များ၊ ခေါင်းစုံအမြီးစုံပါဝင်သော ငါးကြော်ခုနစ်ကောင်၊ ပုန်းမကြည်ပန်း၊ သနပ်ခါးရည်တို့ကို ထည့်၍စပါးကျီ၊ နွားတင်းကုပ်၊ ရက်ကန်းစင် စသော စီးပွားရေးဆိုင်ရာလုပ်ငန်းနှင့် ဆိုင်ရာနေရာများတွင် တင်၍ ပသကြသည်။

တင်မြှောက်ရာတွင် ပသသူက "ပုန်းမကြည်အရှင်မ၊ ဒီမှာကိန်းဝပ်ပါ၊ ဒီမှာစားပါ၊ မိုးကောင်းပါစေ၊ လေကောင်းပါစေ၊ မိုးသုံးချက်ညီပါစေ၊ စပါးရိုးတံပိုးလောက်ရှိပါစေ၊ စပါးရွက် တဘက်လောက်ရှိပါစေ၊ စပါးနှံ ထွန်သံလောက်ရှိပါစေ"ဟူ၍ ရွတ်ဆိုတင်မြှောက်ကြသည်။ တောင်သူလယ်သမားများ၏ ပူဇော်ပသပွဲဖြစ်သော်လည်း မြို့ပေါ်အိမ်များကလည်း စီးပွားရေးတိုးတက်ရန် ပသကြသည်။ မွန်းယိမ်းပါက တင်မြှောက်သည့်အိုးကို စွန့်၍စားသောက်ကြသည်။ အိမ်နီးနားများကိုလည်း ဝေငှပေးကမ်းကြသည်။ တောင်သူလယ်သမားတို့၏ ရိုးရာဓလေ့တစ်ခုဖြစ်ပါသည်။ ။

ညောင်ရွှေမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဖွဲ့စည်း

ညောင်ရွှေ မတ် ၁၅

မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီရွေးချယ်ဖွဲ့စည်းခြင်းကို မတ် ၁၀ ရက်နံနက်ပိုင်းက ညောင်ရွှေမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

မြို့နယ်၏ အရေးအရာများကို ကော်မတီ၏ စုပေါင်းဆွေးနွေးမှု၊ စုပေါင်းဆုံးဖြတ်မှု၊ စုပေါင်းဦးဆောင်မှုဖြင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ကိုယ့်မြို့ကိုယ့်ရွာ ကိုယ့်ဒေသအတွက် ဤဒေသတွင်ရှိသော သူများက အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနိုင်က အဆိုပါရွေးချယ်ပွဲတွင် ပြောကြားခဲ့သည်။

ညောင်ရွှေမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီကို မြို့မိမြို့ဖနှင့်ရပ်/ကျေးကိုယ်စားလှယ်များ၊ လူမှုအဖွဲ့အစည်း၊ စီးပွားရေးအသင်းအဖွဲ့၊ အလုပ်သမား၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့ပါဝင်သော ကော်မတီဝင်ကိုးဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ရပ်ကွက်နှင့်ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများလည်း ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

နေမျိုးသူရိန်(ညောင်ရွှေ)

ကလေးမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲများ အေးချမ်းစွာဖြေဆို

ကလေး မတ် ၁၅

ကလေးမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲများကို မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာအရ မတ် ၁၃ ရက်က ကျင်းပခဲ့သည်။ ထိုသို့ကျင်းပခဲ့ရာတွင် ဒေသအစိုးရအဖွဲ့၏စောင့်ရှောက်ပေးမှု၊ ခရိုင်နှင့် မြို့နယ်ပညာရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှု၊ ဌာနဆိုင်ရာများနှင့်လူမှုရေးအသင်းအဖွဲ့တို့၏ ကူညီမှုများဖြင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ကလေးမြို့နယ်တွင် စာဖြေဌာန ၁၂ ခုရှိပြီး ကျောင်းသား ၂၇၉၉ ဦးနှင့် ကျောင်းသူ ၃၄၀၀ ဖြေဆိုနေ၍ စုစုပေါင်းစာရင်းရှိဦးရေ၏ ၉၂ ဒသမ ၇၀ ရာခိုင်နှုန်းဖြေဆိုနေကြောင်း သိရသည်။

သျှင်နေမင်း(ဂန့်ဂေါ)

မိမိတို့သားသမီးများအတွက် အနာဂတ်ပညာရေးနှင့်ပတ်သက်ပြီးတစ်နေရာတည်းတွင်လေ့လာနိုင်မည့်

INTERNATIONAL UNIVERSITIES' FAIR 2013

ORGANIZED BY CROWN EDUCATION

- SAT ရမှတ်များ တင်ပြရန်မလိုအပ်ဘဲ မြန်မာ(၁၀)တန်းအောင် သို့မဟုတ် GCE 'O' ရမှတ်ဖြင့် တိုက်ရိုက်လျှောက်ထားနိုင်မည့် အမေရိကန်တက္ကသိုလ်များ၊ GRE / GMAT တင်ပြရန်မလိုသည့် ဘွဲ့လွန်ပရိုဂရမ်များ
- GCE 'A' လက်မှတ်မလိုဘဲ တိုက်ရိုက်လျှောက်ထားနိုင်သည့် Top(10) အဆင့် အင်္ဂလန်တက္ကသိုလ်များ
- ကျပ်သိန်း(၁၀၀)ကျော် ပညာသင်ဆုပေးအပ်မည့် PSB Academy မှ အင်ဂျင်နီယာဘာသာရပ်များ
- IELTS 6 (*For Degree*) / 6.5 (*For Master*) ရရှိထားသူများအတွက် ၅၀% ပညာသင်ထောက်ပံ့ကြေးပေးအပ်မည့် အင်္ဂလန်တက္ကသိုလ်

၅၀%ပညာသင် ထောက်ပံ့ကြေး

ရန်ကုန်
Date - 22nd March 2013(သောကြာနေ့)
Time - 10:00 a.m to 2:00 p.m
Venue - Summit Parkview Hotel

မန္တလေး
Date - 24th March 2013(တနင်္ဂနွေနေ့)
Time - 10:00 a.m to 1:00 p.m
Venue - Hotel Mandalay

CROWN EDUCATION

Please Call Us : 09 732 732 77 - 09 5085 185 - 09 730 40 688

သဘာဝအချိုရည်၊ ဂျယ်လီ၊ သစ်သီးယို၊ ရေခဲမုန့်၊ နိုင်ငံခြားမုန့်ဖုတ်သင်တန်း

အဆီကျကျန်းမာရေးဖျော်ရည်၊နို့ကြက်ဥပူတင်း၊ပဲနို့ဒိန်ချဉ်နှင့်အအေးဆိုင်ဖွင့်နည်း၊ဆော့စ်ပြုလုပ်နည်း

1	17.3.13 မှ 23.3.13	3	25.3.13 မှ 31.3.13	အမြန်သင်တန်းရှိသည်။ နယ်မှလာ
2	21.3.13 မှ 27.3.13	4	29.3.13 မှ 4.3.13	သူများအတွက်နေစရာစီစဉ်ပေးသည်။

ROYAL SUN စားသောက်ကုန်သင်တန်း အမှတ်-26၊သစ်တောလမ်း၊ အလုံစာတိုက်အနီး၊အလုံမြို့နယ်၊ ရန်ကုန်၊ 01-212651၊ 09-49308462

"ဆိုးခံ (ဃင်း)"မှ ရောင်းမည်။

၁။လှိုင်မြင်းမိုရ်အိမ်ရာ (65x75) ပြင်ပြီး	2RC	18000L
၂။ကမာရွတ်၊မြကန်သာ (60x90)	1RC	12000L
၃။လှိုင်၊အေးရိပ်မွန် (66x110) အုတ်ခတ်	မြေ	9000L
၄။တ/ဥ၊ရတနာလမ်းမ (60x60) အုတ်ခတ်	2BN	8000L
၅။သဃ်န်းကျွန်း၊မေခအိမ်ရာ(75x75)အုတ်ခတ်	မြေ	6000L
၆။သုမင်္ဂလာအိမ်ရာ (70x110)	မြေ	6000L
၇။သူရိန်ရိပ်မွန်အိမ်ရာ (60x80) ပြင်ပြီး	2RC	5000L
၈။(၉)မိုင်၊မစိုးရိမ်(၁)လမ်း (55x80)	မြေ	4000L
၉။မရမ်းကုန်း၊အောင်သိဒ္ဓိ(40x130) အုတ်ခတ်	မြေ	3200L
၁၀။ငွေကြာယံ၊ဝေဇယန္တာအနီး (40x60) Ph	1BN	3200L
၁၁။ဒဂုံဆိပ်ကမ်း၊ရတနာအိမ်ရာ (100x100)	မြေ	2300L
၁၂။တ/ဥ၊ပါရမီလမ်းမအနီး(40x60) တိုက်သစ်	2RC	2300L
၁၃။ကမရ၊အောင်မြေသာစည်အနီး (25x50)	1RC	1800L
၁၄။တ/ဥ၊မင်းခေါင်လမ်း (40x60) မီတာ	မြေ	1650L
၁၅။မ/ဒဂုံ၊ချမ်းသာရွှေပြည်အိမ်ရာ(75x75)∠ခြံ	မြေ	1000L

☎-510 600, 510 950, 510 940, 500 643, 510760

ဦးဇော်မျိုးအောင်
B.E(Civil)

ရူပဗေဒ(သင်္ချာကျူရှင်အထူးထုတ်ထွက်နေပြီ)
ဘာသာစုံ စာသင်ဝိုင်း၊ CAMP နှင့် ဘော်ဒါ ပျော်အောင်မထားဘူး စည်းကမ်းနှင့်ထားတယ်
၂၀၁၃-၂၀၁၄ စာသင်နှစ်အတွက်
ကျောင်းအပ်လက်ခံနေပါပြီ။

၇၂၂/က၊ ကုန်းဘောင် (၁၆)လမ်း၊ (၆)ရပ်ကွက်၊ တ/ဥက္ကလာ။
-၀၉-၅၅၁၁၇၉၉၉၉၊ ၀၉-၇၃၀၀၀၂၂၅

ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပြည်ပဆက်သွယ်ရေးဌာနမှ အင်ဂျင်နီယာချုပ် ဦးကျော်စိုးဝင်း-ဇနီးဒေါ်မြတ်မဥ္ဇူတို့၏တူမငယ်၊ ဒေါက်တာအေးကျော်-ဒေါ်ခင်မထွန်း(တရားရုံးချုပ်ရှေ့နေ)တို့၏ သမီးလေး **မဂုဏ်ရည်အေးကျော်(ခ)Kid Kid** B.A(English), IDCS(UK) သည် Miss Myanmar International 2013 ဆုကြီးကို ထိုက်ထိုက်တန်တန်ဆွတ်ခူးနိုင်ခဲ့သည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း။

Next Tier(Singapore) မှ
ဝန်ထမ်းများ

အညောင်းထိုင်ခြင်းသည် ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။

လမ်းလျှောက်ပါ ဆေးနွယ်မွန် သောက်ပါ

ဆီးဝမ်းလေမှန် ပေါ့ပါးကျန်းမာမည်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -2012(YR)004586 ကြော်ငြာခွင့်ပြုချက်အမှတ် -တဆဝတ(စာနယ်ဇင်း)၁၄၀/၀၁၁၄

အခန်းဆက်ဝတ္ထု

နှင်းငွေတစ်ထောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်

(ယမန်နေ့မှအဆက်)

"ရန်ကွန်းကလပ်ပါ"

"ရန်ကွန်းကလပ်က ဟန်ဒ်ကက်ပ်အိတ်ထဲဆိုတော့ အားပါးပါး မလွယ်ပါလား၊ ဆရာ ကျွန်တော်တို့ မန္တလေး ကွင်း ဘယ်လိုသဘောရသလဲ"

ဦးမြင့်နွယ် မဖြေမီ သူတို့ထဲမှ တစ်ဦးက ဝင်ဖြေသည်။

"ဘယ်လို သဘောရရမှာလဲ၊ လယ်ကွင်းထဲ ကျည်းသားရိုက်ရတယ် ထင်မှာပေါ့၊ ဟုတ်ဘူးလား ဦးမြင့်နွယ်"

"ဒီလိုတော့ မဟုတ်ပါဘူး၊ မန္တလေးဂေါက်ကွင်းကလည်း စိတ်ဝင်စားဖို့ ကောင်းပါတယ်၊ အထူးသဖြင့် ပတ်ဝန်းကျင်ရှုခင်းတွေ ကျွန်တော် သိပ်ကြိုက်တယ်၊ အဲ . . . ဂရင်းမှာ ရိုက်လာတော့ ဘရောင်းဒ်မှာ ရိုက်ရတာ တစ်မျိုးဖြစ်နေသေးတယ်"

မာတီနီစပ်ပြီးသွားသဖြင့် ဦးမြင့်နွယ်မှအပ အားလုံး ယမကာခွက်ကိုယ်စီနှင့် ဖြစ်နေကြပြီ။

တစ်ဖက်ခန်းမှ ရက်ကော်ဒါ တိုးတိုးဖွင့်သံကို ဦးမြင့်နွယ် ကြားရသည်။

ဦးနေအောင်က "ယမကာ မသောက်လည်း ဆရာ ကိုးလ်ဒ်ရင့်ခ် တစ်ခုခု သောက်ပါ"ဟု ဆိုသည်။

"ကျွန်တော် ဘလက်ခ်ကော်ဖီ သောက်နေပါတယ်၊ ကရား ဟိုဘက်ခန်းမှာ ကျန်နေတယ်"

"ဒီလိုဆို မြသာရေ သွားယူပေးပါ"

"နေပါစေ ဦးနေအောင်၊ မွန်မွန့်ကို ခဏလို့ ကျွန်တော် ပြောလာရတာနော်"

"အာ . . . ဟုတ်တယ်၊ ကဲ . . . ကြွ ကြွ၊ သမီးက စိတ်ကောက်နေဦးမယ်၊ ဆရာ့ကို မဟုတ်ဘူး ကျွန်တော့်ကို"

ဦးမြင့်နွယ်က အားလုံးကိုနှုတ်ဆက်ပြီး တစ်ဖက်ခန်းသို့ ကူးလာခဲ့သည်။

မွန်မွန့်ကို ဆိုဖာပေါ်၌ မတွေ့၊ ရက်ကော်ဒါ တင်ထားသော စားပွဲအနီး ကုလားထိုင်တစ်လုံးနှင့် ထိုင်နေသည်။ စားပွဲပေါ်၌ ခေါင်းလေးကိုတင်အိပ်ရင်း သီချင်းနားထောင်နေသည်။ သီချင်းက စောစောက မိမိ၏ အသံသွင်းထားသော သီချင်းပင်။

ဦးမြင့်နွယ်၏စိတ်မှာ ရင်ထုမနာ ဖြစ်မိသည်။ စားပွဲပေါ်တွင် ခေါင်းလေးတင်အိပ်ရင်း သီချင်းနားထောင်နေသော မွန်မွန်၏အသွင်က သူ့ကို ရင်ထုမနာ ဖြစ်စေသည်။ သည်အခန်းသည် သူ့ကမ္ဘာလေးပါဟု ပြောခဲ့သော မွန်မွန်၏ စကားလေးများကို ပြန်သတိရမိသည်။

ဆိတ်သုဉ်းသော သူငယ်မ၊ သနားဖွယ် ကလေးမ။

ဦးမြင့်နွယ်သည် မွန်မွန့်အနီးသို့ ချဉ်းကပ်သွားသည်။

မွန်မွန်သည် ခေါင်းကို စားပွဲပေါ်မှမထူဘဲ မျက်တောင်ကော့ကြီးများကိုသာ လှန်၍ သူ့ကို ကြည့်သည်။

ဦးမြင့်နွယ်က သူ့လက်ကို မွန်မွန့်ထံ ကမ်းပေးသည်။

မွန်မွန်က လှမ်းမယူသေးဘဲ သူ့လက်ကို တစ်လှည့်၊ သူ့မျက်နှာကို တစ်လှည့် ကြည့်နေ၏။

ရက်ကော်ဒါမှ သီချင်းသံ တိုးတိုးထွက်လာနေ၏။

"လာလာလေ လှမ်းခဲ့၊ လက်ကမ်းလို့ ကြိုနေ၊ လာလာလေ လှမ်းခဲ့၊ လက်ကမ်းလို့ ကြိုနေ၊ နွေဦးရောက်စေ၊ နှင်းမပျောက်တဲ့မြေ"

မွန်မွန်သည် ခေါင်းလေးကို ထူလိုက်သည်။ ပါးချိုင့်လေး နှစ်ဖက်ပေါ်အောင် ပြုံးပြီး သူ့လက်ကို ဆွဲယူသည်။

ဆိုဖာတွင် ထိုင်ကြပြန်၏။

ဦးမြင့်နွယ်သည် ကော်ဖီတစ်ခွက် ငှဲ့ထည့်ပြီး မွန်မွန့်ကို ပြုံးကြည့်သည်။

မွန်မွန်ကလည်း နားလည်သွားပုံရသည်။ သကြားဘူးတွင်းမှ သကြားနှစ်ဇွန်း ထည့်ပေးသည်။ ပြီးတော့ ဇွန်းလေးနှင့် မွှေပေးသည်။

"မွန်မွန်ရေ ဒီကော်ဖီတစ်ခွက် သောက်ပြီးရင် ဆရာ ပြန်တော့မယ်နော်"

မွန်မွန်က ခေါင်းလေးညိတ်ပြ၏။

"ဒါပေမယ့် မွန်မွန့်ဆီ ဆရာ ခဏခဏလာလည်ပါ့မယ်"

မွန်မွန်သည် ခေါင်းလေးသာ ညိတ်ပြပြန်၏။

"ဆရာ့ဆီကိုလည်း မွန်မွန် ကြိုက်တဲ့အချိန် လာလည်နိုင်တယ်"

ပြာပြာလဲ့သော မျက်လုံးလေးများနှင့် မွန်မွန်က သူ့ကို တစ်ချက် စိုက်ကြည့်သည်။ ပြီးမှ တိုးတိုးလေး မေး၏။

"အဲဒီလိုဆိုတော့ ဆရာ့လွတ်လပ်မှုကို မွန်မွန်က လာနှောင့်ယှက်ရာမျာ း ကျမနေဘူးလား"

"မကျပါဘူး၊ ဩော် . . . စောစောက မွန်မွန်ပြောခဲ့တယ်၊ ဒီအခန်းလေးဟာ မွန်မွန့်ကမ္ဘာလေးတဲ့၊ မွန်မွန့် ကမ္ဘာလေးက ကျဉ်းကျဉ်းလေးရယ်၊ ဒီလိုပဲ အမှန်မှာက ဆရာ့ကမ္ဘာဟာလည်း ကျဉ်းကျဉ်းလေးမဟုတ်တောင် ကျယ်လှတယ် မဟုတ်ပါဘူး မွန်မွန်၊ မွန်မွန့်ကမ္ဘာနဲ့ ဆရာ့ကမ္ဘာကို ပေါင်းကူးတံတားလေး ဆက်လိုက်မယ်"

"အဲဒီတော့ ဘာဖြစ်သွားမလဲ"

"မွန်မွန့်ကားလေးလို ဖြစ်သွားမှာပေါ့"

"ဆရာပြောတာ မွန်မွန် နားမလည်ဘူး"

"ဆရာ့ကားက ပစ္စည်းလေးတစ်ခု မွန်မွန့်ကားမှာ တပ်ပေးလိုက်တော့ မွန်မွန့်ကားလေး ကောင်းသွားတယ် မဟုတ်လား"

"ဒါပေမယ့် ဆရာ့ကားထဲမှာတော့ မွန်မွန့်ပစ္စည်း အပျက်လေး ကျန်ရစ်ခဲ့တယ် မဟုတ်လား"

"ကိစ္စမရှိဘူး၊ ဆရာက အပျက်ကို ပြင်တတ်တဲ့လူ၊ မွန်မွန် ဘာပြောဦးမလဲ"

မွန်မွန်သည် လှိုက်လှိုက်လှဲလှဲကလေး ရယ်သည်။ ရယ်ရင်းကလည်း ပြော၏။

"စိတ္တသုခဝပ်ရှော့က မက္ကင်းနစ်ကြီး၊ ဟင်း . . . ဆရာ ကြွံကြွံဖန်ဖန် ပြောတတ်တယ်"

ကော်ဖီတစ်ခွက် ကုန်အောင်သောက်ပြီးသောအခါ သူက နေရာမှထ၏။

"ကဲ . . . ဆရာပြန်မယ်"

မွန်မွန်က အပေါက်ဝအထိ သူ့ကို လိုက်ပို့သည်။

ကားပေါ်တက် စက်နှိုးအပြီး၌ သူက ပြတင်းပေါက်မှ ခေါင်းထုတ်ပြီး မွန်မွန့်ကို ထပ်နှုတ်ဆက်ရန် ကြည့်သည်။

မွန်မွန်သည် ခေါက်တံခါးကို မှီကာ နွဲ့နွဲ့လေး ရပ်နေ၏။

ထဘီက ပန်းရောင်၊ အင်္ကျီက အဖြူ၊ ရင်ခွဲဆွယ်တာလေးက ထဘီထက် အနည်းငယ်သာ နုသည့် ပန်းရောင်ပင်။ ပန်းရောင်ဆိုတော့ အသားလေးများကပင် ပန်းနုရောင် ထင်ရ၏။

ဩော် . . . အလှ၊ ဩော် . . . ကျက်သရေ။

မွန်မွန့်ကို လက်ပြနှုတ်ဆက်ပြီး ကားကို မောင်းထွက်လာခဲ့သည်။

သူ့စိတ်မှာ ဟာသကဲ့သို့ ဖြစ်နေသည်။ တစ်စုံတစ်ရာကို မထားချင်ဘဲ ထားခဲ့ရသကဲ့သို့ ခံစားရသည်။

မြတ်စွာဘုရား . . . သံယောဇဉ်ပါတကား။ ဘယ်အချိန်က ဝင်ပြီး ဘယ်လို တွယ်လိုက်ပါသနည်း။ အလိုလေး၊သည်သံယောဇဉ်ကလည်း . . . သည်သံယောဇဉ်ကလည်း . . . ။

> ❝ ဩော်...စောစောက မွန်မွန်ပြောခဲ့တယ်၊ ဒီအခန်းလေးဟာ မွန်မွန့်ကမ္ဘာလေးတဲ့၊ မွန်မွန့် ကမ္ဘာလေးက ကျဉ်းကျဉ်းလေးရယ်၊ ဒီလိုပဲ အမှန်မှာက ဆရာ့ကမ္ဘာဟာလည်း ကျဉ်းကျဉ်းလေး မဟုတ်တောင် ကျယ်လှတယ် မဟုတ်ပါဘူး မွန်မွန်၊ မွန်မွန့်ကမ္ဘာနဲ့ ဆရာ့ကမ္ဘာကို ပေါင်းကူးတံတားလေး ဆက်လိုက်မယ် ❞

သူသည် အိမ်သို့ တိုက်ရိုက်မပြန်ဘဲ ဘီလမ်းဆီ ထွက်ကာ ကျုံးဘေး၌ ကားကို ရပ်လိုက်၏။

ထနောင်းပင်ပျိုတစ်ခုကို မှီပြီး ရပ်မိ၏။

နေက ဝင်ခဲ့ပြီးပြီ။ ပတ်ဝန်းကျင်မှာကမှောင်ရီဖြိုးဖြ။

ရေစပ်မြက်ခင်းမှာ သူ့ဘက်ကျောပေးပြီး မောင်နှံ တစ်စုံ ထိုင်နေကြသည်။

ယောက်ျားပျို၏ လက်တစ်ဖက်က မိန်းမပျို၏ ခါးလေးကို သိုင်းဖက်ထားသည်။ တင်းတင်းကြီးတော့ ဟုတ်ဟန်မတူ။ ခေါင်းချင်းက ဆိုင်ထားသည်။ မျက်နှာချင်းတော့ ပူးနေသည် မဟုတ်။

ကျုံးရေပြင်မှာ လှိုင်းတွန့်လေးတွေကို မြင်နိုင်သေးသည်။ အသံမမြည်သော လှိုင်းတွန့်ကလေးများ။

သူ့ရင်မှာလည်း အသံမမြည်သော လှိုင်းတွန့်လေးတွေ ထနေသည်။ သည်လှိုင်းတွန့်လေးတွေကို ချစ်ပါသည်။ သို့ရာတွင် ကြောက်လည်း ကြောက်ပါသည်။ ချစ်ဖွယ်၊ ကြောက်ဖွယ်သော လှိုင်းတွန့်များ။

ရင်မှာ သူတို့နှင့် ဝေးခဲ့သည်မှာ ကြာပါပြီ။ သည်တစ်သက်မှာ သူတို့ ပြန်မလာတော့ဘူးဟု ထင်ခဲ့သည်။

ယခုတော့ ပြန်လာပြီ . . . ။

ဟိုတစ်ကြိမ်တုန်းကကဲ့သို့ ပြန်လာချေပြီ။

ဟိုတစ်ကြိမ်တုန်းဆီကမူ ကိုယ့်ရင်မှာက ဘာမှ အကာအကွယ်မရှိ။ ပုသိမ်၏ မြေပြန့် ဂေါက်ကွင်းဘေးမှ ကန်သုံးဆင့်ရေပြင်ကြီးလို ဘာမျှ အကာအကွယ်မရှိ။

ဩော် . . . လွမ်းမိရသေးသည်။

ကိုယုကြိုင်က သစ်သားနံပါတ် (၁) ခေါ် ဒရိုက်ဘာကို လွှဲ၍ရိုက်သည်။

ဂေါက်သီးသည် ကိုက်တစ်ရာ့ငါးဆယ်ခန့်မူ တည့်တည့်သွားပြီးမှ လေထဲတွင်ဝိုက်ပြီး ညာဘက်သို့ ကွေ့သွား၏။

ကက်ဒီကလေးငယ်တစ်ဦးက ဂေါက်သီးပုံးမှ ဂေါက်သီးတစ်လုံးကောက်ယူပြီး မြေတွင်စိုက်ထားသော တီတံလေးပေါ်တင်၏။

ကိုယုကြိုင် ရိုက်ပြန်သည်။

တုတ်အဆင်းတွင် ကိုယုကြိုင်၏ ညာပခုံးသည် တည့်တည့်လည်ပြီး ပတ်ဝင်နေကြောင်း မြင့်နွယ် လှမ်းမြင်ရ၏။

ဂေါက်သီးသည် ညာဝေ့မြဲ ဝေ့နေ၏။

ကိုယုကြိုင်က စိတ်ပျက်ဟန် ခေတ္တနားနေရာမှ မြင့်နွယ်ကို လှမ်းမြင်သွားပြီး ပြောသည်။

"အံမယ်လေး ငါက မင်းမလာတော့ဘူးလားလို့"

"ကျွန်တော် နောက်ကျသွားတယ်၊ အခုလည်း ကျွန်တော် ဆယ့်ငါးမိနစ်လောက်ပဲနော်"

"အေးပါကွာ၊ မင်းက တယ်စျေးကိုင်နေတယ်"

